# ကြေးမုံ
**The Mirror Daily**
၁၉၅၇ ဖေဖော်ဝါရီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၈ ခုနှစ် ကဆုန်လပြည့်ကျော် ၃ ရက် အင်္ဂါနေ့ | 24, Tuesday May 2016 | (၈၅၇၁)


**ညီညွတ်ခြင်းသည် ချမ်းသာခြင်း**

ဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်လာခြင်းသည် ချမ်းသာခြင်း၏ အကြောင်းဖြစ်၏။ သူတော်ကောင်းတရားကို ဟောကြားတော်မူခြင်းသည် ချမ်းသာခြင်း၏အကြောင်းဖြစ်၏။ သံဃာ၏ညီညွတ်ခြင်းသည် ချမ်းသာခြင်းအကြောင်းဖြစ်၏။ စိတ်ဓာတ်ညီညွတ်သူတို့၏အကျင့်သည် ချမ်းသာခြင်းအကြောင်းဖြစ်၏။

(ဓမ္မပဒ-၁၉၄)

# ပြည်သူ့အတွက် ပထမ ရက် ၁၀၀



လုပ်ငန်းသုံးယန္တရား ပိုမိုတင်သွင်းခွင့်ပြုခြင်းနှင့် ကန့်သတ်ကုန်အချို့ ကင်းလွတ်တော့မည့် စီးပွား/ကူးသန်း၏ ရက် ၁၀၀

စာမျက်နှာ ၁၆၊ ၁၇

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရုံးမှ ပြည်သူသို့ကျေးဇူးတင်လွှာထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရုံး
ပြည်သူသို့ကျေးဇူးတင်လွှာ
**၁၃၇၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၂ ရက်**
**(၂၀၁၆ ခုနှစ်၊ မေလ ၂၃ ရက်)**

၁။ ရာသီဉတုပြောင်းလဲမှုနှင့် အယ်နီညိုသက်ရောက်မှုဖြစ်စဉ်၏ အကျိုးဆက်အဖြစ် ယခုနှစ် နွေရာသီကာလအတွင်း မြန်မာနိုင်ငံသူ နိုင်ငံသားများအနေဖြင့် အပူချိန်မြင့်မားမှုနှင့် ခရမ်းလွန်ရောင်ခြည်ညွှန်းကိန်းမြင့်မားမှု သဘာဝဘေးဒဏ်ကို ကြုံတွေ့ခံစားနေရသည့်အပြင် နေရာဒေသတော်တော်များများတွင် သောက်သုံးရေ ရှားပါးပြတ်လပ်မှုများနှင့်လည်း ရင်ဆိုင်နေကြရပါသည်။ **စာမျက်နှာ ၃ ကော်လံ ၁ သို့ ✻**

# မလိခစွန့်စားခန်း

**တင့်ဆွေ(ပဲခူး)**

ပြီးခဲ့တဲ့ သင်္ကြန်ရက်အတွင်းမှာ ကျွန်တော် ပူတာအိုကို ခရီးထွက်ခဲ့တယ်။ နွေခေါင်ခေါင် ပူလောင်နေတဲ့ မန္တလေးကနေ လေယာဉ်နဲ့ သွားလိုက်တာမှာ ဖြူနှင်းဆို ပူတာအိုလေဆိပ်ရောက်တော့ အေးလွန်းလို့ အနွေးထည်ထုတ်ဝတ်ရတယ်ခင်ဗျ။ သိပ်အေးတာပဲ။

လက်စသတ်တော့ ပူတာအိုတစ်မြို့လုံးကို အဲကွန်းပေးထားတာကိုး။ ဘယ်လိုအဲကွန်းမျိုးလဲဆိုတော့ ခါကာဘိုရာဇီ၊ ဖုန်ကန်ရာဇီစတဲ့ရေခဲတောင်တွေအနီးမှာ တည်ရှိနေတဲ့အတွက် ရေခဲငွေ့နဲ့ အေးနေတဲ့ သဘာဝအဲကွန်းလို့ ဆိုရပါလိမ့်မယ်။ ရှူရတဲ့လေဟာ လတ်ဆတ်သန့်ရှင်းနေတာကြောင့် အားရပါးရ ရှူလိုက်ရင် စိတ်ထဲမှာ ကြည်လင်လန်းဆန်းလာတာကို သတိထားမိတယ်။

မိုတယ်ရောက်ရောက်ချင်း ဦးစွာဧည့်ခံတဲ့ ဂရိတ်ဖရုသီးဖျော်ရည်ကို သောက်ရတဲ့အခါ ရင်ထဲမှာပါ အေးမြသွားပါတယ်။ ရောက်တဲ့နေ့က ကောင်းမှုလုံဘုရားကို သွားဖူးဖြစ်တယ်။

နောက်တစ်နေ့မနက်မှာ "ဘယ်သွားရင်ကောင်းမလဲ " မေးတော့ ဒေသခံကိုဖေရမ်က "မချမ်းဘော သွား" ဆိုပဲ။ အိုကေ-----ကြိုက်ပြီ။ မာမာအေး သီချင်းရှိတယ်။ "ချစ်စရာမချမ်းဘော" အင်မတန် သာယာချိုအေးတဲ့ တေးတစ်ပုဒ်ပေါ့။ သီချင်းစာသားထဲက -----

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ❖**



မလိခမြစ်ဖြတ် ကြိုးတံတားကိုတွေ့ရစဉ်။

## တောင်သူလယ်သမားများသို့ စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးနိုင်ရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ငွေကျပ် ဘီလီယံ ၅၀၀ ချေးယူခွင့်ပြု

စာမျက်နှာ - ၅

## ပြောရေးဆိုခွင့်ရှိသူ ခန့်ထားခြင်းဖြင့် အများသိသင့်သည်များကို ပြောဆိုနိုင်သလို သိသင့်သည်များ ကြိုတင်ပြောဆိုမှုများဖြင့် ကောလာဟလကို ကြိုတင်ကာကွယ်တားဆီးနိုင်

စာမျက်နှာ - ၅


ASA AUNG NAING SCHOOL OF ACCOUNTANCY
ဦးအောင်နိုင် (ဗွေတာဆိပ်ဆရာ - CPA)
B.Com(Q), CPA, FLCCI (London-UK), DA(LCCI-UK), FFA(IFA-UK)
U Aung Naing-LCCI(official page), ASA aung naing
LCCI Level - I, II, III
တရင်းကိုင်သင်တန်းများ
for 2016, November Exam
ACCA, Dip IFR
ကျောင်းအပ်လက်ခံပြီ
LCCI Approved Centre
အမှတ်- ၂၄၄(တတိယထပ်)၊ မီးပွိုင့်နှင့် ခုံးတံတားကြား၊ ပန်းဆိုးတန်းလမ်း(ထက်)။
Tel: 01-377610, 09-730 66231, 09-730 99752, 09-320 60060

# ကြေးမုံ

## အဂတိလိုက်စားမှုတိုက်ဖျက်ရေး အလေးပေး

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ကို ကျစ်လျစ်စွာဖွဲ့စည်းနိုင်ရေးအတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား မေ ၁၉ ရက်က ပြည်သူ့လွှတ်တော်တွင် တင်သွင်းခဲ့သည်ကို တွေ့ရသည်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေး မူလဥပဒေကို ပြီးခဲ့သည့်အစိုးရလက်ထက် ၂၀၁၃ ခုနှစ်က ပြဋ္ဌာန်းခဲ့ခြင်းဖြစ်သည်။

မူလက ထိုဥပဒေကို လာဘ်ပေးလာဘ်ယူမှုတိုက်ဖျက်ရေးဥပဒေဟုခေါ်ဆိုရာမှ အဓိပ္ပာယ်ပိုမိုကျယ်ပြန့်သည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေဟု ပြင်ဆင်ခဲ့ကြောင်း သိရပါသည်။ ထိုကော်မရှင်အနေဖြင့် ယခုအချိန်အထိ အဂတိလိုက်စားမှုနှင့်ပတ်သက်၍ တရားစွဲဆိုအရေးယူခဲ့သူ ကိုး ဦး၊ ဝန်ထမ်းစည်းမျဉ်းအရအရေးယူခဲ့သူ ၁၂၅ ဦးနှင့် နိုင်ငံတော်ကို ကျပ်သိန်း ၁၀၀ ကျော် ပြန်လည်ပေးသွင်းနိုင်ခဲ့သည့် အရေးယူမှုများသာ ဆောင်ရွက်ထားနိုင်ကြောင်း သိရပါသည်။

အဂတိလိုက်စားမှုဆိုသည်မှာ မည်သည့်အချိန်တွင်မှ သည်းခံခွင့်လွှတ်ရန်ကိစ္စမျိုး မဟုတ်ပေ။ နိုင်ငံတိုင်းက အဂတိလိုက်စားမှုကို တိုက်ဖျက်ရန်ကြိုးစားကြသည်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေး အေဂျင်စီများ ဖွဲ့စည်းကြသည်။ ပြင်းထန်သောဥပဒေများ ပြဋ္ဌာန်းကြသည်။ ပြည်သူလူထုဆိုင်ရာ အရာရှိများအတွက် စည်းမျဉ်းစည်းကမ်းများသတ်မှတ်ကြသည်။ သို့တိုင်အောင် အဂတိလိုက်စားမှုသည် ကင်ဆာရောဂါကဲ့သို့ လူ့အဖွဲ့အစည်းအတွင်း ပျံ့နှံ့လျက်ရှိလေသည်။

အဂတိလိုက်စားမှုနှင့် တိုက်ဖျက်ရေး ထိပ်သီးညီလာခံတစ်ခုကို မေ ၁၄ ရက်က အင်္ဂလန်နိုင်ငံတွင် ကျင်းပခဲ့သည်။ ထိုညီလာခံတွင် ကမ္ဘာပေါ်တွင် အဂတိလိုက်စားမှုအကင်းစင်ဆုံးနိုင်ငံများတွင် ထိပ်ဆုံးမှရှိနေသော စင်ကာပူနိုင်ငံမှ ဝန်ကြီးချုပ်လီရှင်လွန်းက သူ့နိုင်ငံအတွေ့အကြုံကို ဝေမျှသွားခဲ့သည်။

ပထမအချက်အနေနှင့် စင်ကာပူသည် ဗြိတိသျှကိုလိုနီအစိုးရထံမှ သန့်ရှင်းသော၊ အလုပ်ဖြစ်သောစနစ်တစ်ခုကို ရရှိခဲ့သည်။ ၎င်းတို့အနေဖြင့် ကိုယ့်ကြမ္မာကိုယ်ဖန်တီးဖို့ ကိုလိုနီစည်းမျဉ်းဥပဒေများကို အဆုံးသတ်ဖို့ ပြင်းပြတဲ့ဆန္ဒရှိခဲ့သော်လည်း ထိုစနစ်၏ အလုပ်ဖြစ်မှု၊ ခိုင်မာသော အင်စတီကျူးရှင်းများ၊ ဥပဒေများ၊ ကောင်းမွန်သော အရပ်ဘက်အုပ်ချုပ်ရေးနှင့် စွမ်းဆောင်ရည်ရှိပြီး ရိုးသားမှုရှိသော တရားစီရင်ရေးစနစ်တို့ရှိခြင်း၊ အထူးသဖြင့် အဆင့်အတန်းမြင့်သော ကိုလိုနီဝန်ထမ်းအရာရှိများရှိခြင်းတို့အတွက် ထိုစနစ်ကို ဆက်လက်ကျင့်သုံးဖို့ဖြစ်စေခဲ့ကြောင်း၊ ဒါကြောင့်ပဲ လီကွမ်ယူ၏ PAP ပါတီ အာဏာရလာသော ၁၉၅၉ ခုနှစ်တွင် စင်ကာပူသည် ဆင်းရဲမွဲတေမှု၊ လူထုကျန်းမာရေးညံ့ဖျင်းမှု၊ အိမ်ရာမလုံလောက်မှု၊ စီးပွားရေးတုံ့ဆိုင်းမှုများနှင့် လူဦးရေပေါက်ကွဲမှုတို့ပါ ကြုံကြိုက်ခဲ့ခြင်းကို ကျော်လွှားနိုင်ခဲ့ကြောင်း၊ လူထုအုပ်ချုပ်ရေးများ ပျက်ယွင်းနေခြင်းကို ပြုပြင်နိုင်ခဲ့ကြောင်း၊ သူတို့အစိုးရကျမ်းသစ္စာကျိန်ဆိုစဉ်မှာ ဝန်ကြီးများအားလုံးက အဖြူရောင်အင်္ကျီ၊ ဘောင်းဘီများဝတ်ဆင်ပြီး သန့်ရှင်းသောအစိုးရအဖြစ် ဆောင်ရွက်မည်ဆိုသော သင်္ကေတကို ဖော်ပြခဲ့ကြောင်း ပြောခဲ့သည်။

နောက်တစ်ချက်မှာ အဂတိလိုက်စားမှုတိုက်ဖျက်မည်ဆိုသော ခိုင်မာသည့် နိုင်ငံရေးသန္နိဋ္ဌာန်ဖြစ်ကြောင်း၊ အဂတိလိုက်စားသူ တိုက်ဖျက်ရေးအေဂျင်စီသည် လွတ်လပ်ပြီး အရင်းအမြစ်လုံလောက်စွာရှိဖို့လိုကြောင်း၊ မည်သူ့ကိုမဆို စုံစမ်းစစ်ဆေးနိုင်ရမှာဖြစ်ကြောင်း၊ စင်ကာပူတွင် လီကွမ်ယူကိုယ်တိုင် ပိုင်ဆိုင်မှုတစ်ခုကို ဝယ်ယူရာတွင် မလျော်ကန်သော လျှော့စျေးဖြင့် ဝယ်ယူခဲ့သည်ဆိုသော ကောလာဟလအတွက် စစ်ဆေးမှု ခံခဲ့ရဖူးကြောင်း၊ ထိုကိစ္စကို ပါလီမန်တွင် သုံးရက်ကြာဆွေးနွေးခဲ့ပြီး မှားယွင်းစွပ်စွဲမှုဖြစ်တာကိုတွေ့ရှိခဲ့ကြောင်း စသဖြင့် အကျယ်တဝင့် မျှဝေသွားသည်။

အစိုးရတစ်ရပ် သန့်ရှင်းဖို့ဆိုလျှင် ခေါင်ကစ၍လုံရန် လိုပါသည်။ စည်းမျဉ်းစည်းကမ်းစောင့်ကြပ်သူများကို မည်သူက ထပ်မံစောင့်ကြပ်မည်နည်းဆိုသော ပြဿနာရှိပါသည်။ အဓိကအချက်မှာ ထိပ်ဆုံးအဆင့်များကို အသန့်ရှင်းဆုံးဖြစ်အောင် ဆုံးဖြတ်လုပ်ကိုင်ကြရခြင်းပင်ဖြစ်သည်။ ထို့ကြောင့်ပင် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်က လွှတ်တော်အမတ်များ၊ အစိုးရအဖွဲ့ဝန်ကြီးများကို မပြတ်သတိပေးခဲ့ခြင်းဖြစ်သည်။ ထိုသို့အမြဲမပြတ် ဂရုစိုက်နေမှသာ သန့်ရှင်းသော အစိုးရ၊ ကောင်းမွန်သော အုပ်ချုပ်ရေးဆိုသည်ကို မိမိကမပြောရဘဲ ပြည်သူလူထုက အသိအမှတ်ပြုလက်ခံပြောဆိုလာခြင်းမျိုး ဖြစ်လာပါလိမ့်မည်။ ။

## ညောင်ဦး၌ ကျေးရွာ ၂၂၀ တွင် လူထုဗဟိုပြုစီမံကိန်းဆောင်ရွက်နိုင်ရန် သင်တန်းများစတင်ပို့ချ၍ အကောင်အထည်ဖော်လျက်ရှိ

**ညောင်ဦး မေ ၂၃**

ညောင်ဦးတွင် လူထုဗဟိုပြုစီမံကိန်းအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ ကမ္ဘာ့ဘဏ်၏ ထောက်ပံ့ငွေဖြင့် မြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၂၂၀ တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စီမံကိန်းအနေဖြင့် ကျေးရွာနေပြည်သူလူထုအနေဖြင့် ကျေးရွာ၏ အခြေခံလိုအပ်ချက်များဖြစ်သော ရေ၊ မီး၊ လမ်း၊ စာသင်ကျောင်းစသည်တို့တွင် လိုအပ်ချက်များ ပေါ်ပေါက်လာပါက တုန့်ပြန်ဆောင်ရွက်နိုင်စွမ်းတိုးတက်လာစေရန်နှင့် စွမ်းဆောင်ရည်ပြည့်ဝစေရန် ရည်ရွယ်ချက်ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်သည်ဟု သိရသည်။

ယခုအခါ ညောင်ဦးမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများတွင် ကျေးရွာနေပြည်သူများ၏ ဆန္ဒမဲဖြင့်ဖွဲ့စည်းပေးထားသော ကျေးရွာအုပ်စု စီ/ထောက်ကော်မတီများအား ကျေးရွာစီမံခန့်ခွဲမှုသင်တန်းများကို ပို့ချပေးလျက်ရှိသည်။

အဆိုပါသင်တန်းများ ပို့ချပြီးသည့်နောက်တွင်လည်း ကျေးရွာများ၏ အခြေခံလိုအပ်ချက်များအား ကျေးရွာနေပြည်သူလူထုမှ ရွေးချယ်တင်မြှောက်ထားသည့် ကဏ္ဍအလိုက်ကော်မတီများမှ တာဝန်ယူမှု၊ တာဝန်ခံမှုဖြင့် ဆောင်ရွက်သွားကြရမည်ဖြစ်ပြီး ထောက်ပံ့ငွေများအား ကျေးရွာအုပ်စုရှိ လူဦးရေအနည်းအများအလိုက် လူဦးရေ ၃၀၀၀ အောက်ရှိ ကျေးရွာအုပ်စုအား ကျပ်သန်း ၂၀၊ လူဦးရေ ၃၀၀၀ နှင့် ၅၀၀၀ အတွင်းရှိ ကျေးရွာအုပ်စုအား ကျပ်သန်း ၄၀၊ လူဦးရေ ၅၀၀၀ နှင့် ၉၀၀၀ အတွင်းရှိ ကျေးရွာအုပ်စုအား ကျပ်သန်း ၆၀၊ လူဦးရေ ၉၀၀၀ အထက်ရှိ ကျေးရွာအုပ်စုအား ကျပ်သန်း ၁၂၀ စသဖြင့် အသီးသီး ထောက်ပံ့ ပေးအပ်သွားမည်ဖြစ်ကြောင်းသိရသည်။ ယင်းထောက်ပံ့ငွေများဖြင့် ကျေးရွာနေပြည်သူလူထုကိုယ်တိုင် စီမံခန့်ခွဲ၍ ကျေးရွာ၏ ဦးစားပေးဖွံ့ဖြိုးရေး လုပ်ငန်းများကို ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း သိရသည်။

**ရဲသူရအောင်(ညောင်ဦး)**



## သားငါးကဏ္ဍ မွေးမြူထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်မှုဆိုင်ရာ လုပ်ငန်းညှိနှိုင်းစည်းဝေး

**တောင်ကြီး မေ ၂၃**

ရှမ်းပြည်နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနနှင့် ပျားလုပ်ငန်းဌာနတို့၏ သားငါးကဏ္ဍမွေးမြူထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်မှုဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၈ နာရီခွဲက မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပကြောင်း သိရသည်။

ရှမ်းပြည်နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနနှင့် ပျားလုပ်ငန်းဌာနတို့မှ ပြည်နယ်မှူးများမှ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများအား အသီးသီးရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က နိုင်ငံတော်အစိုးရနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကို Focal Ministry အဖြစ် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်ရာတွင် အခြေခံအဆောက်အအုံများဖြစ်သည့် စားနပ်ရိက္ခာဖူလုံရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး၊ စဉ်ဆက်မပြတ်စားနပ်ရိက္ခာထုတ်လုပ်ရေး၊ ကျေးလက်မီးလင်းရေး၊ သန့်ရှင်းသော သောက်သုံးရေရရှိရေးတို့ကို အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း၊ သားငါးကဏ္ဍမွေးမြူထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးကို တာဝန်ယူထားကြသည့်ဝန်ထမ်းများအနေဖြင့် လုပ်ငန်းခွင်တွင် ကာကွယ်ကုသခြင်းနှင့် ပညာပေးဆွေးနွေးခြင်းဆိုသည့် ဝန်ဆောင်မှုလုပ်ငန်းရပ်များအပြင် ပြည်သူလူထုကျန်းမာရေး၊ ပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းရေး၊ မျိုးရိုးဗီဇများ ထိန်းသိမ်းရေး၊ အစားအစာဖူလုံရေးနှင့် အစားအစာသန့်ရှင်းဘေးကင်းရေး စသည့်လုပ်ငန်းရပ်များကို ကျယ်ပြန့်စွာ တာဝန်ယူလုပ်ဆောင်ရန်လိုအပ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါ အခမ်းအနားသို့ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနနှင့် ပျားလုပ်ငန်းဌာနတို့မှ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ဦးစီးမှူးများ၊ ဌာနတာဝန်ခံများတက်ရောက်ကြကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**



ကြေးမုံ
နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဒေါဝ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှိုင်သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ

✱ ရှေ့ဖုံးမှ

၂။ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် မီးသတ်တပ်ဖွဲ့များမှ အထူးအလေးထားလျက် ကူညီပံ့ပိုးမှုများဆောင်ရွက်လျက်ရှိပါသည်။ အလားတူ သောက်သုံးရေရှားပါးပြတ်လပ်နေကြသော နေရာဒေသများသို့ နိုင်ငံသူ နိုင်ငံသား၊ ပုဂ္ဂလိကအလှူရှင်များ၊ ပရဟိတအသင်းအဖွဲ့များ၊ စီးပွားရေးအဖွဲ့အစည်းများ၊ စေတနာရှင်ပြည်သူများက မည်သူ့တိုက်တွန်းနှိုးဆော်ချက်မှမပါဘဲ သွေးရင်းသားရင်း ရိုင်းပင်းခြင်း၊ အားနည်းသူ ကူညီခြင်း စိတ်ရင်းအခံဖြင့် ခက်ခက်ခဲခဲသွားရောက်ကာ သောက်သုံးရေများကိုယ်ထိလက်ရောက် လှူဒါန်းလျက်ရှိကြသည်ကိုလည်း ဝမ်းသာကြည်နူးဖွယ်ရာ တွေ့မြင်ကြားသိနေရပါသည်။ နိုင်ငံတော်တည်ဆောက်ရေးအပါအဝင် ဘေးဒုက္ခများ ကြုံတွေ့လာရချိန်တွင် အရေးကြီး သွေးနီးဆိုသည့်အတိုင်း နိုင်ငံတော်အစိုးရသာမက နိုင်ငံတော်နှင့် နိုင်ငံသူ နိုင်ငံသားများ လက်တွဲညီညီ ပူးပေါင်းဆောင်ရွက်ကြရမည်သာဖြစ်ပါသည်။

၃။ မည်သူ့တိုက်တွန်းချက်မှမပါဘဲ မိမိတို့၏ အများအကျိုး ထမ်းပိုးသယ်ရွက်လိုသော စိတ်ရင်းစေတနာကို အခြေခံ၍ ကူညီမှုဆောင်ရွက်နေသော အသင်းအဖွဲ့များအနက် ရှင်သန်ရေးကူညီမှုအသင်း (NOBLE HEART) သည် သောက်သုံးရေ ရှားပါးပြတ်လပ်နေသော ပြည်သူများအတွက် ထိထိရောက်ရောက် ကူညီဆောင်ရွက်ပေးနိုင်ခြင်း၊ ကူညီမှုများဆောင်ရွက်ရာတွင် စနစ်တကျဆောင်ရွက်နိုင်ခြင်း၊ အကျိုးဖြစ်ထွန်းသည့် အိမ်ထောင်စုနှင့် နယ်မြေဧရိယာကျယ်ပြန့်ခြင်း၊ ရေတိုရေရှားပါးမှု အခက်အခဲများသာမက ရေရှည်အတွက် အခက်အခဲလျော့နည်းစေသော နည်းလမ်းများကိုပါ တိုးချဲ့ဆောင်ရွက်နိုင်ခြင်းရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ ထို့အပြင် သောက်သုံးရေရှားပါးမှု ကြုံတွေ့နေရသော ပြည်သူများ၏ သတင်းအချက်အလက်များကို ကျယ်ပြန့်စွာ သိမြင်စေလျက် ပါဝင်ကူညီဆောင်ရွက်လိုသူ လူငယ်လူရွယ်များ တိုးမြင့်ပါဝင်လာနိုင်စေရန်လည်း ဆောင်ရွက်နိုင်ခဲ့ပါသည်။

၄။ သို့ဖြစ်၍ ယခုနှစ်မေလအတွက် ချီးကျူးဂုဏ်ပြုထိုက်သူအဖြစ် "ရှင်သန်ရေးကူညီမှုအသင်း"အား ရွေးချယ်၍ ဤကျေးဇူးတင်လွှာကို ထုတ်ပြန်လိုက်ပါသည်။

၅။ ရှင်သန်ရေးကူညီမှုအသင်းနည်းတူ နိုင်ငံသူ နိုင်ငံသားများ၊ ပရဟိတစေတနာရှင်များ၊ လူမှုရေးအသင်းအဖွဲ့များအနေဖြင့် မိမိနိုင်ငံ၊ မိမိနိုင်ငံသားများအကျိုးအတွက် နိုင်ငံသားစိတ်ဓာတ်ကို အရင်းခံလျက် ရှေ့သို့ဆက်၍ လျှောက်လှမ်းကြရာ၌ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရန် မေတ္တာရပ်ခံလျက် မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

**အောင်ဆန်းစုကြည်**
**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အိန္ဒိယနိုင်ငံ သံအမတ်ကြီးနှင့် ကိုရီးယားနိုင်ငံ သံအမတ်ကြီးတို့အား သီးခြားစီတွေ့ဆုံ

**နေပြည်တော် မေ ၂၃**

တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီးနှင့် ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီးတို့အား တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာဧည့်ခန်းမဆောင်၌ သီးခြားစီ လက်ခံတွေ့ဆုံခဲ့ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E. Mr. Gautam Mukhopadhaya နှင့် တွေ့ဆုံစဉ် စက်မှုလုပ်ငန်း၊ လူသုံးကုန်နှင့် စားသောက်ကုန်လုပ်ငန်းစသည့် စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ရေး၊ တပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးပိုမိုခိုင်မာမှုရှိရန် လုပ်ဆောင်နိုင်သည့် နယ်ပယ်များတွင် ဆက်လက်ပူးပေါင်း ဆောင်ရွက်ရေးနှင့် ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန်လည်ပတ်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Lee Baek-Soon နှင့် တွေ့ဆုံစဉ် ဒီမိုကရေစီစနစ်ကျင့်သုံးသူများအနေဖြင့် ဒီမိုကရေစီ Practice ကို နားမလည်ပါက နိုင်ငံရေးတည်ငြိမ်မှု မရရှိနိုင်သဖြင့် ယင်းအလေ့အကျင့်များရရှိအောင် လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ လုံခြုံရေးအရ တည်ငြိမ်မှုရှိစေရန်အတွက်လည်း တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်း၍ ထာဝရငြိမ်းချမ်းရေးရရှိအောင် ကြိုးစားဆောင်ရွက်နေကြောင်း၊ ယင်းတည်ငြိမ်မှုများရရှိပါက ယခုထက်ပို၍ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်နိုင်မည့် နယ်ပယ်များ ကျယ်ကျယ်ပြန့်ပြန့်ရရှိနိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ **(မြဝတီ)**



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Lee Baek-Soon နှင့် တွေ့ဆုံစဉ်။ (မြဝတီ)



# ပုံဖော်ထုဆစ်မည့် တည်ဆောက်သောလက်ပိုင်ရှင်များ ကြိုးစားအားထုတ်မှုကြောင့် အမိနိုင်ငံတော်ကြီး၏ အနာဂတ် ပိုမိုတောက်ပြောင်လာမည်ဟုယုံကြည်

**နေပြည်တော် မေ ၂၃**

ရေကြောင်းနှင့် လေကြောင်း လူငယ်မောင်မယ်များအား ဂုဏ်ပြုတွေ့ဆုံပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အနာဂတ်ကို ပုံဖော်ထုဆစ်မည့် တည်ဆောက်သော လက်ပိုင်ရှင်များဖြစ်သည့် မောင်တို့မယ်တို့ ကြိုးစားအားထုတ်မှုကြောင့် အမိနိုင်ငံတော်ကြီး၏ အနာဂတ် ပိုမိုတောက်ပြောင်လာမည်ဟု အပြည့်အဝယုံကြည်ကြောင်း ပြောကြားခဲ့သည်။

ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးအင်အား၊ စစ်ရေးအင်အားနှင့် နိုင်ငံရေးအင်အားများကို တွက်ချက်ကြရာတွင် အလုပ်လုပ်နိုင်သည့် လူဦးရေကို အလေးထားဖော်ထုတ် ထည့်သွင်းတွက်ချက်ကြကြောင်း၊ အဓိကမှာ လူငယ်အင်အားပင်ဖြစ်ပြီး ယင်းလူငယ်များ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးရာများကိုပါ တွက်ဆရကြောင်း၊ ၂၀၁၄ ခုနှစ်တွင် ထုတ်ပြန်ခဲ့သည့် သန်းခေါင်စာရင်းအရ အသက် (၁၀) နှစ်မှ (၂၄) နှစ်ကြားလူငယ်များမှာ နိုင်ငံလူဦးရေ၏ ၃၀ ရာခိုင်နှုန်းနီးပါးရှိကြောင်း၊ ယင်းအဖြေများကို သုံးသပ်ခြင်းဖြင့် နောင်ဆယ်စုနှစ်အနည်းငယ်အတွင်း ဖြစ်လာမည့် နိုင်ငံ၏ အနာဂတ်ကိုမှန်းဆနိုင်ကြောင်း၊ ထိုအနာဂတ်ကို မိမိတို့လူငယ်များ ပိုင်စိုးနိုင်ရန် လိုအပ်ကြောင်း၊ ထိုသို့ ပိုင်စိုးနိုင်ရန်အတွက် ယနေ့လူကြီးများက လုပ်ဆောင်ပေးရမည့်တာဝန်များလည်း ရှိကြောင်း ပြောကြားခဲ့သည်။

ရေကြောင်းလူငယ် အခြေခံနှင့် တန်းမြင့်သင်တန်း အမှတ်စဉ် (၁/၂၀၁၆) နှင့် လေကြောင်းလူငယ် အခြေခံနှင့် တန်းမြင့်သင်တန်း အမှတ်စဉ် (၁/၂၀၁၆) တို့ကို ရေတပ်စခန်းဌာနချုပ်များနှင့် လေတပ်စခန်းဌာနချုပ်များတွင် ၂၀၁၆ ခုနှစ် ဧပြီ ၂၅ ရက်မှ မေ ၂၀ ရက်အထိ ဖွင့်လှစ်သင်ကြားပေးခဲ့ပြီး သင်တန်းကာလနောက်ဆုံးပတ်တွင် သင်တန်းစခန်းများပေါင်းဆုံ၍ စခန်းပေါင်းစုံပြိုင်ပွဲများပြုလုပ်ခြင်း၊ လေ့လာရေးခရီးသွားရောက်ခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

ရေကြောင်းနှင့် လေကြောင်းလူငယ်သင်တန်းများကို ၂၀၁၄ ခုနှစ်မှ စတင်ဖွင့်လှစ်ခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် အခြေခံ သင်တန်းတက်ပြီးသော လူငယ်များအတွက် တန်းမြင့်သင်တန်းများကို ဖွင့်လှစ်ခဲ့ကြောင်း၊ စတင်ဖွင့်လှစ်ချိန်မှ ယနေ့အထိ ရေကြောင်းလူငယ်အခြေခံအဆင့် တက်ရောက်အောင်မြင်ပြီးသူ ၇၀၃ ဦးနှင့် တန်းမြင့်အဆင့် တက်ရောက်အောင်မြင်ပြီးသူ ၂၁၇ ဦးရှိပြီး လေကြောင်းလူငယ် အခြေခံအဆင့် တက်ရောက်အောင်မြင်ပြီးသူ ၁၀၀၂ ဦးနှင့် တန်းမြင့်အဆင့် တက်ရောက်အောင်မြင်ပြီးသူ ၈၀ စုစုပေါင်း ၂၀၀၂ ဦးကို တပ်မတော်မှ မွေးထုတ်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

# အွန်လိုင်းဈေးဝယ်ယူသူအများစုသည် ရန်ကုန်မြို့မှဖြစ်

**ရန်ကုန် မေ ၂၃**

အွန်လိုင်းမှဈေးဝယ်သူများအနက် ၈၀ ရာခိုင်နှုန်းသည် မြန်မာနိုင်ငံ၏ အဓိကမြို့ကြီးများဖြစ်သော ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်တို့မှဖြစ်ကြောင်း အွန်လိုင်းရောင်းဝယ်ရေးဝက်ဘ်ဆိုက်တစ်ခုဖြစ်သော kaymu.com.mm က ထုတ်ပြန်သည့် အွန်လိုင်းဈေးဝယ်မှတ်တမ်းဆန်းစစ်ချက်အရသိရသည်။ ယင်းတို့အနက် ရန်ကုန်မြို့သည် အွန်လိုင်းဈေးဝယ်သူ ၆၀ ရာခိုင်နှုန်းဖြင့် ရပ်တည်နေကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဧပြီလမှာ အွန်လိုင်းက ဈေးဝယ်တဲ့သူတွေရဲ့ ၆၀ ရာခိုင်နှုန်းက ရန်ကုန်မြို့က ဖြစ်ပါတယ်။ ကျေးလက်ဒေသတွေကလည်း အမှာစာတွေ တစ်စတစ်စ ပိုမိုရရှိလာတာကြောင့် အွန်လိုင်းဈေးကွက် ပိုမိုကျယ်ပြန့်လာလိမ့်မယ်လို့ ခန့်မှန်းထားပါတယ်"ဟု kaymu.com.mm ၏ Business Development Executive, Mr.Alexander Wiederin က ပြောသည်။

မိုဘိုင်းဖုန်းနှင့် အင်တာနက်ပျံ့နှံ့မှု အားကောင်းလာသည်နှင့်အမျှ ဝေးလံသည့် ကျေးလက်ဒေသများမှ မှာယူသုံးစွဲလာကြကောင်းသိရသည်။အဆိုပါရောင်းဝယ်မှုများတွင် ဖုန်း၊ ဖုန်းနှင့် ဆက်စပ်ပစ္စည်းများ၊ လက်ပတ်နာရီများ၊ အမျိုးသမီးဝတ်၊ အမျိုးသားဝတ်ဖက်ရှင်ဝတ်စုံများသည် ရောင်းအားကောင်းသော ပစ္စည်းအမျိုးအစားများတွင် ပါဝင်ကြောင်း သိရသည်။

"အခုတစ်လောမှာ အင်္ကျီဒီဇိုင်းလှလှလေးတွေ အွန်လိုင်းကနေတွေ့လို့ တစ်ထည်စမ်းဝယ်လိုက်တယ်။ ဈေးနှုန်းကလည်း သင့်တင့်ပါတယ်။ နောက်ပြီးအိမ်တိုင်ရာရောက် လာရောက်ပို့ပေးတာကြောင့် ခရီးစရိတ်သာမက အချိန်ကုန်လည်းသက်သာပါတယ်။ ဒီတော့ နောက်ထပ်နှစ်ထည်ထပ်မှာထားတယ်။ ဒီစနစ်များများ ကျယ်ပြန့်လာစေချင်တယ်။ စိတ်ဝင်စားပါတယ်"ဟု နိုင်ငံတကာဆက်ဆံရေးမေဂျာမှ ပထမနှစ်ကျောင်းသူ မအေးချမ်းဖြူက ပြောသည်။

**(ဟိန်းစွမ်းသူ)**

■

# မင်္ဂလာဒုံမြို့နယ် အလယ်တန်းကျောင်း ခြံစည်းရိုးအုတ်နံရံ ပြိုကျမှုဖြစ်

**ရန်ကုန် မေ ၂၃**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ဝါယာလက်အောက်ဈေးလမ်းမပေါ်တွင်ရှိသော အမှတ်(၁၁) အခြေခံပညာအလယ်တန်းကျောင်း၏ လမ်းမနှင့်ကပ်လျက်ရှိသော ခြံစည်းရိုးအုတ်နံရံများသည် မေ ၂၃ ရက် ညနေ ၄ နာရီခွဲက မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ယင်းအုတ်နံရံများ ပြိုကျပျက်စီးခဲ့ပြီး ခြံစည်းရိုးနှင့်ကပ်လျက် လမ်းမပေါ်တွင် ဈေးရောင်းလျက်ရှိသော မုန့်ဟင်းခါးရောင်းသူအမျိုးသမီးတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း အနီးရှိ သရက်သီးရောင်းချသူအမျိုးသမီးတစ်ဦးမှာလည်း အနည်းငယ်ထိခိုက်ခဲ့ကြောင်း၊ အသက်အန္တရာယ်မစိုးရိမ်ရကြောင်း သိရသည်။

၎င်းဒဏ်ရာရရှိသူ အမျိုးသမီးကို ရပ်မိရပ်ဖများနှင့်စေတနာရှင် ပြည်သူများက နီးစပ်ရာဆေးခန်းသို့ပို့ဆောင်၍ ကျန်းမာရေးစောင့်ရှောက်မှု ပေးခဲ့ပြီး ပြိုကျပျက်စီးနေသော ကျောင်းခြံစည်းရိုးကိုလည်း ပြန်လည်ပြုပြင်ပေးခဲ့ကြောင်း သိရသည်။

**ကျော်ဝင်း(မှူဝံ)**

■

ကြေးမုံ

မေ ၂၄၊ ၂၀၁၆



# လက်နက်ရောင်းချမှု ပိတ်ပင်ချက်အမိန့် ဗီယက်နမ်အပေါ် ချမှတ်ခဲ့မှု အမေရိကန် အဆုံးသတ်

**ဟနွိုင်း မေ ၂၃**
ဗီယက်နမ်နိုင်ငံအပေါ် ချမှတ်ထားသော လက်နက်ရောင်းချမှု ပိတ်ပင်ချက်အမိန့်ကို ရုပ်သိမ်းလိုက်ပြီဖြစ်ကြောင်း၊ အမေရိကန်ပြည်ထောင်စုက မေ ၂၃ ရက်တွင် ထုတ်ပြန်ကြေညာလိုက်ကြောင်း၊ တောင်တရုတ်ပင်လယ်တွင် တရုတ်နိုင်ငံက စစ်ရေးအရ ပိုမိုလှုပ်ရှားလာခြင်းနှင့်ပတ်သက်၍ အမေရိကန်ကရော ဗီယက်နမ်နိုင်ငံကပါ စိုးရိမ်ပူပန်မှုကြီးထွားနေခြင်းကို ထင်ဟပ်သည့် လုပ်ဆောင်ချက်အဖြစ် ရှုမြင်ရကြောင်း ရိုက်တာ သတင်းဌာနက သတင်းထုတ်ပြန်သည်။

အမေရိကန်သမ္မတ ဘာရက်အိုဘားမားသည် ဗီယက်နမ်နိုင်ငံသို့ ပထမဆုံးအကြိမ် ရောက်ရှိနေစဉ်အတွင်း ယင်းနိုင်ငံအပေါ် ချမှတ်ထားသော လက်နက်ရောင်းချမှုတားမြစ်ပိတ်ပင်သည့်အမိန့်ကို ပြန်လည်ရုပ်သိမ်းပေးလိုက်ခြင်းဖြစ်သည်။

လွန်ခဲ့သည့် ဆယ်စုနှစ်လေးစုခန့်က စစ်ဖြစ်ပွားခဲ့သော မိမိတို့နှစ်နိုင်ငံအကြား ဆက်ဆံရေးကဏ္ဍသစ် ပြန်လည်ဖွင့်လှစ်နိုင်သည့် လက္ခဏာအဖြစ် မြို့တော်ဟနွိုင်းသို့ အမေရိကန်သမ္မတ ရောက်ရှိလာခြင်းဖြစ်ကြောင်း ဗီယက်နမ်တာဝန်ရှိသူများက ပြောကြားသည်။

၁၉၉၅ ခုနှစ်တွင် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး ပြန်လည်ထူထောင်ခဲ့ကြပြီးနောက် ဗီယက်နမ်သို့ လာရောက်သည့် တတိယမြောက် အမေရိကန်သမ္မတတစ်ဦးအဖြစ် သမ္မတအိုဘားမားသည် မြို့တော်ဟနွိုင်းသို့ ရောက်ရှိလာခဲ့သည်။

မိမိတို့ နှစ်နိုင်ငံအကြား ဆက်ဆံရေး ခိုင်မာတိုးတက်လာခြင်းအတွက် ဗီယက်နမ်ခေါင်းဆောင်များကို ချီးကျူးပါကြောင်း သမ္မတအိုဘားမားက သမိုင်းဝင်ခရီးစဉ် စတင်သည့် မေ ၂၃ ရက်တွင် ပြောကြားသည်။

မိမိ၏ သုံးရက်ကြာခရီးစဉ်သည် နှစ်နိုင်ငံအကြားတည်ရှိသော ရင်းနှီးချစ်ကြည်မှုစိတ်ဓာတ်ကို ဗီယက်နမ်ပြည်သူတို့အား ပြသနိုင်လိမ့်မည်ဟု မျှော်လင့်မိကြောင်း သမ္မတအိုဘားမားက ပြောကြားသည်။

**ရိုက်တာ။**

# ဆီးရီးယားတွင် ဗုံးဖောက်ခွဲမှုများကြောင့် အနည်းဆုံး လူ ၇၈ ဦးသေဆုံး

**ဒမတ်စကတ် မေ ၂၃**
ဆီးရီးယားနိုင်ငံ အနောက်မြောက်ပိုင်းတွင် ဗုံးဖောက်ခွဲမှုများကြောင့် လူ ၇၀ ကျော် သေဆုံးခဲ့သည်။ ဒေသခံသတင်းမီဒီယာများက ယင်းဗုံးဖောက်ခွဲတိုက်ခိုက်မှုသည် အိုင်အက်စ်စစ်သွေးကြွအဖွဲ့၏ လက်ချက်ဖြစ်သည်ဟု ဆိုကြသည်။ ဆီးရီးယားအစိုးရသတင်းဌာနက ဗုံးဖောက်ခွဲတိုက်ခိုက်မှုကို ကမ်းခြေမြို့များဖြစ်သည့် တာတက်စ်မြို့နှင့် ဂျဘလန်မြို့များတွင် မေ ၂၃ ရက်က ဖြစ်ပွားသွားခဲ့ခြင်းဖြစ်သည်ဟု ပြောကြားသည်။

တာတက်စ်မြို့တွင် ရပ်နားထားသည့် ကားတစ်စီးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် စုပြုံလာသည့် လူစုလူဝေးကို ပစ်မှတ်ထားသည့် အသေခံဗုံးဖောက်ခွဲတိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟု သတင်းများတွင် ဖော်ပြသည်။

ဗုံးဖောက်ခွဲတိုက်ခိုက်မှုများသည် တာတက်စ်မြို့တောင်ဘက် ကီလိုမီတာ ၄၀ အကွာရှိ ဂျဘလန်မြို့တွင်လည်းဖြစ်ပွားခဲ့ပြီး ဆေးရုံတစ်ရုံကို အသေခံဗုံးဖောက်ခွဲတိုက်ခိုက်မှုတစ်ခုလည်း ပါဝင်သည်ဟု ဆိုသည်။

ဆီးရီးယားအစိုးရသတင်းဌာနက ဗုံးပေါက်ကွဲမှုခုနစ်ခုအတွင်း အနည်းဆုံးလူ ၇၈ ဦးသေဆုံးပြီး လူအများအပြားထိခိုက်ဒဏ်ရာရရှိခဲ့သည်ဟု ပြောကြားသည်။ ဗြိတိန်နိုင်ငံအခြေစိုက် ဆီးရီးယားလူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့က သေဆုံးသူ ၁၀၀ ကျော်ရှိနိုင်သည်ဟု ပြောကြားသည်။

အိုင်အက်စ်စစ်သွေးကြွများသည် ဆီးရီးယားအစိုးရထောက်ခံသူများကို ပစ်မှတ်ထားတိုက်ခိုက်လျက်ရှိသည်ဟု သတင်းများတွင်ဖော်ပြသည်။ **အင်န်အိတ်ချ်ကေ။**



# နှစ်နိုင်ငံ စီးပွားရေးဆက်ဆံမှုမြှင့်တင်နိုင်ရေး ဝန်ကြီးချုပ် နရိန္ဒြာမိုဒီ အီရန်သို့ရောက်ရှိ

**တီဟီရန် မေ ၂၃**
အိန္ဒိယဝန်ကြီးချုပ် နရိန္ဒြာမိုဒီသည် နှစ်ရက်ကြာ ခရီးစဉ်အဖြစ် အီရန်နိုင်ငံသို့ ရောက်ရှိလာကြောင်း၊ အိန္ဒိယနှင့် အီရန်နိုင်ငံအကြား ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် စွမ်းအင်လုပ်ငန်းဆိုင်ရာ ဆက်ဆံရေးမြှင့်တင်နိုင်မည့် ခရီးစဉ်ဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက မေ ၂၃ ရက်တွင် သတင်းထုတ်ပြန်သည်။

ဝန်ကြီးချုပ်မိုဒီသည် ၁၅ နှစ်တာကာလအတွင်း အီရန်နိုင်ငံသို့ လာရောက်သည့် ပထမဆုံးသော အိန္ဒိယဝန်ကြီးချုပ်ဖြစ်သည်။

ဝန်ကြီးချုပ် မိုဒီအား ဂုဏ်ပြုကြိုဆိုသည့် အခမ်းအနားကို မြို့တော် တီဟီရန်ရှိ ဆာဒါဘက်နန်းတော်၌ မေ ၂၃ ရက်က ကျင်းပခဲ့သည်။ ဝန်ကြီးချုပ် မိုဒီအား အီရန်သမ္မတ ဟာဆန် ရူဟာနီက ကြိုဆိုနှုတ်ခွန်းဆက်ခဲ့သည်။

ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူပြီးနောက် နှစ်နိုင်ငံ ခေါင်းဆောင်များသည် မိနစ် ၃၀ ကြာ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ မဟာဗျူဟာအရလည်းကောင်း၊ စီးပွားရေးအရလည်းကောင်း အရေးပါသည့် ကိစ္စရပ်များကို နှစ်နိုင်ငံ ခေါင်းဆောင်များ ဆွေးနွေးခဲ့ကြသည်။

အိန္ဒိယနှင့် အီရန် ကိုယ်စားလှယ်အဖွဲ့များ၏ ဆွေးနွေးပွဲကို ဆက်လက်ကျင်းပခဲ့ကြောင်း၊ အီရန်နိုင်ငံ တောင်ပိုင်း ပင်လယ်ကမ်းရိုးတန်းဒေသရှိ ချားဟာဘာ ဆိပ်ကမ်းဖွံ့ဖြိုးရေး၊ အလူမီနီယံ သတ္တုအရည်ကျိုစက်ရုံ ထူထောင်ရေးနှင့် ရထားလမ်းဖောက်လုပ်ရေးဆိုင်ရာ သဘောတူညီချက်များကို လက်မှတ်ရေးထိုးရန် စီစဉ်ထားကြောင်း သတင်းတွင် ဖော်ပြသည်။ **ပီတီအိုင်။**

# ဖော်လူဂျာမြို့ ပြန်လည်သိမ်းပိုက်ရေး အီရတ်တပ်ဖွဲ့များ ထိုးစစ်ဆင်

**ဘဂ္ဂဒက် မေ ၂၃**
အီရတ်အစိုးရတပ်ဖွဲ့များသည် အိုက်အက်စ်စစ်သွေးကြွအဖွဲ့များ ထိန်းချုပ်ထားသည့် ဖော်လူဂျာမြို့ကို ပြန်လည်သိမ်းပိုက်နိုင်ရေးအတွက် ထိုးစစ်ဆင်တိုက်ခိုက်လျက်ရှိသည်။ အီရတ်အစိုးရတပ်ဖွဲ့များသည် အိုင်အက်စ်စစ်သွေးကြွအဖွဲ့က ၂၀၁၄ ခုနှစ်ကတည်းက ထိန်းချုပ်ထားသည့် ဘဂ္ဂဒက်မြို့တော် အနောက်ဘက် ကီလိုမီတာ ၅၀ ခန့်အကွာမှ ဖော်လူဂျာမြို့ ပြန်လည်သိမ်းပိုက်နိုင်ရေးအတွက် မေ ၂၃ ရက်တွင် စတင်တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

ရှီးယိုက်ပြည်သူ့စစ်များနှင့် ဒေသခံဆွန်နီတိုက်ခိုက်ရေးသမားက မြေပြင်စစ်ပွဲများတွင် အစိုးရတပ်များကို ကူညီထောက်ပံ့ပေးလျက်ရှိသည်။ တိုက်ခိုက်မှုများသည် ဖော်လူဂျာမြို့လယ်ဆီသို့ ရွေ့လျားလျက်ရှိကြောင်း ဒေသခံသတင်းမီဒီယာများကပြောကြားသည်။ အီရတ်အစိုးရတပ်ဖွဲ့များနှင့် အိုင်အက်စ်စစ်သွေးကြွများသည် ဖော်လူဂျာမြို့တောင်ဘက်တွင် အပြန်အလှန်တိုက်ခိုက်လျက်ရှိကြောင်း သတင်းထောက်များက ပြောကြားသည်။

ယင်းစစ်ဆင်ရေးကို အီရတ်ဝန်ကြီးချုပ် ဟိုင်ဒါအယ်လ်အဘာဒီက ကိုယ်တိုင်အမိန့်ပေးဆောင်ရွက်လျက်ရှိပြီး ၎င်းက ဖော်လူဂျာမြို့ကို အမြန်ဆုံးသိမ်းပိုက်နိုင်ရေးအတွက် မြေပြင်တပ်ဖွဲ့များရော လေကြောင်းတိုက်ခိုက်မှုများပါ အသုံးပြုသွားရန် ရည်ရွယ်လျက်ရှိသည်။

ထိုးစစ်ဆင်တိုက်ခိုက်မှုများ မပြုလုပ်မီ အီရတ်အစိုးရတပ်များက ၎င်းတို့၏ ပစ်မှတ်များလွဲချော်မှုမရှိစေရန်၊ အိမ်များတွင် အဖြူရောင်အလံလွှင့်ထူထားရန် သို့မဟုတ် ထွက်ပြေးသည့်အခါများတွင် အဖြူရောင်များဝတ်ဆင်ထားကြရန် ဒေသခံများကို တောင်းဆိုခဲ့သည်။

သို့သော် အိုင်အက်စ်တိုက်ခိုက်ရေးသမားများက ဒေသခံများ သို့မဟုတ် အရပ်သားများအဖြစ် အသွင်ယူဟန်ဆောင်နိုင်သကဲ့သို့ လူများကို ဒိုင်းသဖွယ်အသုံးပြုခုခံကာကွယ်သွားမည်ကို စိုးရိမ်ရသည်။ လေ့လာသူများက အစိုးရတပ်များအနေဖြင့် လူနေထူထပ်သည့် မြို့တွင်းတိုက်ပွဲများတွင် ပိုမိုဂရုစိုက်ရန်လိုအပ်သည်ဟု ပြောကြားသည်။ **အင်န်အိတ်ချ်ကေ။**



# မော်လ်ဒိုက်သမ္မတဟောင်းအား ဗြိတိန်က နိုင်ငံရေးခိုလှုံခွင့်ပြု

**လန်ဒန် မေ ၂၃။** ။ မော်လ်ဒိုက်နိုင်ငံသမ္မတဟောင်း မိုဟာမက်နာရှိအား ဒုက္ခသည်အဆင့်သတ်မှတ်၍ နိုင်ငံရေးခိုလှုံခွင့်ပေးရန် ဗြိတိန်နိုင်ငံက ဆုံးဖြတ်လိုက်ကြောင်း ၎င်း၏ရှေ့နေက မေ ၂၃ ရက်တွင် ပြောကြားသည်။

သမ္မတဟောင်းနာရှိသည် တရားစီရင်စစ်ဆေးခံခဲ့ရပြီးနောက် ၂၀၁၅ ခုနှစ်တွင် ထောင်သွင်းအကျဉ်းချခြင်းခံခဲ့ရသူဖြစ်သည်။ မော်လ်ဒိုက်နိုင်ငံ၌ ပထမဆုံးအကြိမ် ဒီမိုကရေစီနည်းလမ်းနှင့်အညီ ရွေးချယ်တင်မြှောက်ခံခဲ့ရသော သမ္မတတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူနာရှိသည် အကြမ်းဖက်မှုဆိုင်ရာစွဲချက်များအရ ထောင်ဒဏ် ၁၃ နှစ်ကျခံရန် ပြစ်ဒဏ်စီရင်ချက် ချမှတ်ခံခဲ့ရသည်။ ၎င်းသည် ဆေးဝါးကုသမှုခံယူနိုင်ရေးအတွက် ပြည်ပသို့ထွက်ခွာရန် ဇန်နဝါရီလတွင် ခွင့်ပြုချက်ရရှိခဲ့ပြီးနောက် ဗြိတိန်နိုင်ငံသို့ ရောက်ရှိခဲ့သည်

နာရှိအား ပြည်ပသို့ ထွက်ခွာခွင့်ပေးရန် လက်ရှိသမ္မတ အဗ္ဗဒူလာ ယာမင်အား နိုင်ငံတကာအသိုက်အဝန်းက ဖိအားပေးခဲ့သည်။ နာရှိအား ဗြိတိန်နိုင်ငံက နိုင်ငံရေးခိုလှုံခွင့်ပေးလိုက်ပြီဖြစ်ကြောင်း ၎င်း၏ ရှေ့နေ ဟာဆန်လာသစ်က မော်လ်ဒိုက်နိုင်ငံ မြို့တော်မာလီတွင် ပြောကြားသည်။ နိုင်ငံရေးအတိုက်အခံများကို ဖမ်းဆီးထိန်းသိမ်းခြင်းနှင့် လူ့အခွင့်အရေး ချိုးဖောက်မှုများအတွက် သမ္မတ ယာမင်နှင့် မဟာမိတ်များကို ပိတ်ဆို့အရေးယူရန် နာရှိက ပြောကြားခဲ့သည်။ **ရိုက်တာ။**

# တောင်သူလယ်သမားများသို့ စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးနိုင်ရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ငွေကျပ် ဘီလီယံ ၅၀၀ ချေးယူခွင့်ပြု

**နေပြည်တော် မေ ၂၃**

ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင် ဦးကျော်တင့်ဆွေအား ၂၀၁၆ ခုနှစ် မေ ၁၇ ရက်တွင် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးပြီးဖြစ်သည့်အတွက် ကော်မရှင်အဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်ခွင့်ပြုကြောင်း ပြည်ထောင်စုလွှတ်တော် နာယက မန်းဝင်းခိုင်သန်းက ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၂၄) ရက်မြောက်နေ့၌ လွှတ်တော်သို့ အသိပေးကြေညာသည်။

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာနကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနဟုလည်းကောင်း၊ တိုင်းရင်းသားရေးရာဝန်ကြီးဌာနကို တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနဟုလည်းကောင်း ပြောင်းလဲပြင်ဆင်သတ်မှတ်လိုခြင်းနှင့်စပ်လျဉ်း၍ ကလောမဲဆန္ဒနယ်မှ ဒေါ်ပြုံးကေသီနိုင်၊ ကျောက်တော်မဲဆန္ဒနယ်မှ ဦးဦးထွန်းဝင်း၊ ဖရူဆိုမဲဆန္ဒနယ်မှ ဦးပဲ့ဒူ၊ ကရင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးစောယှားဖောင်အွာ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီးမြင့်ဟန်နှင့် စစ်ကိုင်းတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၈)မှ ဦးကိုကိုနိုင်တို့က ဆွေးနွေးကြသည်။

လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအပေါ် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးကိုယ်စား ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က လွှတ်တော်ကိုယ်စားလှယ်များ၏ ထောက်ခံတင်ပြဆွေးနွေးချက်များအနက် စစ်ကိုင်းတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၈)မှ ဦးကိုကိုနိုင်၏ တင်ပြချက်ဖြစ်သည့် ဒုတိယဝန်ကြီးတစ်ဦးခန့်အပ်ရန် တင်ပြဆွေးနွေးမှုကို ကျန်းမာရေးဝန်ကြီးဌာနအား အသိပေးတင်ပြသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဆွေးနွေးသည်။

ထို့ပြင် တိုင်းရင်းသားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးနိုင်သက်လွင်က တိုင်းရင်းသားရေးရာနှင့်ပတ်သက်၍ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနနှင့် တိုင်းရင်းသားရေးရာဝန်ကြီးဌာနဟူ၍ မသဲမကွဲ


ပြည်ထောင်စုဝန်ကြီး
ဒေါက်တာအောင်သူ


ပြည်ထောင်စုဝန်ကြီး
ဦးကျော်ဝင်း

ဖြစ်ခဲ့ပါကြောင်း၊ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်တွင် ပြဋ္ဌာန်းခဲ့သည့် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၈)၌ တိုင်းရင်းသားရေးရာနှင့်ပတ်သက်၍ တိုင်းရင်းသားလူမျိုးများအခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးဥပဒေဟု သတ်မှတ်ခဲ့ပါကြောင်း၊ ထို့ပြင် ပြည်ထောင်စုအစိုးရအဖွဲ့၌ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနဟု သတ်မှတ်ခဲ့ပါကြောင်း၊ ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်ပထမပုံမှန်အစည်းအဝေး၏ အမိန့်ကြေညာစာအမှတ် ၁/၂၀၁၆ ၌ တိုင်းရင်းသားရေးရာဝန်ကြီးဌာနဟု သတ်မှတ်ခဲ့ပါကြောင်း၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနအဖြစ် ဆက်လက်အသုံးမပြုပယ်ဖျက်ပါက ဝန်ကြီးဌာနဖွဲ့စည်းမှုသည် အချိန်ကြာမြင့်သွားမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် တိုင်းရင်းသားလူမျိုးများရေးရာနှင့် တိုင်းရင်းသားရေးရာတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးမှုများသည် ပြည့်စုံသည့်အတွက် လွှတ်တော်မှ သင့်လျော်သည့် အမည်ကို အတည်ပြုပေးပါဟု ပြန်လည်ဆွေးနွေးသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယက မန်းဝင်းခိုင်သန်းက ပြည်ထောင်စုဝန်ကြီးဌာန အမည်ပြောင်းလဲသတ်မှတ်လိုခြင်းနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနတစ်ခုချင်းအလိုက် လွှတ်တော်၏ အဆုံးအဖြတ်ကိုရယူရာ ကျန်းမာရေးဝန်ကြီးဌာနအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအဖြစ် ပြောင်းလဲသတ်မှတ်ခြင်းကို ကန့်ကွက်သူမရှိ အတည်ပြုခဲ့သည်။

ဆက်လက်၍ တိုင်းရင်းသားရေးရာဝန်ကြီးဌာနအား တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနအဖြစ် ပြောင်းလဲသတ်မှတ်ခြင်းကိုလွှတ်တော်၏ ဆန္ဒရယူရာ ကန့်ကွက်သူ (၅)ဦးရှိသော်လည်း ထောက်ခံဆန္ဒမဲများသည့်အတွက် ပြည်ထောင်စုလွှတ်တော်က အတည်ပြုကြောင်း နာယက မန်းဝင်းခိုင်သန်းက ကြေညာသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှပေးပို့သည့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် တောင်သူလယ်သမားများသို့ စိုက်ပျိုးစရိတ်ချေးငွေများထုတ်ချေးနိုင်ရန်လိုအပ်သော ဘဏ္ဍာငွေအတွက် ပြည်ထောင်စုအစိုးရအဖွဲ့က မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ငွေကျပ် ဘီလီယံ ၅၀၀ ချေးယူခွင့်နှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် ၁၇ ဦးက ထောက်ခံဆွေးနွေးခဲ့ကြပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်စောဦး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းတို့က စိုက်ပျိုးစရိတ်ချေးငွေကို အသုံးပြုသွားမည့်အခြေအနေများကို ပြန်လည်ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယက က ပြည်ထောင်စုအစိုးရအဖွဲ့မှ မြန်မာနိုင်ငံတော်ဗဟိုဘဏ်တွင် ငွေကျပ် ဘီလီယံ ၅၀၀ ချေးယူခွင့်နှင့်စပ်လျဉ်း၍ လွှတ်တော်၏ဆန္ဒရယူရာ ကန့်ကွက်သူမရှိသည့်အတွက် အတည်ပြုကြောင်း ကြေညာသည်။ **(သတင်းစဉ်)**

# ပြောရေးဆိုခွင့်ရှိသူ ခန့်ထားခြင်းဖြင့် အများသိသင့်သည်များကို ပြောဆိုနိုင်သလို သိသင့်သည်များ ကြိုတင်ပြောဆိုမှုများဖြင့် ကောလာဟလကို ကြိုတင်ကာကွယ်တားဆီးနိုင်

**နေပြည်တော် မေ ၂၃**

အရည်အချင်းပြည့်ဝသည့် ပြောဆိုခွင့်ရှိသူများကြောင့် ဌာနနှင့် အစိုးရအဖွဲ့၏ Image ကို တိုးတက်စေမည်ဖြစ်ကြောင်း ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ပြောကြားလိုက်သည်။

ဝန်ကြီးဌာနများအလိုက် ပြောရေးဆိုခွင့်ရှိသူများ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပစဉ် ပြည်ထောင်စုဝန်ကြီးက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက မီဒီယာသည် အစိုးရပိုင်းလုပ်ကိုင်ဆောင်ရွက်မှုနှင့်ပတ်သက်ပြီး အများပြည်သူဝေဖန်မှုများကို နားထောင်ဖော်ပြရန် လိုအပ်ကြောင်း၊ ထူးခြားသည့်အကြောင်းအရာများ၊ ပြည်သူသိချင်သည့် အကြောင်းအရာများကို မေးမြန်းသင့်သူများကို မေးမြန်းကာ ပြန်လည်အစီရင်ခံရမည်ဖြစ်ကြောင်း၊ အစိုးရပိုင်းသည် ပြည်သူကို အသိပေးပြောဆိုရန် လိုအပ်ပြီး မီဒီယာအများစုသည် ပြည်သူကိုအသိပေးနေကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

အစိုးရနှင့် မီဒီယာအဖွဲ့အစည်းများအကြား တွဲဖက်လုပ်ကိုင်ရန် လိုအပ်ကြောင်း၊ Access to Information ရရှိရေးကို လုပ်ဆောင်ပေးခြင်းသည် အလွန်အရေးကြီးကြောင်း၊ အစိုးရဌာနအသီးသီး အဆင့်ဆင့်အနေဖြင့် မေးမြန်းမှုများကို ဖြေကြားရန်၊ ပြည်သူသိသင့်သည်များကို ပြောဆိုပေးရန်အတွက် ပြောရေးဆိုခွင့်ရှိသူသည် အလွန်ပင်အရေးကြီးကြောင်း၊ သတင်းထုတ်ပြန်ပေးမှုများလုပ်ခြင်းဖြင့် ရရှိမည့်အကျိုးကျေးဇူးများရှိကြောင်း၊ ပြောရေးဆိုခွင့်ရှိသူ ခန့်ထားခြင်းဖြင့် အများသိသင့်သည်များကို ပြောဆိုနိုင်သလို သိသင့်သည်များကို ကြိုတင်ပြောဆိုမှုများဖြင့် ကောလာဟလကို ကြိုတင်ကာကွယ်တားဆီးနိုင်ကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ အတွင်းရေးမှူး ဦးသီဟစောက သတင်းသမားများ လိုက်နာရန်အတွက် သတင်းမီဒီယာဥပဒေကို ပြဋ္ဌာန်းခဲ့ပြီးဖြစ်ကြောင်း၊ Right to Information Law မှာ အကြမ်းထည်ပြီးစီးနေပြီဖြစ်ပြီး ဆွေးနွေးနေဆဲဖြစ်ကြောင်း၊ ပြောခွင့်ရသူများအတွက် အလွန်အရေးကြီးကြောင်း၊ အတည်ဖြစ်ပြီးပါက နိုင်ငံသားတစ်ဦးသည် ၎င်းဥပဒေအရ အချက်အလက်များ တောင်းဆိုခွင့်၊ ရပိုင်ခွင့်ရှိကြောင်း၊ ပြည်သူများအနေဖြင့် သတင်းအချက်အလက် သိပိုင်ခွင့်ပိုမိုဖြစ်ပေါ်စေကြောင်း ဆွေးနွေးပြောကြားသည်။

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ အဖွဲ့ဝင် ဦးအောင်လှထွန်းက ဒီမိုကရေစီစနစ်တွင် သတင်းအချက်အလက်သိပိုင်ခွင့်အတွက် ငြိမ်းချမ်းစွာ



စုဝေးခွင့်၊ ပုံနှိပ်ထုတ်ဝေခွင့်ရှိကြောင်း၊ ပြည်သူကို အသိပေးရန် အစိုးရတွင်တာဝန်ရှိကြောင်း၊ အမျိုးသားလုံခြုံရေးကို ထိခိုက်စေမည့် အကြောင်းအရာကိုမူ ပြောဆိုခွင့်မရှိကြောင်း၊ အစိုးရ၏ လုပ်ငန်းများကိုချပြရန် ပြောရေးဆိုခွင့်ရှိသူ လိုအပ်ကြောင်း၊ ပြောဆိုခွင့်ရသူသည် အများပြည်သူအတွက် သတင်းအချက်အလက်စုဆောင်းပေးသည့် သတင်းထောက်တစ်ဦးလည်းဖြစ်ကြောင်း၊ ပြည်သူကို သတင်းအချက်အလက် အမြန်ဆုံး အမှန်ဆုံး ပေးနိုင်ရမည်ဖြစ်ကြောင်း ။

လူမှုမီဒီယာများ ပေါ်ထွန်းလာမှုကြောင့် Citizen journalism များ ပေါ်ထွန်းခဲ့ကြောင်း၊ ထို့ကြောင့် မီဒီယာသမားများအပေါ်တွင် ဖိအားများစွာရှိလာကြောင်း၊ သတင်းမြန်ဆန်မှုသည် ကောင်းမွန်သလို ဆိုးကျိုးများလည်းရှိကြောင်း၊ Citizen journalism သည် မိုဘိုင်းဖုန်းဖြင့် ပြည်သူများစိတ်ဝင်စားသည်များကို ချက်ချင်းတင်ပေးသူများကို ခေါ်ဆိုကြောင်း၊ ပြည်သူသိထိုက်သည့်အကြောင်းအရာကို လေးလေးနက်နက်ဖြင့် တင်ပြရေးသားခြင်း၊ ဥပမာ-မှုခင်းကိစ္စများကို ဖော်ထုတ်ရေးသားသူသည် Investigative Journalism ဖြစ်ကြောင်း၊ လူ့ဘောင်လောကကို စောင့်ကြည့်ရေးသားသူများကို Keeping watch dogs ဟု သုံးနှုန်းကြောင်း ဆွေးနွေးပြောကြားသည်။

မဇ္ဈိမမီဒီယာ အယ်ဒီတာချုပ် ဦးစိုးမြင့်က ပြောခွင့်ရသူ၏ ပြောစကားသည် အစိုးရအဖွဲ့တစ်ခုလုံးကို ကိုယ်စားပြုကြောင်း၊ ၎င်း၏ အရည်အချင်း နှစ်ချက်မှာ မိမိဌာန၏လုပ်ငန်းများကို သိရန်လိုအပ်ပြီး ဝန်ကြီးဌာန၏ ကြေညာချက်များကို ထုတ်ပြန်ရန် လုပ်ဆောင်ရမည် ဖြစ်ကြောင်း၊ မီဒီယာအဖွဲ့အစည်းများနှင့် နေ့စဉ် ထိတွေ့မှုရှိရန် လုပ်ဆောင်ရမည်ဖြစ်ပြီး မိမိနှင့်ဆက်သွယ်နေသည့် မီဒီယာနှင့် strong relationship ဖြစ်အောင် တည်ဆောက်ရမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ရန်ကုန်သတင်းစာပညာကျောင်းမှ ဒါရိုက်တာ ဦးရဲနိုင်မိုးက ဝန်ကြီးဌာနများတွင် တိကျသည့် Guidelines များ ရှိရန်လိုအပ်မှု၊ တိကျသည့်မူဝါဒများချမှတ်ထားရန် လိုအပ်မှု၊ ဝန်ကြီးဌာနများအနေဖြင့် ပြောခွင့်ရသူကို သတ်သတ်မှတ်မှတ် ခန့်အပ်ထားရန် လိုအပ်မှု၊ Media plan ကြိုတင်ပြင်ဆင်ထားရန်လိုအပ်မှု၊ ဝန်ကြီးဌာနများက ပြောခွင့်ရသူများအတွက် မည်သည့်အတိုင်းအတာအထိ ပြောခွင့်ရှိသလဲဆိုသည်ကို သတ်မှတ်ထားကာ ပြောပိုင်ခွင့်ပေးထားရန် လိုအပ်မှုတို့ကို ဆွေးနွေးပြောကြားသည်။

ဝန်ကြီးဌာနများအလိုက် ပြောရေးဆိုခွင့်ရပုဂ္ဂိုလ်များက ပြောရေးဆိုခွင့်ရှိသူကိုယ်တိုင် သတင်းအချက်အလက်ရရှိရန် လိုအပ်နေမှုများနှင့် မီဒီယာများနှင့်ဆက်ဆံရာတွင် ကြုံတွေ့ရသည့် အခက်အခဲများကို ရှင်းလင်းဆွေးနွေးခဲ့ပြီး မီဒီယာဆက်စပ်အဖွဲ့အစည်းများနှင့် တစ်သီးပုဂ္ဂလမီဒီယာ ကျွမ်းကျင်သူများက ပြန်လည်သုံးသပ်ဆွေးနွေးကြသည်။

ယနေ့အစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ မီဒီယာဆက်စပ်အဖွဲ့အစည်းများနှင့် တစ်သီးပုဂ္ဂလ မီဒီယာကျွမ်းကျင်သူများ၊ ပြည်ထောင်စုဝန်ကြီးဌာနများအလိုက် ပြောရေးဆိုခွင့်ရပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြသည်။

ဝန်ကြီးဌာနအလိုက် ပြောရေးဆိုခွင့်ရှိသူများအား စွမ်းဆောင်ရည်မြင့်မားလာစေရေးအတွက် သင်တန်းများကို ၂၀၁၆ ခုနှစ် ဇွန်လအတွင်း ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# တစ်ဘီးတည်းလိမ့်သော ခရီးသွားများ

**စောနိုင်(အသုံးချဘောဂဗေဒ)**

**သဟဇာတကမ္ဘာ**

ဘီးတစ်ဘီးတည်းသာ တပ်ထားပြီး ခြေဖြင့်နင်းသွားရသော စက်ဘီးပုံစံမျိုးကို ငယ်စဉ်ကလေးဘဝက ဆပ်ကပ်ထဲတွင် ကြည့်ဖူးခဲ့သည်။ ဆန်းဆန်းပြားပြား တီထွင်မှုခေါင်းစဉ်ဖြင့်လည်း စာအုပ်များ၊ စာစောင်များတွင် တွေ့ခဲ့ဖူးသည်။ လက်တွေ့လောကတွင်မူ ထိုတစ်ဘီးတည်းတပ်ထားသောယာဉ်ကို အသုံးပြုပါက မည်သည့်ခရီးမှ ပေါက်ပေါက်ရောက်ရောက် ရှိလိမ့်မည်မဟုတ်။ အနည်းဆုံး နှစ်ဘီးလောက်ရှိမှသာ အလုပ်ဖြစ်နိုင်သည်။ ဆိုလိုသည်မှာ အဓိပ္ပာယ်ရှိပြီး လက်တွေ့လောက၌ အသုံးဝင်မည့် အခြေအနေမှာ အရာတစ်ခုနှင့်တစ်ခု (သို့မဟုတ်) တစ်ခုနှင့်အများ(သို့မဟုတ်)အများနှင့်တစ်ခု အပြန်အလှန်ဆက်စပ်မှုဖြင့် အမှီသဟဲပြုမှုရှိမှသာ ဖြစ်နိုင်သည်ဟု ဆိုခြင်းပင်။

စကြာဝဠာကြီးထဲ၌ တည်ရှိနေသည့် ကျွန်ုပ်တို့လူသားကမ္ဘာသည်လည်း အခြားဂြိုဟ်များ၊ အရာများနှင့် ထိုနည်းတူစွာပင် အဆက်အစပ်ရှိနေကြ၏။ လောကဓမ္မတာအရ ကြည့်လျှင်လည်း ကမ္ဘာပေါ်ရှိ အခြေအနေများအားလုံးတွင် တစ်ခုတည်း၊ တစ်မျိုးတည်း၊ တစ်ဦးတည်း၊ တစ်ဖွဲ့တည်း၊ တစ်နိုင်ငံတည်း ရပ်တည်လှုပ်ရှား၍ မရနိုင်ပေ။ ထို့ကြောင့် လူ့အဖွဲ့အစည်းများထဲရှိ လူအများသည်လည်း မိမိကျင်လည်ရာလောက၌ တစ်ဦးတစ်ယောက်တည်း ရပ်တည်၍ မရနိုင်ဘဲ ဆက်နွယ်ပတ်သက်၍ လှုပ်ရှားနေရမည်သာဖြစ်သည်။ လူသည် လူမှုရေးသတ္တဝါဖြစ်၍ လူ့အဖွဲ့အစည်းထဲတွင် ပါဝင်လှုပ်ရှားနေသမျှကာလပတ်လုံး ၎င်းတို့၏ အပြုအမူမှန်သမျှ ဤသို့သာ ဖြစ်ပေလိမ့်မည်။ ဤလောကကမ္ဘာသည် အပြန်အလှန်အမှီသဟဲပြုနေသော သဟဇာတအခြေပြုကမ္ဘာဖြစ်၏။

**အလုပ်ပြီးမြောက်ခြင်း အတိုင်းအတာ**

လောကတွင် မည်သည့်ကိစ္စမဆို ရည်မှန်းချက်ထားဆောင်ရွက်မှုသည် လွန်စွာအရေးပါ၏။ ရည်မှန်းချက်မရှိခဲ့လျှင် ဦးတည်ရာမဲ့သည်ဟု ဆိုသည်။ လှော်ခတ်နေသော်လည်း ဦးတည်ရာပန်းတိုင်မရောက်ရာသဖြင့် ခရီးရောက်မှုမသိရသော လှေငယ်ကဲ့သို့ပင်၊ အားထုတ်မှုအခြေအနေကို မည်သို့မျှ တိုင်းတာ၍ မရနိုင်ပေ။ ထို့ကြောင့် အားထုတ်မှုကို တိုင်းတာနိုင်ရန်လည်းကောင်း၊ အလုပ်ဖြစ်ထွန်းအောင်မြင်မှုအခြေအနေကို သိရှိရန်လည်းကောင်း ကြိုတင်လျာထားချက်များ သတ်မှတ်ထားကြရသည်။ ပြည်သူပိုင်ကဏ္ဍမှ အဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍမှ လုပ်ငန်းများတွင် လျာထားချက်များအဖြစ် စီမံချက်များ၊ စီမံကိန်းများ ရေးဆွဲကြရသည်။

လျာထားချက်များသည် ဤအဖွဲ့အစည်းများ၏ လုပ်ဆောင်မည့် ရည်မှန်းချက်ပင်ဖြစ်သည်။ စီမံထားသောကိန်းများကို လျာထားခြင်းဖြစ်ပြီး ထိုလျာထားချက်ကို ရရှိအောင် ဆောင်ရွက်ခြင်းဖြင့် အလုပ်ပြီးမြောက်ခြင်း စွမ်းရည်ကို ပြသနိုင်ပေသည်။ ထို့ကြောင့် စီမံခန့်ခွဲမှု ထိရောက်မှုရှိစေရန် စီမံကိန်းရေးဆွဲရာတွင် အတတ်နိုင်ဆုံး ဆက်စပ်ပတ်သက်နေသော အဖွဲ့အစည်းအသီးသီးမှ ဆွေးနွေးချက်များ၊ အမြင်များ၊ ဆက်စပ်စဉ်းစားသင့်သော အခြေအနေများစသည်ဖြင့် ဘက်ပေါင်းစုံ ပေါင်းစပ်လုပ်ဆောင်မှသာ နောက်ဆုံး၌ လက်တွေ့ကျ၍ အကောင်အထည်ဖော်နိုင်မည့် လျာထားချက်ကို ရရှိပေမည်။

**ရှုထောင့်စုံမှ မစီမံခဲ့ပါလျှင်**

လုပ်ငန်းတစ်ခု၊ အဖွဲ့အစည်းတစ်ခုအနေဖြင့် စီမံကိန်းတစ်ခုရေးဆွဲရာတွင် လူတစ်ဦးတစ်ယောက်တည်း၊ တစ်ဖွဲ့တည်း ဆောင်ရွက်၍မရနိုင်ဘဲ အချိန်ကာလနှင့် အရေးပါမှု နယ်ပယ်ကိုလိုက်၍ ပတ်သက်ဆက်နွယ်ရမည့် လူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ များစွာရှိနိုင်သည်။ နယ်ပယ်အကျယ်အဝန်းကိုလိုက်၍ အထက်အောက်အားဖြင့် အဆင့်ဆင့် ပြည့်စုံစွာဖြင့်လည်းကောင်း၊ ဘေးတိုက်အားဖြင့် ဆက်စပ်အဖွဲ့အစည်း အမျိုးမျိုးပါဝင်လျက် ကျယ်ပြန့်စွာဖြင့်လည်းကောင်း ဆောင်ရွက်ရန်လိုသည်။ ထိုကဲ့သို့မဟုတ်ဘဲ အထက်အောက်အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များ ပြည့်စုံစွာမပါဝင်၊ ဆက်စပ်နေသည့် လူပုဂ္ဂိုလ်အဖွဲ့အစည်း အသီးသီးတို့နှင့်လည်း အချိတ်အဆက်မိမိ ဆောင်ရွက်မှုမရှိပါက စီမံကိန်းလျာထားချက်များသည် လက်တွေ့အခြေအနေနှင့် ကင်းကွာကာ ဆက်လက်အကောင်အထည်ဖော်ရာတွင်လည်း အခက်အခဲများနှင့် ကြုံတွေ့လာရနိုင်သည်။ အချိန်ကြာမြင့်စွာ အားထုတ်သည့်တိုင် မျှော်မှန်းထားသည့်ရလဒ်များ ပေါ်ထွက်မလာနိုင်ပေ။

စတိတ်စင် ကျဉ်းကျဉ်းကလေးပေါ်တွင်သာ လှည့်ပတ်သွားလာနိုင်ပြီး ပွဲကြည့်ပရိသတ်ကို ဖျော်ဖြေသည့်အခါ အသုံးပြုသည့် ဘီးတစ်ဘီးတပ် စတန့်ပြကွက်သုံးဆက်ကပ်ထဲမှ စက်ဘီးကလေးသည် လက်တွေ့လောကတွင်မည်သို့မှ ထိထိရောက်ရောက် အသုံးမပြုနိုင်ပေ။ ပွဲကြည့်ပရိသတ်ကြည့်ကောင်းနိုင်မည့် ပြကွက်တစ်ခုအတွက်သာ အရေးပါပေမည်။ အထက်အောက်အဖွဲ့အစည်းအသီးသီး ပြည့်ပြည့်စုံစုံမပါဝင်၊ အခြားဆက်စပ်စဉ်းစားသင့်သော အချက်အလက်များကို ထည့်သွင်းမစဉ်းစားဘဲ လျစ်လျူရှု၍ အနာဂတ်လျာထားချက်များအတွက် စီမံချက်၊ စီမံကိန်းများ ရေးဆွဲခဲ့ပါလျှင် အချိန်ကာလကြာမြင့်စွာ ပြင်းပြင်းထန်ထန် ကြိုးစားအားထုတ်သော်လည်း အကျိုးရလဒ်မရှိ၊ ခရီးမပေါက်သည့် တစ်ဘီးတည်းလိမ့်နေသည့် စက်ဘီးကိုစီးနင်းရင်း ခရီးသွားနေသကဲ့သို့ ဖြစ်နေပေလိမ့်မည်။ ။

**အထက်အောက်အဖွဲ့အစည်းအသီးသီး ပြည့်ပြည့်စုံစုံမပါဝင်၊ အခြားဆက်စပ်စဉ်းစားသင့်သော အချက်အလက်များကို ထည့်သွင်းမစဉ်းစားဘဲ လျစ်လျူရှု၍ အနာဂတ်လျာထားချက်များအတွက် စီမံချက်၊ စီမံကိန်းများ ရေးဆွဲခဲ့ပါလျှင် အချိန်ကာလကြာမြင့်စွာ ပြင်းပြင်းထန်ထန် ကြိုးစားအားထုတ်သော်လည်း အကျိုးရလဒ်မရှိ၊ ခရီးမပေါက်သည့် တစ်ဘီးတည်းလိမ့်နေသည့် စက်ဘီးကိုစီးနင်းရင်း ခရီးသွားနေသကဲ့သို့ ဖြစ်နေပေလိမ့်မည်။**

## ညောင်ဦးတွင်ဖွင့်လှစ်သည့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်နည်းနှင့် ရေပေးသွင်းခြင်းနည်းပညာသင်တန်းသို့ အစ္စရေးနိုင်ငံမှ စိုက်ပျိုးရေးပညာရှင်နှစ်ဦး သင်ကြားပို့ချမည်

**ညောင်ဦး မေ ၂၃**

အလယ်ပိုင်းမိုးနည်းဒေသဖြစ်သော ညောင်ဦးတွင် ရာသီဥတုပြောင်းလဲလာမှုအပေါ် မူတည်၍ မိမိဒေသနှင့် ကိုက်ညီသော သီးနှံများစိုက်ပျိုးထုတ်လုပ်နိုင်ရန်အတွက် လိုအပ်သည့် ရေသွင်းစိုက်ပျိုးရေး နည်းပညာများတိုးတက်လာစေရန်ရည်ရွယ်၍ မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံဆိုင်ရာ အစ္စရေးနိုင်ငံသံရုံးတို့ ပူးပေါင်းဖွင့်လှစ်သည့် ဟင်းသီးဟင်းရွက်သီးနှံစိုက်ပျိုးထုတ်လုပ်နည်းနှင့် ရေပေးသွင်းခြင်းနည်းပညာ (Production of Horticulture Crop and Irrigation Methods Seminar) သင်တန်းဖွင့်ပွဲကို မေ ၂၃ ရက် နံနက် ၉ နာရီက ညောင်ဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ဖွင့်ပွဲအခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး ဦးကျင်မောင်က အဖွင့်အမှာစကားပြောကြားခဲ့သည်။ ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ အစ္စရေးသံရုံးမှ Deputy chief of mission, Mrs. Kasa Harbor က အမှာစကားပြောကြားရာတွင် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် အစ္စရေးနိုင်ငံသံရုံးတို့ပူးပေါင်း၍ ယခုကဲ့သို့ စိုက်ပျိုးရေးနည်းပညာများမျှဝေပေးရသည့်အတွက် ဝမ်းမြောက်မိပါကြောင်း၊ ယခုသင်တန်းသည် ပထမဆုံးခြေလှမ်းဖြစ်ပြီး ဒီထက်မကသင်တန်းများ ဖွင့်လှစ်ပို့ပေးနိုင်လိမ့်မည်ဟု မျှော်လင့်မိပါကြောင်း၊ ယခင်က မြန်မာနိုင်ငံမှ အစ္စရေးနိုင်ငံသို့ စိုက်ပျိုးရေးနှင့်ပတ်သက်၍ နည်းပညာများ သင်ကြားနိုင်ရန် သင်တန်းသားများစေလွှတ်ခဲ့ရာ ယခုအခါတွင် အစ္စရေးမှ စိုက်ပျိုးရေးပညာရှင်များက လာရောက်ပို့ချစဉ်အတွင်း သင်တန်းသားများအနေဖြင့် သင်တန်းနည်းပြများကို မေးခွန်းများများမေး၍ နည်းပညာများ ဖလှယ်ကြပါဟု တိုက်တွန်းလိုကြောင်း ပြောကြားခဲ့သည်။

အဆိုပါ သင်တန်းကို အစ္စရေးနိုင်ငံမှ စိုက်ပျိုးရေးပညာရှင်နှစ်ဦးဖြစ်သည့် Mr. Shmueal David နှင့် Mr. Elisha Kenig တို့က နည်းပညာများ ဖြန့်ဝေပို့ချသွားမည်ဖြစ်သည်။ သင်တန်းသို့ ညောင်ဦး၊ ကျောက်ပန်းတောင်း၊ မြင်းခြံမြို့များမှ စိုက်ပျိုးရေးဝန်ထမ်း ၂၅ ဦးနှင့် ညောင်ဦးမြို့နယ်အတွင်းရှိ ကျေးရွာများမှ တောင်သူငါးဦး စုစုပေါင်း ၃၀ တက်ရောက်မည်ဖြစ်ပြီး သင်တန်းကာလမှာ မေ ၂၃ ရက်မှ မေ ၂၇ ရက်ထိ ငါးရက် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**ရဲသူရအောင်(ညောင်ဦး)**





## ဟားခါးမြို့၌ အန္တရာယ်ရှိနေအိမ်မှမိသားစုဝင်များအား ဘေးလွတ်ရာသို့ အချိန်မီပြောင်းရွှေ့ပေး

**ဟားခါး မေ ၂၃**

မိုးများအဆက်မပြတ် သည်းထန်စွာရွာသွန်းမှုကြောင့် ဟားခါးမြို့ မြို့သစ်ရပ်ကွက် ဆည်မြောင်းရုံးရှေ့၌ မြေပြိုမှုများ ဖြစ်ပေါ်လျက်ရှိရာ အနီးရှိ ဦးချန်လျှေထန်း၏နေအိမ်သည် အန္တရာယ်ရှိသဖြင့် တာဝန်ရှိသူများက မေ ၂၂ ရက် နံနက် ၁၀ နာရီက ယင်းမိသားစုဝင်များအား ပြောင်းရွှေ့ပေးခဲ့ကြသည်။

ထိုသို့ပြောင်းရွှေ့ပေးရာ၌ ပြည်နယ်အစိုးရအဖွဲ့မှ ခေတ္တအတွင်းရေးမှူး၊ ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ခရိုင်ရဲတပ်ဖွဲ့မှူးနှင့်အဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များက အိမ်ရှင်ဦးချန်လျှေထန်း၏ မိသားစုဝင် ခုနစ်ဦး၊ အိမ်ငှားဦးရှုန်မန်း၏ မိသားစုဝင်ခြောက်ဦးတို့အား ဘေးလွတ်ရာသို့ အချိန်မီပြောင်းရွှေ့နေရာချထားပေးလျက်ရှိကြောင်း သိရသည်။

**ဟားခါးခရိုင် (ပြန်/ဆက်)**

## လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှုသင်တန်းဖွင့်

**ထားဝယ် မေ ၂၃**

လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု အခြေခံသင်တန်းကို ယနေ့နံနက် ၉ နာရီက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ အမှတ်(၉၁) စက်မှုလယ်ယာစခန်း၌ ဖွင့်လှစ်သည်။

တိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးမှူး ဦးထွန်းထွန်းခိုင်က စက်မှုလယ်ယာဦးစီးဌာန တနင်္သာရီတိုင်းဒေသကြီးအနေဖြင့် လယ်ယာမြေဧက ၁၄၀၀ အား ထွန်ယက်ရေး ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်ပေးလျက်ရှိပြီး တောင်သူများ လယ်ယာထုတ်လုပ်မှု စရိတ်သက်သာစေရေး ထွန်ယက်ခနှုန်းထားများကို လျှော့ချသတ်မှတ်ဆောင်ရွက်ပေးလျက် ရှိကြောင်း၊ တောင်သူများ နှစ်သက်သည့်လက်ကိုင်ရှည်ထွန်စက် အစီး ၅၀ အား နှစ်နှစ်သုံးရစ် အရစ်ကျစနစ် ဖြန့်ဖြူးပေးရန် ရန်ကုန်မြို့မှ ထုတ်ယူလျက်ရှိပြီး ယခုလအတွင်း ဖြန့်ဖြူးမည်ဖြစ်ကြောင်း ပြောကြားသည်။

သင်တန်းတွင် ထားဝယ်မြို့ အမှတ်(၉၁) စက်မှုလယ်ယာစခန်းမှ ဒုတိယဦးစီးမှူး ဦးမင်းလွင်ဦးပါ သုံးဦးက ထားဝယ်ခရိုင်(၄)မြို့နယ်မှ သင်တန်းသား ၃၀ အား စာတွေ့၊ လက်တွေ့ စနစ်တကျ သင်ကြားပြီး မေ ၂၃ ရက်မှ မေ ၂၇ ရက်အထိ သင်ကြားပို့ချပေးမည်ဖြစ်သည်။ အဆိုပါ စက်ကိရိယာများအား နေ့စဉ်၊ အပတ်စဉ်၊ လစဉ် ပြုပြင်ထိန်းသိမ်းမှု လုပ်ငန်းများကိုပါ သင်ကြားပို့ချသွားမည် ဖြစ်ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

ကြေးမုံ

**ပြည်သူ့သဘောထားစင်မြင့်**

*တိုင်းပြည်၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့နှင့်စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကိုမူ သတင်းစာ၏မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင်ပါရှိသမျှတို့သည် သက်ဆိုင်ရာဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)*

# လွတ်လပ်သောဒီမိုကရေစီနှင့် ထိုက်တန်သောလူမျိုး

**Mမောင်မောင်**

ကမ္ဘာပေါ်တွင် မည်သည့်အစိုးရမှ ငွေမရှိဘဲ တိုင်းပြည်နိုင်ငံအုပ်ချုပ်ရေးတာဝန်ကို ဆောင်ရွက်မသွားနိုင်ချေ။ ထို့ကြောင့် ကိုယ့်အစိုးရအား ကျသင့်သောအခွန်ဘဏ္ဍာများကို ကြည်သာပျူငှာစွာပေးဆောင်ခြင်းသည်ပင် လွတ်လပ်သောလူမျိုးအဖြစ် ထင်ရှားစေသောမှတ်ကျောက်ပင်ဖြစ်ပေသည်။

အထက်ပါ စာသားမှာ ၁၉၄၇ ခုနှစ် မတ်လ ၂၁ ရက် ည ၈ နာရီ မိနစ် ၃၀ အချိန်တွင် ဗိုလ်ချုပ်အောင်ဆန်း၏ အသံလွှင့်ချက်မိန့်ခွန်းမှ ကောက်နုတ်ချက်ဖြစ်သည်။ ထိုအချိန်ကာလသည် လွတ်လပ်ရေးရအံ့ဆဲဆဲကာလဖြစ်သည်။ တောင်သူလယ်သမားများသည် နယ်ချဲ့အစိုးရအား ဆန့်ကျင်တိုက်ခိုက်သည့်အနေဖြင့် မြေခွန်တော်မပေးရေး၊ သီးစားခမပေးရေး၊ အမတော်ကြေး ပြန်မဆပ်ရေးအတွက် သွေးဆောင်လှုံ့ဆော်နေမှုကြောင့် ဗိုလ်ချုပ်အောင်ဆန်းက ထိုမိန့်ခွန်းကို ပြောရခြင်းဖြစ်သည်။ ထိုမိန့်ခွန်းတွင် တိုင်းသူပြည်သားများက အခွန်ပေးရန် ငြင်းဆန်နေလျှင် တိုင်းပြည်၏ စီးပွားရေးကို ဖြိုခွဲခြင်းဖြစ်၍ နိုင်ငံစီးပွားရေးပြိုကွဲသွားပါက အများဆုံးအနစ်နာခံရသူတို့မှာ တိုင်းသူပြည်သားလူထုပင်ဖြစ်ကြောင်း၊ မည်သည့်တိုင်းပြည်မဆို တိုင်းသူပြည်သားတို့က တိုင်းချစ်၊ ပြည်ချစ်၊ မျိုးချစ်ပုဂ္ဂိုလ်ပီပီ ဤအခြေခံ ပြည်သူ့ဝတ္တရားဖြစ်သော အခွန်ပေးဆောင်ရန်တာဝန်ကို ထမ်းရွက်ချင်စိတ်မရှိလျှင် လွတ်လပ်ရေးမရနိုင်။ တည်တံ့သောဘဏ္ဍာရေးအုတ်မြစ်ကို မတည်ဆောက်နိုင်ဘဲ လွတ်လပ်ရေးမှာမမြဲနိုင်ကြောင်း၊ မိမိတိုင်းပြည်၏ အခွန်ဘဏ္ဍာကို အားမကိုးဘဲ နိုင်ငံခြားသားတို့၏ ထောက်ပံ့ချေးငှားမှုကို အားကိုးနေသမျှကာလပတ်လုံး နိုင်ငံတကယ်လွတ်လပ်ရေးမရနိုင်ကြောင်း၊ အခွန်မပေးဘဲနေသူများကို မြန်မာပြည်လွတ်လပ်ရေးမရအောင် တိုက်ခိုက်တားဆီးနေသူများဟု ဆိုရမည်ဖြစ်ကြောင်း အခွန်ကိစ္စနှင့်ပတ်သက်၍ လိုတိုရှင်း ထောက်ပြခဲ့သည်။

ထိုခေတ်၊ ထိုအခါက လွတ်လပ်ရေးကြိုးပမ်းဆဲကာလဖြစ်၍ လွတ်လပ်ရေးနှင့်အခွန်ဘဏ္ဍာ၊ အခွန်နှင့် တိုင်းပြည်စီးပွားရေးကို အလေးထားပြောကြားခဲ့ခြင်းဖြစ်ပေလိမ့်မည်။ ယနေ့ခေတ်အခါသည် ဒီမိုကရေစီထွန်းကားအောင်ကြိုးပမ်းဆဲကာလဖြစ်၍ ဗိုလ်ချုပ်သာရှိလျှင် ဒီမိုကရေစီနှင့်အခွန်၊ အခွန်နှင့် တိုင်းပြည်စီးပွားရေးကို အလေးထားပြောပြလေမလား တွေးမိသည်။ လွတ်လပ်ရေးမရမီကာလက မြေခွန်တစ်မျိုးတည်းကိုသာ အဓိကကောက်ခံခဲ့ခြင်းဖြစ်သည်။ ယခုအခါ မြေယာပေါ်တွင် ကောက်ခံသည့်အခွန်က လွန်စွာနည်းပါးပြီး အဓိကကောက်ခံသည့် ပြည်တွင်းအခွန်အကောက်သည် ဝင်ငွေခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန်ဖြစ်သည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် စတင်အကျိုးသက်ရောက်မည်။ အထူးကုန်စည်ခွန်တစ်မျိုးထပ်တိုးလာသည်။ ဝင်ငွေခွန်သည် လူတိုင်းပေးဆောင်ရသည့်အခွန်မျိုး မဟုတ်ပေ။ စီးပွားရေးလုပ်ငန်းခိုင်ခိုင်မာမာရှိပြီး ဝင်ငွေများများရသူတို့က အခွန်များများပေးဆောင်ရခြင်း ဖြစ်သည်။ ဝင်ငွေမခိုင်မာသူများ၊ လမ်းဘေးဈေးသည်များ ဝင်ငွေခွန်ဆောင်ရလေ့မရှိပါ။ ကုန်သွယ်လုပ်ငန်းခွန်သည် လူတိုင်း(စားသုံးသူတိုင်း) ပေးဆောင်ရသော သွယ်ဝိုက်ခွန်အမျိုးအစားဖြစ်သည်။ ထပ်တိုးလာသော အထူးကုန်စည်ခွန်သည် အထူးကုန်စည်အဖြစ် သတ်မှတ်ထားသော ကုန်စည် ၁၆ မျိုးအပေါ် ကောက်ခံသည့်အခွန်ဖြစ်သည်။

မြန်မာနိုင်ငံသည် လွတ်လပ်ရေးရရှိပြီးနောက် ပါလီမန်ဒီမိုကရေစီခေတ်၊ အိမ်စောင့်အစိုးရခေတ်၊ တော်လှန်ရေးကောင်စီခေတ်၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်၊ နဝတ၊ နအဖခေတ်၊ ၂၀၁၁ ခုနှစ် ပြည်ထောင်စုအစိုးရခေတ် စသဖြင့် စနစ်အမျိုးမျိုး၊ ခေတ်အမျိုးမျိုးကို ကာလရှည်ကြာစွာ ဖြတ်သန်းခဲ့ရသဖြင့် ယနေ့တိုင် စီးပွားရေးလည်း တည်ငြိမ်မှုမရှိသေး၊ ငွေကြေးလည်း တည်ငြိမ်မှုမရှိသေးပေ။ ထို့ကြောင့် အခွန်အကောက်စနစ်သည်လည်း မြေစမ်းခရမ်းပျိုး အမျိုးမျိုးစမ်းသပ်လျက်ပင်ရှိနေပေသေးသည်။ အခွန်အကောက်စနစ်သည် စီးပွားရေးစနစ်၊ ငွေကြေးစနစ်တို့နှင့် အပြန်အလှန်လိုက်လျောညီထွေရှိရပါသည်။ စီးပွားရေးစနစ်မမှန်လျှင် အခွန်အကောက်စနစ်လည်း မမှန်၊ ငွေကြေးစီးဆင်းမှုလည်း မမှန်တော့ပေ။ ထိုအခါ သာသူကသာ၊ နာသူကနာပြီး ဆင်းရဲချမ်းသာကွာဟမှုမြင့်မားလာမည်။ ထိုသို့ဖြစ်လာလျှင် အများစုဖြစ်သော ပြည်သူတို့သာ နစ်နာကြရပေလိမ့်မည်။ ယနေ့ အချိန်အခါသည် ဒီမိုကရေစီစနစ် ထွန်းကားရေးအတွက် ဦးတည်သွားနေသော အချိန်အခါဖြစ်သည်။ ဤကဲ့သို့သောအချိန်အခါမျိုးတွင် အခွန်တိမ်းရှောင်သူများ၊ အခွန်လျော့နည်းပေးဆောင်သူများကို ဗိုလ်ချုပ်စကားနှင့် ဖလှယ်၍ပြောရလျှင် ဒီမိုကရေစီစနစ်ကို အတိုက်အခံလုပ်သူများဟု ဆိုရပါလိမ့်မည်။

၂၀၁၆ ခုနှစ် ပြည်ထောင်စုအစိုးရသစ်ကို ပြည်သူတို့ယုံကြည်ကိုးစားစွာ မဲပေးရွေးချယ်ခဲ့ခြင်းဖြစ်သည်။ အစိုးရသစ်တက်လာသည်နှင့် တိုင်းပြည်ကို နတ်ရေကန်ထဲချလိုက်သလို ချက်ချင်းလက်ငင်း ပြောင်းလဲတိုးတက်လာလိမ့်မည်တော့မဟုတ်ပေ။ အစိုးရသစ်အနေဖြင့် ပြဿနာတွေတစ်ထွေးကြီးကို ရင်ဝယ်ပိုက်တက်လာရသည်ကို ပြည်သူတို့ သိပြီးဖြစ်ကြပါသည်။ ဝန်ကြီးဌာနအသီးသီးပြုပြင်ပြောင်းလဲရန် များစွာရှိသည်။ ရက် ၁၀၀ နှင့် လုံလောက်လိမ့်မည်မဟုတ်ပေ။ ပြုပြင်ပြောင်းလဲရန် များစွာရှိသည့်အနက် အခွန်အကောက်စနစ်ပြုပြင်ပြောင်းလဲရန်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ ထိုသို့ပြုပြင်ပြောင်းလဲရာတွင် ကိုယ်တင်မြှောက်သည့် ကိုယ့်အစိုးရကို ပြည်သူတို့က ဝိုင်းဝန်းကူညီကြရန်ဖြစ်သည်။

ယနေ့အချိန်အခါတွင် မီဒီယာကဏ္ဍအထိုက်အလျောက် လွတ်လပ်မှုရှိလာပြီး ဆက်သွယ်ရေးနည်းပညာတိုးတက်လာသည်နှင့်အမျှ အခွန်အကောက်ကိစ္စကို ပုံနှိပ်မီဒီယာများမှာရော ဖေ့စ်ဘွတ်စာမျက်နှာများမှာပါ ဝေဖန်တိုက်ခိုက်မှုများကို တွေ့ရှိနေရသည်။ မဖြစ်စလောက်သော အခွန်ဆိုင်ရာအသိအမြင်လေးဖြင့် ထင်ရာမြင်ရာ ပြောဆိုနေကြခြင်းဖြစ်သည်။ ထိုသို့ မဖြစ်သင့်ပါ။ ဒီမိုကရေစီလိုလားသော ပြည်သူများအနေဖြင့် ပြုပြင်ပြောင်းလဲရေးတွင် နည်းမှန်၊ လမ်းမှန်ဆောင်ရွက်ကြစေလိုပါသည်။ ပြည်သူတို့၏ ဆန္ဒအမှန်ပြည်သူ့အသံကို လွှတ်တော်အသံဖြစ်အောင် ဆောင်ရွက်နိုင်ကြပါသည်။ ဒုတိယအကြိမ် လွှတ်တော်ကိုယ်စားလှယ်များသည် လွှတ်တော်နားရက်များတွင် မဲဆန္ဒရှင်ပြည်သူတို့ထံ အရောက်သွား၍ လူထုနှင့် တွေ့ဆုံဆွေးနွေးပွဲများ ပြုလုပ်နေသည်ဟု သိရပါသည်။ ထိုတွေ့ဆုံဆွေးနွေးပွဲများတွင် မိမိတို့၏ ဆန္ဒအမှန်ကို ပွင့်ပွင့်လင်းလင်း ဖော်ပြခွင့် ရှိပါသည်။

နမူနာအားဖြင့်ပြောရလျှင် ပြီးခဲ့သည့် ဧပြီ ၃၀ ရက်က မအူပင်မြို့နယ် ငရွှေဝါခန်းမတွင် မဲဆန္ဒရှင်ပြည်သူတို့နှင့် လွှတ်တော်ကိုယ်စားလှယ်များ တွေ့ဆုံခဲ့ကြသည်ဟု သိရသည်။ ထိုတွေ့ဆုံပွဲတွင် ပြည်သူလူထုက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကို ပြည်ထဲရေးဝန်ကြီးဌာန လက်အောက်မှ သမ္မတရုံးဝန်ကြီးဌာနလက်အောက်သို့ ထည့်သွင်းရန်ကိစ္စ လွှတ်တော်သို့တင်ပြပေးရန် တောင်းဆိုခဲ့သည်ဟုဆိုပါသည်။ထို့အပြင် လယ်ယာမြေကိစ္စအတွက် အချက် ၁၃ ချက်ပါတောင်းဆိုချက်ကို ကြောင်းကျိုးဖော်ပြ၍ တောင်းဆိုခဲ့သည်ဟု သိရသည်။ ထိုတောင်းဆိုချက်များဖြစ်နိုင်၏၊ မဖြစ်နိုင်၏ဆိုတာ ဤတွင် မပြောလိုပါ။ သို့ရာတွင် မအူပင်မြို့နယ်က မဲဆန္ဒရှင်ပြည်သူလူထု၏ ဒီမိုကရေစီနည်းလမ်းကျစွာ ဆောင်ရွက်မှုကိုလည်းကောင်း၊ ထိုမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏ တာဝန်ကျေပွန်မှုကိုလည်းကောင်း အသိအမှတ်ပြုချီးကျူးရပေလိမ့်မည်။

အခွန်အကောက်စနစ် ပြုပြင်ဆောင်ရွက်စေလိုလျှင် အထက်ပါအတိုင်း နည်းလမ်းတကျ ကြောင်းကျိုးဖော်ပြ ဆောင်ရွက်နိုင်ပါသည်။ လက်ရှိအခွန်အကောက်စနစ်သည် လည်းကောင်း၊ တည်ဆဲအခွန်ဥပဒေပြဋ္ဌာန်းချက်များနှင့် အခွန်နှုန်းများသည်လည်းကောင်း ပြည်သူတို့အပေါ် ဖိစီးမှုဖြစ်နေပါသလား။ ဥပဒေဆိုင်ရာတွင် မည်သည့် ချွတ်ယွင်းချက်၊ အခွန်ဆိုင်ရာ စီမံခန့်ခွဲမှုတွင် မည်သို့ချွတ်ယွင်းချက်၊ လူပုဂ္ဂိုလ်ဆိုင်ရာ မည်သည့်ချွတ်ယွင်းချက်ရှိသည် စသဖြင့် ပြည်သူတို့၏ ဆန္ဒအစစ်အမှန်ကို ပြည်သူ့အသံ၊ လွှတ်တော်အသံဖြစ်အောင်ဆောင်ရွက်၍ လွှတ်တော်သို့ အရောက်ပို့ရပါလိမ့်မည်။ သို့မှသာ ပြုပြင်ဆောင်ရွက်နိုင်ပါမည်။

အစကို ပြန်ကောက်ရလျှင် ဗိုလ်ချုပ်အောင်ဆန်း၏ အခွန်ဆိုင်ရာမိန့်ခွန်းတွင် ကိုယ့်အစိုးရအား ကျသင့်သော အခွန်ဘဏ္ဍာများကို ကြည်သာပျူငှာစွာ ပေးဆောင်ခြင်းသည်ပင် လွတ်လပ်သောလူမျိုးအဖြစ် ထင်ရှားသောမှတ်ကျောက်ဖြစ်သည်ဟု ဆိုပါသည်။ ယနေ့ ဒီမိုကရေစီခေတ်တွင် ဗိုလ်ချုပ်သာ သက်ရှိထင်ရှားရှိနေပါလျှင် ကိုယ့်အစိုးရအား ကျသင့်သော၊ ဆောင်သင့်ဆောင်ထိုက်သော အခွန်ကို ပြည့်ပြည့်ဝဝကြည်သာပျူငှာစွာ ထမ်းဆောင်ကြလျှင် လွတ်လပ်သော၊ ဒီမိုကရေစီနှင့် ထိုက်တန်သော လူမျိုးအဖြစ် ထင်ရှားသောမှတ်ကျောက်ပင်ဖြစ်သည်ဟု ဆိုလေမည်လားမသိ။ ॥

> **အခွန်အကောက်စနစ်ပြုပြင်ဆောင်ရွက်စေလိုလျှင် အထက်ပါအတိုင်း နည်းလမ်းတကျ ကြောင်းကျိုးဖော်ပြ ဆောင်ရွက်နိုင်ပါသည်။ လက်ရှိအခွန်အကောက်စနစ်သည် လည်းကောင်း၊ တည်ဆဲအခွန်ဥပဒေပြဋ္ဌာန်းချက်များနှင့် အခွန်နှုန်းများသည်လည်းကောင်း ပြည်သူတို့အပေါ် ဖိစီးမှုဖြစ်နေပါသလား။ ဥပဒေဆိုင်ရာတွင် မည်သည့်ချွတ်ယွင်းချက်၊ အခွန်ဆိုင်ရာစီမံခန့်ခွဲမှုတွင် မည်သို့ချွတ်ယွင်းချက်၊ လူပုဂ္ဂိုလ်ဆိုင်ရာ မည်သည့်ချွတ်ယွင်းချက်ရှိသည် စသဖြင့် ပြည်သူတို့၏ ဆန္ဒအစစ်အမှန်ကို ပြည်သူ့အသံ၊ လွှတ်တော်အသံဖြစ်အောင် ဆောင်ရွက်၍ လွှတ်တော်သို့အရောက် ပို့ရပါလိမ့်မည်။ သို့မှသာ ပြုပြင်ဆောင်ရွက်နိုင်ပါမည်။**

## ကျေးရွာအရောက် ရွေ့လျားစာကြည့်တိုက်များ ဆောင်ရွက်

**နတ်မောက် မေ ၂၃**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းတို့ ပူးပေါင်း၍ မေ ၂၃ ရက် နံနက် ၁၀ နာရီတွင် ရွေ့လျားစာကြည့်တိုက်အဖြစ် ရွာမွန်ကျေးရွာ၌ ဆောင်ရွက်ခဲ့သည်။



အဆိုပါကျေးရွာသို့ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းယာဉ်တွင် ပါရှိသည့် သုတ၊ ရသစာအုပ်မျိုးစုံအား ကျေးရွာရှိ ပြည်သူများနှင့် ကျောင်းသားကျောင်းသူလေးများကို စာအုပ်များငှားရမ်းပေးခြင်း၊ မြို့နယ် ပြန်/ဆက် စာကြည့်တိုက်မှူး ဒေါ်ဝင်းမေထွန်း (စာ/ထောက် -၃)မှ ရွာမွန်ကျေးရွာ သက္ကရာဇ် ဘော်ဒါရှိ ကျောင်းသားကျောင်းသူလေးများကို အသိပညာပြည့်ဝဖို့ လူတိုင်းစာဖတ်ကြပါစို့နှင့် မူးယစ်အစ ဆေးလိပ်က ခေါင်းစဉ်တို့ဖြင့် ဟောပြောခဲ့ပြီး ဓာတ်ပုံပြပွဲနှင့် နံရံကပ်စာစောင်များကို ကလေးငယ်များ အသိပညာဗဟုသုတရရှိစေရန် ပြသခဲ့ကြောင်း သိရသည်။

**လှဝင်း(နတ်မောက်)**



## အားလုံးအတွက် သမိုင်းပေးတာဝန်

မကြာသေးမီက ဂျီ-၇ ဆွေးနွေးပွဲသို့ အဖွဲ့ဝင်နိုင်ငံများမှ ပညာရေးဝန်ကြီးများ တက်ရောက်ပြီး ကမ္ဘာတစ်ဝန်း၌ ရင်ဆိုင်နေရသည့် ကိစ္စရပ်များကို ပညာရေးဖြင့်ဖြေရှင်းနိုင်ရေး ဆွေးနွေးခဲ့ကြသည်ကို ကြားသိလိုက်ရသည်။ အစည်းအဝေးတွင် စစ်ဘေးရှောင်ဒုက္ခသည်များအရေးနှင့် ဆင်းရဲမှုပပျောက်ရေးအပါအဝင် ကမ္ဘာတစ်ဝန်း ငြိမ်းချမ်းရေးဆိုင်ရာ သဘောတူညီမှုရရှိရေး စသည့်ကိစ္စရပ်များကို အဆင့်မြင့်ပညာရေးဖြင့် ဖြေရှင်းနိုင်ရေးအတွက် စက်မှုထွန်းကားသော နိုင်ငံအချင်းချင်း ပိုမိုပူးပေါင်းဆောင်ရွက်မှုများပြုလုပ်ရန် ကတိပြုခဲ့ကြသည်။

"ပညာနှင့်တူသော အလင်းရောင်သည်မရှိ" အဆိုအမိန့်အတိုင်း အမြော်အမြင်ကြီးမားသူတို့က ပညာရေးကို ရှေ့တန်းတင်ဦးစားပေးသည့်သဘောဖြစ်သည်။ ပညာသည် ၂၁ ရာစုပညာခေတ်တွင် ပို၍အရေးပါလာသည်။ အဆင့်မြင့်ပညာ တစ်နည်း မြင့်မားသောပညာ ဖြစ်ထွန်းရန်အတွက် အခြေခံစနစ်ခိုင်မာဖို့လိုသည်။ အခြေခံပညာတွင် KG ပညာရေးသည် အစဦးဖြစ်သည်။ ပြောင်းလဲလာသော ခေတ်စနစ်နှင့်အညီ ထိရောက်သော ဖွံ့ဖြိုးတိုးတက်မှုကိုရရှိနိုင်စေရန် မြန်မာနိုင်ငံတွင် စတင်အကောင်အထည်ဖော်နေသည်ကို တွေ့ရသည်။

KG ပညာရေးကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လွှမ်းခြုံနိုင်အောင် စီမံအကောင်အထည်ဖော်နေသလို တစ်ရွာ တစ်ကျောင်း၊ ဆရာတစ်ယောက်မှ ဆရာခြောက်ယောက်အထိ ခန့်ထားပေးနိုင်ရေး ဦးစားပေးစီမံထားသည်။ နေ့စားလပေးဆရာများ ခန့်ထားပေးသည့် အစီအမံမှာလည်း ဆရာလိုအပ်ချက်ကို တတ်နိုင်သည့်ဘက်မှ ဖြည့်ဆည်းပေးလိုက်ခြင်းဖြစ်သည်ဟု ယူဆနိုင်သည်။ ဆရာ၊ ဆရာမများအတွက် အထိုက်အလျောက် အထောက်အပံ့ဖြစ်စေရေးအတွက် သင့်တင့်သည့် ထောက်ပံ့ကြေးများကိုလည်း ပေးထားသည်ကို တွေ့ရသည်။

ပညာရေးလိုအပ်ချက်ကို ထိုသို့အဘက်ဘက်က ဖြည့်ဆည်းဆောင်ရွက်ပေးငြားလည်း နေရာလိုက်၍ အားနည်းချက်များရှိနေသေးသည်မှာ အမှန်ဖြစ်သည်။ မြန်မာနိုင်ငံတွင် အသက်(၁၀)နှစ်မှ (၁၇)နှစ်ကြား လူငယ်ငါးဦးလျှင် တစ်ဦးမှာ ပညာသင်ယူခွင့်ဆုံးရှုံးပြီး အလုပ်အကိုင်ရရှိရန် အားထုတ်နေရသည်ဟု ဆိုထားသည်။ "အားလုံးဖမ်းလျှင် အားလုံးလွတ်သည်" ဆိုစကားအတိုင်း အားလုံးအတွက် ရည်ရွယ်သည်ဆိုငြားလည်း မြို့ပြ၏ ဆင်ခြေဖုံးအရပ်များ၊ ဝေးလံခေါင်းပါးသော ကျေးလက်ဒေသများ၊ သွားလာရခက်ခဲသော ကျေးရွာများ၊ မငြိမ်းချမ်းသောနယ်မြေများမှ ကလေးသူငယ်များအတွက် ပညာရေးမှာ မျှော်လင့်ချက်ဝေးနေဆဲဖြစ်သည်။

၎င်းအားနည်းချက်များကို ကုစားနိုင်ဖို့ကြိုးပမ်းကြရာတွင် နိုင်ငံတော်၏ ပညာရေးစနစ်နှင့်အတူ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများက ဖော်ပြပါ အလှမ်းဝေးဆဲဒေသများအတွက် အားထားရာဖြစ်လာသည်။ ထိုနည်းတူ စေတနာရှင်လူမှုရေးအဖွဲ့အစည်းများကလည်း နိုင်သလောက်ဝန်ကို ထမ်းလာကြသည်မှာ ဝမ်းမြောက်စရာဖြစ်သည်။ လတ်တလောတွင် ကျောင်းစာသင်ကြားရန် အခက်အခဲရှိသော ကလေးစာရင်းကို လှိုင်သာယာတွင် စစ်တမ်းကောက်ယူခဲ့ရာ ကလေးစာရင်းဦးရေတစ်ထောင်ခန့် လာရောက်စာရင်းပေးကြသည်ကို တွေ့ရသည်။ အမှန်တကယ်ပြောင်းလဲရန် စတင်ကြိုးပမ်းနေစဉ်ကာလတွင် နည်းနည်းနှင့် ကျဲကျဲဝိုင်းနေရသေးသဖြင့် အခက်အခဲများရှိနေဦးမည်ဖြစ်သည်။ သို့သော် တစ်ယောက်အားနှင့်ယူသော်မရ၊ တစ်သောင်းအားနှင့် ယူသော်ရ၏ ဆိုသည့်အတိုင်း မိဘ၊ ဆရာ၊ ကျောင်းသားနှင့် တာဝန်ရှိသူများအားလုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြမည်ဆိုပါက တစ်နေ့တွင် အောင်မြင်လာမည်ဖြစ်သည်။

လက်ရှိတွင် နိုင်ငံတော်မှ KG ပညာရေးစနစ်မှ စတင်အကျိုးပြုဆောင်ရွက်နေစဉ်တွင် ဘုန်းတော်ကြီးသင်ပညာရေး၊ လူမှုအသင်းအဖွဲ့များ၊ စရိတ်မျှကူ ပညာအလှူ ကိုယ့်ရွာကိုယ့်ကျောင်း မိဘဆရာပူးပေါင်းစသည်ဖြင့် အားလုံးတက်ညီလက်ညီဖြင့် အခြေခံပညာမှစသည့် ကလေးများ ပညာရေးအတွက် မျက်မှောက်ခေတ်အခြေအနေ အချိန်အခါကောင်းတွင် မဖြစ်မနေဆောင်ရွက်ကြဖို့လိုမည်ဖြစ်သည်။ သို့မှသာ ပညာရေးသည် ကလေးများအတွက် ကိုယ်ပိုင်ဥစ္စာ၊ ကိုယ်ပိုင်ရတနာ၊ ကိုယ်ပိုင်ရပိုင်ခွင့် ဖြစ်သလို Education For All အားလုံးအတွက် ပညာရေးသမိုင်းပေးတာဝန်ကြီးဖြစ်ပါကြောင်း။ ။

ကြေးမုံစာတည်းရှုထောင့် ၂၄-၅-၂၀၁၆၊ အင်္ဂါနေ့

## ရဲလုပ်ငန်းဆိုင်ရာများ ရှင်းလင်း

**ဟိုပုံး မေ ၂၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုပုံးမြို့နယ်ရဲတပ်ဖွဲ့မှ ဝန်ဆောင်မှုကိုရှေးရှုသော ရဲလုပ်ငန်းဆိုင်ရာများနှင့် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေများအပေါ် ရှင်းလင်းတင်ပြခြင်းအခမ်းအနားကို မေ ၂၂ ရက် နံနက် ၉ နာရီက မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၌ကျင်းပရာ ရှင်းလင်းပွဲသို့ တက်ရောက်လာကြသော မီဒီယာများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး၊ လူမှုရေးအသင်းအဖွဲ့များက ယာဉ်တိုက်မှုလျော့နည်းကျဆင်းရေးအတွက် မော်တော်ဆိုင်ကယ်စီးဦးထုပ်အား မေးသိုင်းကြိုးတပ်ရန် အသိပညာပေးဆောင်ရွက်မှုအခြေအနေ၊ ပြည်သူလူထုလိုက်နာဆောင်ရွက်မှုအားနည်းမှုအပေါ် ဆွေးနွေးမေးမြန်းရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမောင်မောင်ဝင်းက အသေးစိတ်ပြန်လည်ရှင်းလင်းဆွေးနွေးကြောင်း သိရသည်။ **နန်းဦးခမ်း(ဟိုပုံး)**

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ စိုက်ပျိုးစရိတ်ချေးငွေကျပ် ဘီလီယံ ၅၀၀ ချေးယူခွင့်ရရှိ

**နေပြည်တော် မေ ၂၃**

၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ် တောင်သူလယ်သမားများသို့ စိုက်ပျိုးစရိတ်ချေးငွေများထုတ်ချေးနိုင်ရန် လိုအပ်သောဘဏ္ဍာငွေအတွက် ပြည်ထောင်စုအစိုးရအဖွဲ့က မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ငွေကျပ် ဘီလီယံ ၅၀၀ ချေးယူခွင့်နှင့်စပ်လျဉ်း၍ ယနေ့အစည်းအဝေးတွင် ကန့်ကွက်သူမရှိ ပြည်ထောင်စုလွှတ်တော်က အတည်ပြုခဲ့သည်။

အဆိုပါ စိုက်ပျိုးစရိတ်ချေးယူခွင့်နှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် ၁၇ ဦးက အကြံပြုထောက်ခံဆွေးနွေးကြပြီး သက်ဆိုင်ရာတာဝန်ရှိသူများက တာဝန်ခံမှု၊ တာဝန်ယူမှုဖြင့် ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားခဲ့သည်။

စေတုတ္တရာ မဲဆန္ဒနယ်မှ ဦးကျော်အောင်လွင်က နိုင်ငံကို စိုက်ပျိုးရေးအခြေခံ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံ တည်ဆောက်ရာ၌ လယ်ယာကဏ္ဍနှင့် တောင်သူလယ်သမားများ၏ ဘဝကို မြှင့်တင်ရမည်ဖြစ်ပါကြောင်း၊ ရေခံမြေခံကောင်းပြီး စနစ်တကျကြိုးစားပါက ကမ္ဘာ့ဆန်စပါး စိုက်ပျိုးထုတ်လုပ်မှု၏ နံပါတ် (၁) နေရာကို ပြန်ရနိုင်သည့်အပြင် တောင်သူများ၏ဘဝ မြင့်မားတိုးတက်လာမည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

ကျောင်းကုန်း မဲဆန္ဒနယ်မှ ဦးသိန်းထွန်းက မှတ်ပုံတင်ပြီး လယ်မြေများကို အာမခံချက်ရှိသော ဘဏ်အသီးသီးတွင် သတ်မှတ်စည်းမျဉ်း စည်းကမ်းများနှင့်အညီ ပေါင်နှံ၍ နှစ်တိုနှင့် နှစ်ရှည်ချေးငွေများကို နိုင်ငံတော်အစိုးရအဖွဲ့မှ ချေးငွေပမာဏသတ်မှတ်ပြီး တရားဝင်ဆောင်ရွက်ပေးပါက တောင်သူလယ်သမားများ ပိုမိုအဆင်ပြေမည့်အပြင် နိုင်ငံအတွက် ငွေကြေးဆုံးရှုံးမှုများ လျော့နည်းမည်ဖြစ်ပါကြောင်း၊ တောင်သူလယ်သမားများအနေဖြင့် မိမိလယ်ယာမြေဆုံးရှုံးမှုမဖြစ်စေရေးအတွက် သတ်မှတ်ကာလအတွင်း အကျေပေးဆပ်နိုင်မည်ဖြစ်ပါကြောင်း၊ တောင်သူလယ်သမားများ၏ လိုအပ်သောချေးငွေကို လွယ်ကူရှင်းလင်းသော နည်းလမ်းများဖြင့် ထုတ်ပေးနိုင်ရန်၊ ချေးငွေလုံလောက်စွာရရှိနိုင်ရန်၊ ချေးငွေအချိန်အခါ ရာသီအမီ ရရှိနိုင်ရန်နှင့် ကြွေးမြီကင်းရှင်းသော လယ်သမားဘဝထူထောင်နိုင်ရန် အကြံပြုတင်ပြပါကြောင်း ဆွေးနွေးသည်။

မအူပင် မဲဆန္ဒနယ်မှ ဦးစိန်ဝင်းက စိုက်ပျိုးစရိတ်ချေးငွေကို အမှန်တကယ်လက်တွေ့စိုက်ပျိုးသူများကို ချေးပေးရန်လိုအပ်ပါကြောင်း၊ စိုက်ပျိုးမြေမရှိ ချေးငွေယူထားခြင်းအပေါ် လိုအပ်သလို ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူဆောင်ရွက်ရန် တိုက်တွန်းလိုပါကြောင်း၊ မြေမရှိခြင်း၊ စိုက်ပျိုးမှုမရှိဘဲ စိုက်စရိတ်ငွေရယူထားသူသာမက ပူးပေါင်းကြံစည်သည့် တာဝန်ရှိဝန်ထမ်းများပါ အထူးဥပဒေပြဋ္ဌာန်း၍ အရေးယူဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ရာသီဥတုဘေးအန္တရာယ် ကျရောက်မှုမရှိဘဲ ချေးငွေပြန်ဆပ်ရန် ပျက်ကွက်နေသူများကို ထိရောက်စွာအရေးယူဆောင်ရွက်ရန် လိုအပ်ပါကြောင်း ဆွေးနွေးသည်။

အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချိုက တောင်သူလယ်သမားများ၏ ဘဝမြှင့်တင်နိုင်ရန်နှင့် ဆင်းရဲမွဲတေမှုများ လျှော့ချနိုင်ရန်အတွက် စိုက်ပျိုးစရိတ်ချေးငွေကို အချိန်မီအလုံအလောက်ချေးပေးရမည့်အပြင် အခြားသွင်းအားစုတွေဖြစ်သည့် မျိုးကောင်းမျိုးသန့်၊ စံချိန် စံညွှန်းမီ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး၊ အခြားစိုက်ပျိုးရေးဆိုင်ရာဆေးများကိုထောက်ပံ့ပြီး စနစ်တကျသုံးစွဲနိုင်ရန် ပညာပေးလုပ်ဆောင်သင့်ပါကြောင်း အကြံပြု ဆွေးနွေးသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်စောဦးက ချေးငွေအတွက် ငွေစက္ကူပုံနှိပ်ထုတ်ဝေ၍ ငွေကျပ်ဘီလီယံ ၅၀၀ ကို ဖြည့်ဆည်းမည်ဖြစ်သည့်အတွက် ငွေကြေးဖောင်းပွမှုအပေါ်တွင် ဖိအားများဖြစ်မည်ကို တင်ပြလိုပါကြောင်း၊ ထိုကြောင့် ချေးငွေကို တောင်သူလယ်သမားများ လက်ဝယ်သို့ မှန်ကန်မြန်ဆန်စွာရောက်ရှိရေးနှင့် ယခုဘဏ္ဍာနှစ်၏ သတ်မှတ်သက်တမ်းအတွင်းမှာ ပြန်လည်ပေးအပ်ပါက ငွေကြေးဖောင်းပွမှု လျော့နည်းမည်ဖြစ်ပါကြောင်း၊ ယခုချေးငွေကို ထိရောက်စွာဖြင့် အကျိုးရှိရှိအသုံးပြုရန်လိုအပ်ပါကြောင်း ဆွေးနွေးသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက မြန်မာ့စီးပွားရေးဘဏ်မှ ငွေကျပ် ဘီလီယံ ၁၂၀၀ နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ငွေကျပ် ဘီလီယံ ၅၀၀ စုစုပေါင်းငွေကျပ် ဘီလီယံ ၁၇၀၀ ကို အတိုးနှုန်း ငါးရာခိုင်နှုန်းဖြင့် ချေးယူပြီး တောင်သူလယ်သမားများကို အတိုးနှုန်း ရှစ်ရာခိုင်နှုန်းဖြင့် ပြန်လည်ချေးငှားပေးမည်ဖြစ်ပါကြောင်း၊ ချေးငွေများကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ မူဘောင်အတွင်းမှ နိုင်ငံတော်၏ အဓိကသီးနှံဖြစ်သည့် ဆန်စပါးကို ဦးစားပေး ချေးယူပေးခြင်းဖြစ်ပါကြောင်း၊ ချေးငွေများကိုလည်း ဒေသအသီးသီး၌ တောင်သူလယ်သမားများအား စတင်ချေးငှားပေးလျက်ရှိပါကြောင်း၊ လယ်ယာမြေမူဝါဒအရ လယ်ယာမြေပုံစံ(၇) ရှိမှသာ ချေးငွေရယူနိုင်သည့်အတွက် နိုင်ငံတော်ဘတ်ဂျက်ငွေ မဆုံးရှုံးရေးနှင့် ခိုင်မာရေးအတွက် ပုံစံ(၇)ဖြင့် ဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း ဆွေးနွေးသည်။

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်အထိ ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ လေးရာခိုင်နှုန်းအတိုးဖြင့် ငွေကျပ် ၁၁၆၆၇ ဘီလီယံကို ချေးယူထားပြီး ပြန်လည်ပေးဆပ်ရန် တာဝန်ရှိသည့်အထဲက တောင်သူလယ်သမားများ စိုက်စရိတ်ချေးငွေ အချိန်မီရရှိနိုင်ရေးအတွက် ယခုချေးငွေကို ကြိုးစားဆောင်ရွက်ခဲ့ပါကြောင်း၊ စီးပွားရေးမဟာဗျူဟာတွင် လယ်ယာကဏ္ဍ၌ တောင်သူလယ်သမားတစ်ဦးချင်းစီ၏ ကြုံတွေ့နေရသည့် ပြဿနာများကို လျော့နည်းရေးအတွက် ယခုနှစ်အတွက် ပြဋ္ဌာန်းထားသည့် စီမံကိန်းကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ၂၀၁၇ - ၂၀၁၈၊ ၂၀၁၈-၂၀၁၉ နှစ်နှစ်တာကာလအတွင်း လယ်ယာကဏ္ဍဖွံ့ဖြိုးရေးကို ဦးတည်ဆောင်ရွက်ရာ၌ ဆင်းရဲမှုပပျောက်ရေးကိုလည်း ထည့်သွင်းစဉ်းစားခဲ့ပါကြောင်း၊ နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်ဒေသတွင် နေထိုင်၍ ဆင်းရဲမှုဒဏ်ပိနေသည့် ပြည်သူများဖြစ်ပါကြောင်း၊ နိုင်ငံတော်အနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရာ၌ လယ်ယာကဏ္ဍဖွံ့ဖြိုးရေးနှင့်ဆက်နွယ်၍ လယ်ယာမြေပြုပြင်ရေး၊ စိုက်ပျိုးရေးထုတ်ကုန်များ တိုးတက်ရေး၊ မီဂါလယ်ယာမြေများအထိ အစီအစဉ်တကျ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးသည်။

**(သူရဇော်)**

## စမ်းချောင်းမြို့နယ် အောင်ချမ်းသာရေနုတ်မြောင်းအုတ်နံရံ ဆက်လက်ပြိုကျခြင်းမရှိစေရေးဆောင်ရွက်

**ရန်ကုန် မေ ၂၃**

စမ်းချောင်းမြို့နယ်တွင် မေ ၂၂ ရက်က ပြိုကျခဲ့သော အောင်ချမ်းသာရေနုတ်မြောင်းမြေထိန်းအုတ်နံရံ ဆက်လက်ပြိုကျခြင်းမရှိစေရန်နှင့် ရေနုတ်မြောင်းအနီးနေထိုင်သူများ စိုးရိမ်ပူပန်မှုမဖြစ်စေရန်အတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက လူအား၊ စက်ယန္တရားအားများ အသုံးပြု၍ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိသည်။



အောင်ချမ်းသာ ရေနုတ်မြောင်းမြေထိန်းအုတ်နံရံပြိုကျခြင်းကိစ္စကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)တာဝန်ရှိသူက "ယခုပြိုကျတဲ့အုတ်နံရံအရှည်ပေက ၁၇၀ နီးပါးရှိပါတယ်။ ရေနုတ်မြောင်းဘေးနေထိုင်တဲ့တိုက်တွေနဲ့ဆိုရင် ၁၂ ပေလောက်ဝေးကွာပါတယ်။ နေထိုင်သူများ စိုးရိမ်ပူပန်မှုမရှိစေရန် မြို့တော်စည်ပင်တာဝန်ရှိသူတွေဟာ အချိန်နှင့်တစ်ပြေးညီရောက်ရှိကာ ပြိုကျတဲ့နေရာတွေမှာ ဝါးကတ်များကာပြီး မျောတိုင်များဖြင့် ယာယီတုတ်ရိုက်ခြင်း၊ သဲအိတ်များချခြင်းကို အပူတပြင်းဆောင်ရွက်ကြရန် ညွှန်ကြားခဲ့ပါတယ်။ ယာယီဝါးကတ်နဲ့ တုတ်ရိုက်ပြီးသွားတဲ့အချိန်မှာ ဆက်လက်ပြီး အနံ ၁၀ လက်မ အရှည်ပေ ၃၀ ရှိတဲ့ သံပေါင်တွေ မြေကြီးထဲရိုက်သွင်းပြီး ကွန်ကရစ်နံရံကို တည်ဆောက်သွားမှာဖြစ်ပါတယ်"ဟု ဌာနစုမှူး ဦးခင်မောင်ဝင်းက ပြောကြားသည်။

ယခုလိုပြိုကျခြင်းနှင့် ပတ်သက်၍ တာဝန်ရှိသူက "ရေနုတ်မြောင်းနဲ့ လူနေအိမ်နောက်ဖေးက ၁၂ ပေကျော်သာဝေးကွာပါတယ်။ အချို့နောက်ဖေးအိမ်တွေက စားကြွင်းစားကျန် စွန့်ပစ်ရာမှ မြေကြွက်များဖောက်မှုကြောင့် ကြွက်တွင်းထဲ ရေဝင်ပြီး အခုလိုပြိုကျခြင်းဖြစ်တယ်လို့ ယူဆရတယ်။ အောင်ချမ်းသာရေနုတ်မြောင်းဟာ ရေစီးအလွန်အားကောင်းတာလဲဖြစ်တယ်" ဟုပြောကြားသည်။

သဲအိတ်များချခြင်း၊ ဝါးကတ်များကာရံခြင်းနှင့် မျောတိုင်တုတ်ရိုက်ခြင်းလုပ်ငန်းများပြီးစီးသည်နှင့် အနံ ၁၀ လက်မ အရှည် ပေ ၃၀ သံပေါင်များကို မြေကြီးထဲရိုက်သွင်းပြီး ကွန်ကရစ်လုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။ လုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ ပြီးစီးနိုင်ရန် မီနီမြေတူး မြေကော်စက်နှစ်လုံး၊ အလုပ်သမားအင်အား ၄၀ ကျော်နှင့် တာဝန်ရှိသူအဆင့်ဆင့်က ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(စောသိန်းဝင်း)**

## ❖ မလိခမှ

ရဝမ်လုံမလေးက ဖြူဖွေးတဲ့ ဝတ်စုံကိုဆင်

လီဆူးအပျိုချော ----- အေးသော တေးသံလွင် ----- ဆိုတဲ့ အပိုဒ်ကိုတောင် ရွတ်လိုက်မိသေးတယ်။ တွေ့ကြမယ်ပေါ့။

ပူတာအိုနဲ့ မချမ်းဘောက ၁၄ မိုင်ပဲ ဝေးပါတယ်။ ကတ္တရာခင်း ကားလမ်းကောင်းလို့မို့ ပူတာအို လွင်ပြင်ကြီးကို ဖြတ်ပြီး နာရီဝက်လောက် ကားမောင်းသွားပြီးတဲ့အခါ မလိခမြစ်ရဲ့ ဒီဘက်ကမ်းက နောင်ခိုင်ဆိုတဲ့ ရွာကလေးကို ရောက်ပါတယ်။ မြစ်ရဲ့ဟိုဘက်ကမ်းက မာမာအေးပြောတဲ့ ချစ်စရာ မချမ်းဘော ရွာကလေးပေါ့ခင်ဗျာ။ ဟိုအရင်တုန်းကတော့ ဟိုဘက်ကမ်း၊ ဒီဘက်ကမ်းကိုကူးချင်ရင် စက်သီးကြိုးတပ်ထားတဲ့ ဖောင်နဲ့ ကူးကြရတယ်လို့ သိရတယ်။ ခုတော့ အလွယ်တကူပါပဲ။ မြစ်ကူးကြိုးတံတား ရှိတာမို့ ကားနဲ့တိုက်ရိုက် ဖြတ်မောင်းသွားလို့ရတယ်။

ကျွန်တော်တို့ ရောက်တဲ့မနက်က မိုးရွာနေလို့လား မသိပါဘူး။ ရဝမ်လုံမလေးလည်းမတွေ့ဘူး။ လီဆူး အပျိုချောလည်း မမြင်ဘူး။ မြို့ကလေးကတော့ တောရိပ်တောင်ရိပ်နဲ့ တိတ်ဆိတ်အေးချမ်းပြီး ငြိမ်သက်နေတာပဲ။ ဧည့်သည်တွေအတွက် သွားစရာ ကျောက်နဂါး၊ ပြီးတော့ ဂူဘားရိပ်သာ။

ဂူဘားရိပ်သာဆိုတာက အင်္ဂလိပ်ခေတ်ကတည်းက ဆောက်ထားတဲ့ ဧည့်ရိပ်သာပါ။ အင်မတန် ဟောင်းနွမ်းနေပါပြီ။ တည်းတဲ့လူလည်းရှိဟန်မတူဘူး။ မလိခမြစ်ဘေးက ကမ်းပါးယံမြင့်မြင့်ပေါ်မှာ မြစ်ဘက်ကို ဝရန်တာထုတ်ပြီး ဆောက်ထားတာမို့ ရှုခင်းကသိပ်လှတာပဲ။ ဟိုးအဝေးတောင်ပေါ်ကနေ တငြိမ့်ငြိမ့်စီးလာတဲ့ မလိခမြစ်ကြောင်းတစ်လျှောက်ကို လှမ်းမြင်နေရတယ်။ အင်္ဂလိပ်လူမျိုးများဟာ နေတဲ့ထိုင်တဲ့နေရာမှာတော့ "တယ်ဇိမ်ခံတဲ့ သူတွေပါလား" လို့တောင် တွေးမိတယ်။ အတူပါလာတဲ့ ကျွန်တော့်မိတ်ဆွေက "ဒီလောက်သာယာတဲ့ သဘာဝအလှတွေ ပျက်စီးကုန်မယ်ဆိုရင် အင်မတန် နှမြောစရာကောင်းတယ်ဗျာ"လို့ တရုတ်က ဆည်ဆောက်မယ့်ကိစ္စကို ရည်ရွယ်ပြီး ပြောပါတယ်။

ဟုတ်ပ့ါဗျာ. . .

တကယ်သွားကြည့်တော့မှ ဗီလင်ပိုတက်လာတယ်။ လျှပ်စစ်မရလည်း နေပါတော့။ ဒီရှုခင်းတွေကိုတော့ သူ့သဘာဝအတိုင်းပဲ ချမ်းသာပေးကြပါလို့ မေတ္တာရပ်ခံပါတယ်။

ဂူဘားရိပ်သာက ထွက်ပြီးတော့ မြစ်ကူးကြိုးတံတားနားမှာ ကားရပ်ပြီး ဓာတ်ပုံရိုက်ကြတယ်။ ဖေ့စ်ဘွတ်တင်ဖို့ ဖြစ်ပါတယ်။ ဒီခေတ်ခရီးသွားကြရာမှာ ထမင်းမစားရလည်းကိစ္စမရှိဘူး။ ဖေ့စ်ဘွတ်ချက်ချင်းတင်ဖို့က အရေးအကြီးဆုံးပဲဗျ။ မှာ့ခ်ဇူကာဘတ်ကို ခေါ်ပြချင်တယ်။ အမြန်ရိုက်၊ အမြန်တင်၊ အမြန်ကြွားပေ့ါဗျာ။ သို့သော် အင်တာနက်လိုင်းမကောင်းတာကြောင့် ချက်ချင်းတင်လို့မရတဲ့အဖြစ်နဲ့ ကြုံခဲ့ရပါတယ်။ တံတားပေါ်မှာ ဓာတ်ပုံရိုက်နေကြတုန်း ကျွန်တော်တို့ကို လိုက်ပို့တဲ့ ကားဆရာ ရဝမ်လူမျိုး ကိုဖေရမ်ကို မေးကြည့်မိတယ်။

"ဒီမလိခမြစ်ထဲ စက်လှေစီးလို့ ရသလားဗျ။ ဘေးကင်းရဲ့လား"

"ရတာပေ့ါ။ ဘေးကင်းပါတယ်"

ကိုဖေရမ်က မြစ်ဘေးမှာ ကပ်ရပ်ထားတဲ့ စက်လှေကို လက်ညှိုးထိုးပြတယ်။ ကျွန်တော့်စိတ်ကူးက ဘယ်လိုလဲဆိုတော့ ခရီးသွားရာမှာ ရိုးရိုးတန်းတန်း ဟိုကြည့် ဒီကြည့်နဲ့ ပြန်လာရင် မတန်ဘူးထင်တယ်။ စွန့်စားခန်းလေးလည်း ပါစေ့ချင်သေးတယ်။ နိုင်ငံခြားမှာ ယနေ့ခေတ်စားနေတဲ့ Adventure tour သဘောမျိုးပေ့ါခင်ဗျာ။ သို့သော် အသက်ကကြီးပြီဆိုတော့ သိပ်ကြီးလည်း မစွန့်စားရဲဘူး။ မလိခမြစ်ကို ကြည့်တဲ့အခါ ရေစီးက ငြိမ်ငြိမ်သက်သက်ပဲ။ ဖြည်းဖြည်းမှန်မှန် စီးနေတာ တွေ့ရတာကြောင့် မြစ်ကြောင်းအတိုင်း စက်လှေနဲ့သွားရရင် အန္တရာယ်မရှိနိုင်ဘူးလို့ တွက်လိုက်တယ်။ ရာသီဥတုကလည်း မိုးတိတ်သွားပြီး နေရောင်ထွက်လာပြီ။ "နေခြည်ဖြာမှ နွေးသောကြောင့်" ဆိုတဲ့စကားကို ကိုယ်တိုင်ကြုံမှ သဘောပေါက်တယ်။ ခုနက ချမ်းအေးနေတာတွေဟာ နေရောင်ထဲရပ်နေတော့မှ နွေးသွားတော့တယ်။ "အိုကေ. ." စက်လှေငှားမယ်။

"စက်လှေဆရာ မြစ်ကြောင်းအတိုင်း စုန်ဆင်းသွားချင်တယ်။ ဘယ်လောက်အထိ သွားလို့ရလဲ"

"ကျွန်တော့်လှေနဲ့ သုံးနာရီလောက်မောင်းသွားရင် ရွှေတူးတဲ့နေရာ ရောက်တယ်။ အဲဒီနေရာထိ သွားလို့ရတယ်။ ဟိုဘက်ကိုတော့ ရေတံခွန်ရှိတဲ့အတွက် သွားလို့မရတော့ဘူး"

"အဲဒီလောက်အဝေးကြီးတော့ မသွားချင်ဘူး"

"ဒါဆိုရင် နတ်ကျွန်းအထိသွားပေ့ါ။ နာရီဝက်လောက်ကြာမယ်"

"အေးကောင်းတယ်။ နတ်ကျွန်းသွားမယ်"

စက်လှေက ခပ်ကြီးကြီးပဲ။ ၁၅ ပေလောက်ရှည်တယ်။ လှေဝမ်းမှာ သစ်သားပြားနဲ့ ထိုင်ခုံရိုက်ပေးထားတယ်။ လှေပေါ်ရောက်တော့ Life Jacket အသက်ကယ်ဝတ်စုံ တစ်ယောက်တစ်စုံစီပေးတာမို့ တယ်ခေတ်မီပါကလားလို့ သဘောကျမိတယ်။

စက်လှေစထွက်ပြီ။ ရေစုန်ဖြစ်တာကြောင့် လှေကတရိပ်ရိပ် ပြေးနေပြီး ပျော်စရာကောင်းပါပေတယ်။ ခုနက နေရောင်ထွက်နေရာကနေ ဖြုန်းဆိုမိုးရွာချလိုက်ပြန်တယ်။ မြောက်ဘက်တောင်ကုန်းဒေသက ရာသီဥတုဟာ အဆန်းပဲဗျ။ ခုနေပူလိုက်၊ ခုမိုးရွာလိုက်နဲ့။ မတတ်နိုင်ဘူးလေ။ စက်လှေငှားလာပြီးမှတော့ ဆက်သွားရုံပေ့ါ။

အဲဒီလိုသွားလို့ ဆယ်မိနစ်လောက်အကြာမှာ စက်လှေရှေ့က မြစ်ကြောင်းကို ကြည့်လိုက်တော့ မြစ်ဆုံတစ်ခုကို လှမ်းမြင်နေရတယ်။ မလိခမြစ်ဟာ အဲဒီနေရာမှာ တစ်ဆစ်ချိုး ဂငယ်ကွေ့ ကွေ့နေပြီး အကွေ့တည့်တည့်မှာ မူလာမြစ်က လာရောက်ပူးပေါင်း စီးဝင်နေတာ ဖြစ်ပါတယ်။

မူလာမြစ်ဟာ မလိခမြစ်နဲ့ မတူဘူးခင်ဗျ။ အင်မတန်ရေစီးကြမ်းတာပဲ။ လှိုင်းဂယက်တွေဖွေးဖွေးထပြီး ဒေါသတကြီးနဲ့ တစ်ဟုန်ထိုးစီးနေတာကို အဝေးကလှမ်းမြင်နေရတယ်။ မလိခမြစ်ရေစီးကြောင်းထဲ ကန့်လန့်ဖြတ်တိုးဝင်နေတဲ့ မြစ်ဆုံနေရာဟာ ကျောက်ဆောင်တွေလည်းရှိတာမို့ ရေလှိုင်းတွေက ဝုန်းဒိုင်းကြမ်းနေတာပဲ။ အမှန်အတိုင်းဝန်ခံရရင် အဲဒါမြင်တာနဲ့တင် ဆက်သွားဖို့ကို ကျွန်တော်လည်း လန့်နေပြီ။

သို့သော် ဘာမှ ပြောလို့မရတော့ဘူး။ ကျွန်တော်လန့်နေတုန်းမှာပဲ လှေက အဲဒီဝုန်းဒိုင်းကြမ်းတဲ့ လှိုင်းထဲကို တိုးဝင်သွားပြီ။ မြစ်ဆုံနဲ့ မြစ်ကွေ့မှာ ပြောင်းဆန်နေတဲ့ ရေဝဲတွေကို ကျော်နိုင်ဖို့ လှေဆရာဟာ အင်ဂျင်ကို စက်ကုန်ဖွင့်ပြီး ဖြတ်နေရတယ်။

အဲဒီအချိန်မှာ ဘာပြောကောင်းမလဲ။ လှေဟာ ဘယ်ညာလူးလိမ့်ခုန်ပေါက်နေတော့တာ။ ရေတွေစဉ်လို့ အဝတ်အစားတွေလည်း စိုရွှဲကုန်ပြီ။ ခုနက ဘေးကင်းပါတယ်ပြောတဲ့ ကိုဖေရမ်ကို ကြည့်လိုက်တော့ လှေဦးမှာ ပုနေတာ တွေ့ရတယ်။ ဒီလောက်ရေစီးကြမ်းမယ်မှန်း စောစောက ကြိုမပြောရကောင်းလားလို့ စိတ်တိုမိတယ်။ မိုးကရွာ၊ လေကတိုက်ဆိုတော့ ပိုဆိုးတာပေ့ါ။

စက်လှေဆရာဟာ ကျွမ်းကျင်ပါတယ်။ ပြင်းထန်တဲ့ ရေစီးကြောင်းကို ကန့်လန့်ဖြတ်ကွေ့ချပြီး တိုးဝင်တာဖြစ်သော်လည်း ရေလမ်းကြောင်း သိပြီးသူမို့ မြစ်ကြောင်းထဲကို ချောချောမောမော ရောက်သွားပါတယ်။

သို့သော် မလိခမြစ်ဟာ စောစောက ကျွန်တော်တို့ တွေ့ခဲ့တဲ့ ဣန္ဒြေရရ မြစ်မျိုး မဟုတ်တော့ဘူးဗျို့။ မူလာမြစ်နဲ့ပေါင်းပြီးသကာလမှာ သူလည်းဒေါသကြီးသွားပြီ။ ရေစီးသိပ်ကြမ်းတယ်။ ဝါးလုံးထိုးပဲ။ ရေအောက်က ကျောက်တုံးတွေကြောင့် လှိုင်းဂယက်တွေနဲ့၊ မြစ်လယ်မှာ ကျောက်ဆောင်တွေ ထိုးထိုးထောင်ထောင်နဲ့။ မချမ်းဘောက မထွက်ခင် Life Jacket ပေးတုန်းက မလိုလောက်ဘူးထင်တာ ခုမှပဲ သဘောပေါက်တော့တယ်။ ဒီရေစီးနဲ့ လှေမှောက်သွားရင် မချောင်ဘူး။ ကျွန်တော်က ရေကူးတတ်တာမဟုတ်ဘူး။ အသက်ကယ်အင်္ကျီနဲ့မို့ မမြုပ်ရင်တောင် ရေစီးသန်တဲ့အတွက် မြစ်အောက်ဘက်တော်တော်ဝေးဝေးကို မျောပါသွားမယ့် သဘောရှိတယ်။ လှေပေါ်ကနေ မြစ်အကြေဘက်ကို မျှော်ကြည့်ရင် ဆင်ခြေလျှောကြီးဖြစ်နေတာ သိပ်သိသာတာဘဲ။ ဒါကြောင့်လည်း ရေစီးသန်တာ ဖြစ်ပါတယ်။ မြစ်ကြောင်းက ရှုခင်းတွေကို ဗီဒီယိုရိုက်ခဲ့မယ်ဆိုတဲ့ ကျွန်တော့်စိတ်ကူးဟာ အထမမြောက်ဘဲ ကင်မရာကို အိတ်ထဲပြန်ထည့်ပြီး အရှိန်ပြင်းပြင်းနဲ့ ခုန်ပေါက်ပြေးနေတဲ့ လှေနံနှစ်ဖက်ကို မြဲမြဲကိုင်ကာ လိုက်ခဲ့ရတော့တယ်။

ဒီလောက်တောင်စွန့်စားခန်း ကြိုက်တဲ့ကောင် မှတ်ကရောကွာလို့ စိတ်ထဲအောက်မေ့မိတယ်။

ဆယ့်ငါးမိနစ်လောက်ကြာတော့ မလိခမြစ်ရဲ့ အလယ်ကောင်မှာ ကျောက်ဆောင်တစ်ခု ထိုးထွက်နေပြီး ကျောက်ဆောင်ပေါ်မှာ စေတီတစ်ဆူ တည်ထားတာတွေ့ရတယ်။ အဲဒါနတ်ကျွန်းပဲ။ ရေများနေလို့ စက်လှေကပ်မရဘူးလို့ လှေဆရာကပြောတယ်။ အောင်မယ်လေး. . . မောင်မင်းကြီးသားရယ် . . . မရရင်လည်း မကပ်ပါနဲ့ဆိုတော့ ကျွန်းကိုကွေ့ပတ်ပြီး မြစ်ကမ်းဘေးက သောင်ပြင်မှ လှေကပ်ပေးတယ်။ ဆင်းပြီး ခဏနားကြ၊ ဓာတ်ပုံရိုက်ကြပေ့ါ။

ကမ်းစပ်က ကျွန်တော်တို့အဖွဲ့ကို မြင်လို့နဲ့တူပါတယ်။ တံငါလှေကလေး တစ်စီး ကပ်လာတယ်။ လှေကသစ်လုံးကို ထွင်းထားတဲ့ လှေခင်ဗျ။ မလိခမြစ်ဟာ အောက်မှာ ကျောက်တုံး၊ ကျောက်ဆောင်တွေ ပေါလွန်းတာကြောင့် ဒီလိုသစ်လုံးထွင်းလှေနဲ့မှ တိုက်မိဆောင့်မိတဲ့ဒဏ်ကို ခံနိုင်တယ်လို့ သိရတယ်။ ကိုတံငါ ဖမ်းမိလာတဲ့ ငါးက နှစ်ပိဿာခွဲလောက် အကောင်အကြီးကြီး၊ ရေခဲငါးလို့ခေါ်တယ်။ ကျပ်နှစ်သောင်းရရင် ရောင်းမယ်တဲ့။ ရေအေးထဲမှာ နေနိုင်တဲ့ ငါးကြင်းတစ်မျိုးဖြစ်မယ်ထင်တယ်။ ဟိုတယ်မှာ တည်းတာမို့ ချက်ပြုတ်ဖို့ အခက်အခဲရှိသော်လည်း ကျွန်တော်တို့အဖွဲ့က အစားသရဲတွေဆိုတော့ ဝယ်ချင်ချင် ဖြစ်နေကြပြီ။ အဲဒီမှာတင် ကားဆရာ ကိုဖေရမ်က ဒီငါးကို သူကင်ပေးမယ်လို့ တာဝန်ယူလိုက်တာကြောင့် ဝယ်ခဲ့ကြတယ်။ တံငါသည်ကြီးပျော်သွားအောင် ဈေးလည်း ဆစ်မနေတော့ပါဘူး။

စက်လှေနဲ့ အပြန်ခရီးမှာ မိုးတိတ်၊ လေငြိမ်သွားတာကြောင့်ရော၊ ရေဆန်မို့ လှေရဲ့အရှိန်နှေးသွားတာရယ်ကြောင့် သိပ်ကြောက်စရာမကောင်းတော့ဘူး။ ဒီတော့မှပဲ ရှုခင်းတွေကို ကြည့်နိုင်၊ ဗီဒီယိုရိုက်နိုင်တော့တယ်။ မြစ်ရဲ့ဘေးဘယ်၊ ညာမှာ သစ်ပင်တောအုပ်တွေ မှိုင်းညို့ပြီး သစ်ပင်ကြီးတွေဟာ လုံးပတ်တညီတည်း အမြင့်ကြီးပဲ။ မြို့မှာဆို အခုတ်ခံရတာကြာလှပြီ။

လူသူရောက်ဖို့ ပေါက်ဖို့ ခက်ခဲတဲ့ဒေသမို့ ကျန်နေတာဖြစ်မယ်။ မလိခမြစ်ဟာ ကျောက်ဆောင်တွေကြားကနေ ဖြတ်သန်းစီးဆင်းရတာမို့ ရေတိုက်စားလို့ ဖြစ်ပေါ်နေတဲ့ ကျောက်ဆောင်တွေရဲ့ အမျိုးမျိုးသော အသွင်သဏ္ဌာန်တွေဟာ တကယ့်သဘာဝအလှပဲခင်ဗျ။ လူကဖန်တီးလို့ ဘယ်လိုမှ မရနိုင်ပေဘူး။ မြစ်ရဲ့ နည်းနည်းကျဉ်းတဲ့နေရာ (ကျဉ်းတယ်ဆိုတာတောင် ကိုက်တစ်ရာလောက်တော့ရှိတယ်)မှာ ဟိုဘက်ဒီဘက်ကမ်းကို သွယ်တန်းထားတဲ့ လူကူးကြိုးတံတားတစ်ခု တွေ့ခဲ့ရတယ်။ ကြိမ်ကို အသုံးပြုပြီး ဒေသနည်းနဲ့ တည်ဆောက်ထားတာဖြစ်တယ်။

နိုင်ငံခြားသားတွေဆိုရင်တော့ ဒါမျိုးကြိုက်လို့ လှေရပ်ပြီး ဓာတ်ပုံရိုက်လိမ့်မယ်ထင်တယ်။

ဟောလီဝုဒ်ဒါရိုက်တာ စပီးဘတ်ကို ခေါ်ပြရင် အဲဒီကြိမ်ကြိုးတံတားမှာ အင်ဒီယာနာဂျုန်း ရုပ်ရှင်လာရိုက်မှာ အသေအချာပဲ။

မူလာမြစ်နဲ့ ဆုံတဲ့နေရာရောက်ပြန်တော့ အလာတုန်းကလိုပဲ ပြောင်းဆန်နေတဲ့ ဝဲဂယက်တွေ၊ လှိုင်းတွေကို ကျော်ဖြတ်နိုင်ဖို့ စက်လှေဆရာ ကြိုးစားရပြန်တယ်။ သူ့အင်ဂျင်က အားကောင်းတာကြောင့် အောင်အောင်မြင်မြင်ပဲ ကျော်ဖြတ်နိုင်ပါတယ်။

မချမ်းဘောရောက်လို့ စက်လှေကမ်းကပ်မှပဲ စိတ်အေးနိုင်တော့တယ်။ ဒီလောက်ရေစီးကြမ်းတာ စောစောက ပြောရောပေါ့ ကိုဖေရမ်ရယ်လို့ အပြစ်တင်မိတဲ့အခါ ကိုဖေရမ်က-

"ပုံမှန်အတိုင်းတော့ ဒီလောက်ရေစီးမကြမ်းဘူးဗျ။ ပြီးခဲ့တဲ့ နှစ်ရက်သုံးရက်လောက်ကတည်းက တောင်ပေါ်မှာ မိုးတွေရွာတော့ ရေတွေတအားထိုးဆင်းလာတာနဲ့ ကြုံကြိုက်သွားလို့ပါ"

သူပြောတာ ဟုတ်လောက်ပါတယ်။ နတ်ကျွန်းခရီးစဉ်က စက်လှေနဲ့ လိုက်ပို့နေကျ ခရီးစဉ်တစ်ခုပါ။ ကျွန်တော်တို့သွားတဲ့အချိန်မှာ မိုးကရွာ၊ လေကတိုက်မို့ ထင်ထားတာထက်ပိုတဲ့ စွန့်စားခန်းမျိုး ဖြစ်သွားရခြင်းပါပဲ။ အောင်အောင်မြင်မြင် ပြန်ရောက်ပြီဆိုတော့လည်း ဝမ်းသာရပါတယ်။

မြန်မာစကားပုံမှာ မြစ်ထဲသွားရင် "ငါးမရ၊ ရေချိုးပြန်" ဆိုတဲ့စကား ရှိပါတယ်။ ကျွန်တော်တို့အဖွဲ့ဟာ ရေမချိုးခဲ့ပေမယ့်၊ ငါးတစ်ကောင် ရလာတာကြောင့် ပူတာအိုက ဟိုတယ်ပြန်ရောက်တော့ ပျော်ပျော်ပါးပါး ကင်စားကြတယ်။ လတ်လတ်ဆတ်ဆတ်မို့ သိပ်အရသာရှိတာပဲ။

နောက်တစ်နေ့မနက်စောစော လမ်းလျှောက်ထွက်ကြတော့ ပူတာအိုဈေးထဲမှာ ဝတ်စုံဆင်တူနဲ့ လူငယ်တွေ အုပ်စုလိုက်တွေ့တာမို့ စပ်စုကြည့်မိတယ်။ တက္ကသိုလ်ခြေလျင်တောင်တက်အသင်းကတဲ့။ ဖုန်ကန်ရာဇီရေခဲတောင်ကို တက်ကြမယ်ဆိုပဲ။ အားကျဖို့ကောင်းလိုက်တာ။ တစ်ခါမှ မရောက်ဖူးတဲ့ ရေခဲတောင်ဆိုတာကို ရောက်ချင်မြင်ချင်မိပါရဲ့။ သို့သော် ပူတာအိုကနေကားနဲ့၊ ပြီးတော့ ခြေကျင်ခရီး ငါးရက်လောက် လျှောက်ရမယ်ဆိုတဲ့အတွက် ကျွန်တော်တို့ အသက်အရွယ်နဲ့ မဖြစ်နိုင်တော့ပြီ။ လူငယ်ကလေးတွေ တောင်ထိပ်ကို ချောချောမောမော ရောက်ကြပါစေလို့ ဆုတောင်းပေးလိုက်တော့ အားလုံးပြုံးရွှင်သွားကြတယ်။

ယနေ့ ရေခဲတောင်လို့ခေါ်တဲ့ နှင်းဖုံးတောင်ဆိုတာ ရှားပါးပစ္စည်း ဖြစ်နေပြီ။ အရှေ့တောင်အာရှမှာဆိုရင် မြန်မာနိုင်ငံမှာပဲ ရေခဲတောင်ရှိပါတယ်။

ရေခဲတောင်ရှိတော့ ဘာလုပ်လို့ရလို့တုံးလို့မေးရင် အဖြေက ဒီလိုခင်ဗျ။ ရေခဲတောင်နဲ့ ပိုက်ဆံအများကြီး ရှာစားလို့ရကြောင်းပါဗျာ။ ဥပမာပေးရရင် နီပေါနိုင်ငံမှာလည်း ကျွန်တော်တို့လို ရေခဲတောင်တွေ ရှိပါတယ်။ ကမ္ဘာအမြင့်ဆုံး ဧဝရက်တောင် အပါအဝင် တက်လို့ရတဲ့ ရေခဲတောင် တစ်ရာလောက် ရှိတယ်။ အဲဒီရေခဲတောင်တွေကို တက်မယ်ဆိုရင် အလကား တက်လို့မရဘူး။ နီပေါအစိုးရကို တောင်တက်ခွင့် fees အခကြေးငွေ ပေးပြီးမှ တက်လို့ရပါတယ်။

တောင်အနိမ့်အမြင့်ပေါ်မူတည်ပြီး တစ်ယောက်ကို ဒေါ်လာ လေးရာကနေ၊ ကမ္ဘာ့အမြင့်ဆုံး ဧဝရက်တောက်တက်မယ်ဆိုရင် ဒေါ်လာ ၁၀၀၀၀ (မြန်မာငွေ သိန်း ၁၀၀)ပေးမှ တက်လို့ရမယ်ခင်ဗျ။

ဒီနေရာမှာ စာရှုသူက ရေခဲတောင်တက်ဖို့အရေး ပိုက်ဆံတွေ နင်းကန်ကုန်ပြီး ပြုတ်ကျရင် သေနိုင်တဲ့ကိစ္စကြီးမှာ "လာတဲ့သူကော ရှိပ့ါမလား"လို့ မေးစရာရှိပါတယ်။

အောင်မယ်လေး. . . ရှိပ့ါဗျာ။ ကမ္ဘာပေါ်မှာ ပိုက်ဆံတွေထားစရာမရှိအောင် ပေါပြီး ဆတ်ဆတ်ဆော့ဆော့ စွန့်စားမှ ပျော်တယ်ဆိုတဲ့လူတွေ အများကြီးခင်ဗျ။ နီပေါနိုင်ငံကို တစ်နှစ်ကို နိုင်ငံခြားသား ရှစ်သိန်းလောက် ဝင်တယ်။ နီပေါအစိုးရခရီးသွားလုပ်ငန်းဌာန ကြေညာချက်အရ ၂၀၁၃ ခုနှစ်မှာ တောင်တက်လုပ်ငန်းကနေ ဝင်ငွေ ဒေါ်လာ သန်း ၄၂၀ ရတယ်လို့ ဆိုပါတယ်။ ခရီးသွားတွေကို ဝန်ဆောင်မှုပေးတဲ့ လုပ်ငန်းတွေမှာ နီပေါလူမျိုး ငါးသိန်းကျော် အလုပ်အကိုင်ရရှိခဲ့ပါသတဲ့။

နီပေါနိုင်ငံအနေနဲ့ တောင်တက်လုပ်ငန်းကနေ ရရှိတဲ့ဝင်ငွေ ဒေါ်လာ သန်း ၄၂၀ ဆိုတာကို ထင်သာမြင်သာအောင် နှိုင်းယှဉ်ပြရရင် ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ တစ်နှစ်တာ သားငါးကဏ္ဍပို့ကုန်ဝင်ငွေဟာလည်း ဒေါ်လာသန်း ၄၀၀ လောက်ပဲခင်ဗျ။ အဲဒီသန်းလေးရာလောက်ရဖို့အရေး တစ်နှစ်လုံး ထွက်သမျှ ကောင်းပေ့ဆိုတဲ့ ပုစွန်တွေ၊ ငါးတွေ၊ ဂဏန်းတွေကို ကိုယ့်လူမျိုး မစားရဘဲ နိုင်ငံခြားပို့နေရတာပါ။ ခုနောက်ပိုင်းဆိုရင် ငါးရှဉ့်တွေ မျှော့တွေတောင်ပို့နေရသေးတယ်။

ဆိုလိုတာကတော့ ဧဝရက်တောင်ရှိတဲ့ နီပေါလောက် ဝင်ငွေမရရင်တောင် ရေခဲတောင်တွေရှိတဲ့အတွက် နိုင်ငံခြားဝင်ငွေရအောင် လုပ်နိုင်တယ်ဆိုတာကို တင်ပြလိုခြင်းဖြစ်ပါတယ်။ ခရီးသည်များ သွားလာရေး၊ တည်းခိုနေထိုင်၊ စားသောက်ရေး၊ တောင်တက်ကိရိယာ၊ တောင်တက်လမ်းပြ စတဲ့ Infrastructure တွေကိုတော့ ဦးစွာ တည်ဆောက်ရဦးမှာပေ့ါခင်ဗျာ။

ခုလောလောဆယ်မှာတော့ ပူတာအိုရောက်အောင်တောင် သွားဖို့ မလွယ်ဘူး ဖြစ်နေတယ်။ မြစ်ကြီးနားကနေ လေယာဉ်လမ်းကြောင်း တစ်ခုပဲ ရှိတယ်။ မြစ်ကြီးနား-ပူတာအို ၂၁၈ မိုင်ခရီးကို ကားလမ်းဖောက်ထားသော်လည်း လမ်းကြမ်းတာကြောင့် ဆိုင်ကယ်နဲ့ပဲ သွားကြတယ်လို့ သိရပါတယ်။ ဆိုင်ကယ်နဲ့တောင် နှစ်ရက်ခရီး (ဆွမ်ပရာဘွမ်မှာ တစ်ညအိပ်) သွားရမှာ ဖြစ်ပါတယ်။ အဲဒီကားလမ်းသာ ကတ္တရာခင်းဖြစ်သွားရင် ပူတာအိုအတွက် သိပ်အဆင်ပြေသွားမယ်။

ကျွန်တော်အထက်မှာ တင်ပြခဲ့သလို ကျွန်တော်တို့ တိုင်းပြည်မှာ အင်မတန်အဖိုးတန်တဲ့ (Natural Resources) သဘာဝအရင်းအမြစ်တွေ ပိုင်ဆိုင်နေတာ၊ ကျန်ရှိနေသေးတာတွေ့ရလို့ အင်မတန် ဝမ်းမြောက်စရာကောင်းပါတယ်။ အဲဒီသဘာဝအရင်းအမြစ်တွေကို မပျက်မယွင်းစေပဲ အကျိုးရှိရှိ အသုံးချနိုင်စေကြောင်း ဆုမွန်ကောင်း တောင်းလိုက်ရကြောင်းပါဗျာ။ ။

## တိုင်းရင်းဆေးပညာဆွေးနွေးပွဲ ကျင်းပမည်

**ရန်ကုန် မေ ၂၃**

ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းရင်းဆေးရုံကြီး၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း (ရန်ကုန်တိုင်းဒေသကြီး)တို့ပူးပေါင်း၍ စဉ်ဆက်မပြတ်တိုင်းရင်းဆေးပညာ စုပေါင်းဆွေးနွေးပွဲကို လစဉ်ကျင်းပလျက်ရှိရာ မေ ၂၆ ရက်မွန်းလွဲ ၁ နာရီတွင် ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားလမ်းရှိ ရန်ကုန်တိုင်းရင်းဆေးရုံကြီး အစည်းအဝေးခန်းမ၌ သမားတော်ကြီး ဦးကြည်မောင်က ဝိဇ္ဇာရေဆေးပညာနှင့် အရိုးအကြော၊ အနာပေါက်ကုထုံးခေါင်းစဉ်ဖြင့် စာတမ်းဖတ်ကြားဆွေးနွေးမည်ဖြစ်ရာ ဝိုင်းဝန်းဆွေးနွေးနိုင်ရန် စိတ်ပါဝင်စားသူတိုင်းရင်းဆေးဆရာများ တက်ရောက်နိုင်ကြောင်း သိရသည်။

**(ကြေးမုံ)**

# ကျုံးဘေးနားမှစာပေရေချမ်းစင်ကလေးမှာ စာချစ်သူများအတွက် နှလုံးသားအာဟာရဖြည့်ဆည်းပေးလျက်ရှိ

**မန္တလေး မေ ၂၃**
မန္တလေးမြို့သို့လာရောက်လည်ပတ်သူမှန်သမျှ ကျုံးမြို့ရိုးနှင့်အတူ နန်းမြို့တော်ကိုလေ့လာလိုက်ရမှ မန္တလေးမြို့ရသကို အပြည့်အဝခံစားရသည်ဟု ညွှန်းဆိုထားကြသည်။

ကျုံးဘေးတွင် နှလုံးသားအာဟာရအတွက် အခမဲ့စာကြည့်တိုက်ဟုခေါ်သော စာပေရေချမ်းစင်ကလေးကိုလည်းစီစဉ်ထားသည်။ စာပေရေချမ်းစင်တွင် အခမဲ့စာကြည့်တိုက်ဟု ရေးထိုးထားသလိုလွတ်လပ်ပွင့်လင်းစွာ ပြောဆိုထားသော သဘောထားတစ်ရပ်ကို တင်ပြထားသည်။ထိုသဘောထားမှာ သင်စာအုပ်တစ်အုပ်ယူသွားမည်ဆိုလျှင် သင့်ဆီကတစ်အုပ်အစားပြန်ထားခဲ့ပါ ဆိုသောသဘောထားပင်ဖြစ်သည်။ စာချစ်သူများအတွက် ကျုံးဘေးရှိ စာပေရေချမ်းစင်ကလေးမှာ နှလုံးသားအာဟာရကို ဖြည့်စွမ်းပေးလျက်ရှိသည်။

အများစုမှာ သတင်းစာ၊ ဂျာနယ်များစွာရှိနေသည်။ မန္တလေးမြို့ခံများနှင့်အတူ လာရောက်လည်ပတ်သူများ စာအုပ်များလှူဒါန်းနိုင်သလို ပညာဒါနပြုစရာ နေရာတစ်ခုအဖြစ်လည်းတည်ရှိနေသည်။ လက်ရှိကာလတွင် ကျုံးဘေးတွင် အနားယူအပန်းဖြေကြသော စာချစ်သူများအတွက် ကျုံးဘေးမှ အခမဲ့စာကြည့်တိုက်ကလေးဟုတင်စားနိုင်သည့် စာပေရေချမ်းစင်ကလေးမှာ နှလုံးသားအာဟာရကို ဖြည့်စွမ်းပေးလျက်ရှိကြောင်း သိရသည်။

ကျုံးပတ်လည်တစ်ဝိုက်မှာ ကျုံးရေပြာပြာကိုကြည့်ရှုရင်း မန္တလေးတောင်အလှနှင့်နန်းမြို့ရိုးအလှကို ကြည့်ရှုခံစားလေ့ရှိသည်။ ကျုံးပတ်လည်တွင် ကျန်းမာရေးအတွက် လမ်းလျှောက်သူများဖြင့် စည်ကားသလို သစ်ပင်အရိပ်များတွင် အနားယူအပန်းဖြေသူတို့ဖြင့် နေ့စဉ်စည်ကားလျက်ရှိသည်။

ကျန်းမာရေးအတွက် အားကစားကိရိယာများစွာထားရှိသလို လွတ်လပ်အေးချမ်းစွာ အပန်းဖြေနိုင်ရန်အတွက် လှပသောခုံကလေးများ အစီအရီထားရှိထားသည်။ ကျုံးကိုပတ်လိုက်သည်နှင့် လှပစွာကိုင်းကျနေပြီး သဘာဝအတိုင်းလှနေသော ထနောင်းပင်အလှမှာ မြင်သူတိုင်းစိတ်ကြည်နူးမှုကိုဖြစ်ပေါ်စေသည်အထိ လှပလျက်ရှိသည်။ ကျုံးရေပြာ နန်းမြို့ရိုးနောက်ခံနှင့်အတူ လှပသော သစ်ပင်များစွာသည် လာရောက်လည်ပတ်သူရင်တွင်း အေးချမ်းခြင်းများစွာကို ဖြစ်ပေါ်နေသည်။

**(တိမ်တမန်)**



ပညာရေးဝန်ကြီးဌာန
ကျောင်းအပ်နှံရေးသီတင်းပတ်
( ၂၀၁၆ - ၂၀၁၇ ပညာသင်နှစ် )
မေလ(၂၅) ရက် မှ (၃၁) ရက်အထိ
ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းအပ်နှံရေး
ပြည်သူအားလုံးပူးပေါင်းပါဝင် ဆောင်ရွက်ပေး

# ကရင်တိုင်းရင်းသားစာပေသင်ကြားမည့် ဆရာ ဆရာမများ မွမ်းမံသင်တန်းဆင်း

**မြောင်းမြ မေ ၂၃**
မြောင်းမြခရိုင် ကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီက ကြီးမှူးကျင်းပသည့် ၂၀၁၆-၂၀၁၇ ပညာသင်နှစ် အခြေခံပညာကျောင်းများတွင် ကရင်တိုင်းရင်းသားစာပေ (ပိုးကရင်၊ စကောကရင်)သင်ကြားမည့် ဆရာ ဆရာမများ မွမ်းမံသင်တန်းဆင်းပွဲကို မေ ၂၀ ရက် မွန်းလွဲပိုင်းက မြောင်းမြမြို့ မုဆိုးကွင်းရပ်ကွက် သတ္တမနေ့ ဥပုသ်အသင်းတော်ဝင်းအတွင်းရှိ အစည်းအဝေးခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ် ကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီ နာယကဆရာတော် ဘဒ္ဒန္တကောတဏ္ဍညက သြဝါဒစကား မြွက်ကြားပြီး ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့၊ ကရင်တိုင်းရင်းသားရေးရာဝန်ကြီး ဂျိုးမိုးမြတ်သူ၊ မြောင်းမြမြို့နယ် အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဇေယျ၊ ခရိုင်ပညာရေးမှူးရုံး လ/ထ ပညာရေးမှူးမန်းသန်းဝင်းတို့က သင်တန်းဆင်း အမှာစကားများ အသီးသီးပြောကြားခဲ့ကြောင်း သိရသည်။

ဆက်လက်ပြီး သင်တန်းဆင်းလက်မှတ်များကိုပေးအပ်ရာ မြို့နယ်အလိုက် သင်တန်းသားကိုယ်စားလှယ်များကလက်ခံရယူကြပြီး ပိုးကရင်၊ စကောကရင်ဘာသာ အဆို၊ အကများဖြင့် ဧည့်ခံဖျော်ဖြေခဲ့ကြသည်။

**အောင်မင်း(မြောင်းမြ)**



# ရေသယ်ယာဉ် ၄၃ စီးဖြင့် ရေလှူဒါန်းနိုင်ရေး စီစဉ်ဆောင်ရွက်

**ရန်ကုန် မေ ၂၃**
ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းသည် ဧပြီလဆန်းမှစ၍ ဖောင်ဒေးရှင်းပိုင် ရေသယ်ယာဉ်ငါးစီးဖြင့် သောက်သုံးရေများ နေ့စဉ်လှူဒါန်းလျက်ရှိရာ ယနေ့အထိ လူဦးရေ ၅၀၀၀၀ ကျော်အတွက် သောက်သုံးရေဂါလန်ပေါင်း ခြောက်သိန်းကျော်ခန့်ကို ဖြန့်ဝေလှူဒါန်းနိုင်ခဲ့ပြီး ဆက်လက်၍ ရေသယ်ယာဉ်စုစုပေါင်း ၄၃ စီးဖြင့် ဖြန့်ဝေလှူဒါန်းနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းမှ လှူဒါန်းသော ရေဂါလန် ၃၀၀၀ ဆံ့ (SINO Truck) အမျိုးအစား ရေသယ်ယာဉ်သစ်သုံးစီးသည် ယနေ့ နံနက် ၇ နာရီတွင် ယာဉ်မောင်းများ၊ ကြီးကြပ်သူများနှင့်အတူ ကမ္ဘောဇဘဏ် လီမိတက် ပြည်ကြီးတံခွန်ဘဏ်ခွဲ စုရပ်မှတစ်ဆင့် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့၊ ချင်းပြည်နယ် ဖလမ်းမြို့နှင့် ဟားခါးမြို့များသို့ စတင်ထွက်ခွာ သွားပြီဖြစ်ကာ အဆိုပါယာဉ်များဖြင့် မြို့ပေါ်နှင့် ရပ်ကွက်/ကျေးရွာများတွင် သောက်သုံးရေများ ဖြန့်ဝေလှူဒါန်းသွားမည်ဖြစ်သည်။

ထို့အတူ မေ ၂၂ ရက်တွင် ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းသည် မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့နယ်အတွင်း သောက်သုံးရေရှားပါးသော မြို့ပေါ်နှင့် ရပ်ကွက်/ကျေးရွာများတွင် သောက်သုံးရေများ ဖြန့်ဝေလှူဒါန်းနိုင်ရန်အတွက် ရေဂါလန် ၃၀၀၀ ဆံ့ ရေသယ်ယာဉ်သစ်တစ်စီးကို ကမ္ဘောဇဘဏ်လီမိတက် နွားထိုးကြီးဘဏ်ခွဲတာဝန်ခံ ဒေါ်သင်းသင်းမော်က နွားထိုးကြီးမြို့ မြို့မိမြို့ဖဖြစ်သူ မေတ္တာမွန် လူမှုကူညီရေးအသင်းမှ ဦးသိန်းဝင်းထံ ပေးအပ်လှူဒါန်းခဲ့သည်။

**(ဝ၁၀)**

# ရန်ကုန်မြို့တွင် အဝေးပြေးကုန်ကားဂိတ်ဝင်း အမြန်ဆုံးအကောင်အထည်ဖော်ပေးစေလို

**ရန်ကုန် မေ ၂၃**
၁၉၉၀ ခုနှစ်မတိုင်မီ ရန်ကုန်မြို့လယ်ဖြစ်သော လမ်းမတော်၊ လသာ၊ ပန်းဘဲတန်းမြို့နယ်အတွင်းတွင် ကုန်စည်ရောင်းဝယ်ရေးပွဲရုံများ၊ ကုန်ကားဂိတ်များရှိခဲ့သည်။ သို့သော် ယာဉ်ကြောပိတ်ဆို့မှု လျော့ပါးရေးအတွက် ယင်းပွဲရုံများ၊ ကုန်ကားဂိတ်များကို ယခုဘုရင့်နောင်ပွဲရုံနှင့် ကုန်တင်နှင့် ကုန်တင်ယာဉ် ရပ်နားစခန်းရှိရာ မရမ်းကုန်းမြို့နယ်သို့ ၁၉၉၀ ခုနှစ်အလွန်တွင် ပြောင်းရွှေ့ခဲ့သည်။

၁၉၉၃ ခုနှစ်ဝန်းကျင်တွင် စတင်ဖွင့်လှစ်ခဲ့သော ဘုရင့်နောင်ပွဲရုံနှင့် ကုန်တင်ယာဉ်ရပ်နားစခန်းတွင် ယင်းကာလ အသုံးပြုများခဲ့သော ယာဉ်နောက်ပိုင်း ကိုယ်ထည်အရှည် ပေ ၂၀ ဝန်းကျင်ရှိသည့် ခြောက်ဘီးကုန်ကားများအတွက် အကွက်ချတည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ၂၀၀၀ ပြည့်နှစ်အလွန်မှစ၍ ယာဉ်ကိုယ်ထည် ပေ ၃၀ ဝန်းကျင်ရှိသော ၁၀ ဘီး၊ ၁၂ ဘီး ကုန်ကားကြီးများ၊ ၂၀၁၂ နောက်ပိုင်းမှစ၍ အရှည်ပေ ၄၀ရှိ နောက်တွဲယာဉ်ပါရှိသော ၁၈ ဘီး၊ ၂၂ ဘီး ကုန်ကားကြီးများ အသုံးပြုများလာသည်။ သို့ဖြစ်ရာ လက်ရှိ ဘုရင့်နောင်ပွဲရုံအနေအထားနှင့် ယနေ့ကာလအသုံးပြုနေသော ကုန်ကားကြီးများမှာ ဆီလျော်မှုမရှိဘဲ ယာဉ်ကြောပိတ်ဆို့မှုကို ပိုမိုဖြစ်ပေါ်စေသည်ဟု ပွဲရုံဝင်းအတွင်း လုပ်ကိုင်သူများက ပြောဆိုမှုများရှိလာသည်။

နောက်တွဲကုန်ကားကြီးများ နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲထိ ပွဲရုံဝင်းအတွင်း ဝင်ရောက်ခွင့်မပြုခြင်းကိုလိုက်နာမှုရှိ၊ မရှိ စောင့်ကြည့်အရေးယူမှုများရှိနေသည်။ ဝင်ရောက်ခွင့်ရှိသော ၁၀ ဘီး၊ ၁၂ ဘီး ကားကြီးများအနေဖြင့် ပွဲရုံနှင့် ကားဂိတ်၊ တိုက်ခန်းများရှေ့တွင် နေရာယူ(ပါကင်ထိုး) ထားသည့်အခါ ယာဉ်ကြောနှစ်ကြောစာ မောင်းနှင်နိုင်သည့် အဆိုပါ လမ်းသွယ်များတွင် ယာဉ်ကြောတစ်ကြောစာသာ သွားလာနိုင်သည်။

တိုက်ခန်းများရှေ့ရှိ ယာဉ်နှစ်စီးကုန်တင်ကုန်ချပြုလုပ်သည့် နေရာများတွင် ဂိုထောင်သဖွယ် ကုန်ပစ္စည်းများစုပုံထားရှိခြင်း၊ ခင်းကျင်းအရောင်းအဝယ်ပြုလုပ်ခြင်းများ ရှိလာသည်ကို တွေ့ရှိရသည်။ ပွဲရုံနှင့် ကားဂိတ်များသို့ ကုန်တင်ကုန်ချပြုလုပ်မည့် ကုန်ကားများအနေဖြင့် တိုက်ခန်းမျက်နှာစာရှေ့အစား ကားလမ်းမပေါ်တွင်သာ ရပ်နားစောင့်ဆိုင်းခြင်း၊ ကုန်တင်ကုန်ချပြုလုပ်ခြင်းများကို အထူးသဖြင့် ရေထွက်ကုန်ပစ္စည်း၊ မီးဖိုချောင်သုံးကုန်စည်နှင့် ဆန်အဓိကထား ရောင်းဝယ်နေသည့် လမ်းသွယ်နှင့်လမ်းမများ၊ ဓာတ်မြေသြဇာနှင့် ဆောက်လုပ်ရေးသုံးပစ္စည်းရောင်းချသည့် လမ်းသွယ်များတွင် မြင်တွေ့နေရသည်။

ရန်ကုန်မြို့တွင်း ယာဉ်ကြောပိတ်ဆို့မှုဖြစ်စေသည့် အကြောင်းအရာများတွင် ကားလမ်းမ၊ လမ်းဘေးယာဉ်ရပ်ရာနေရာ၊ လူသွားလမ်းတို့တွင် စည်းကမ်းမဲ့ဈေးရောင်းချခြင်းများပါဝင်နေသည်။ ထိုနည်းတူ ဘုရင့်နောင်ပွဲရုံဝင်းအတွင်းတွင် ဖြစ်ပေါ်နေသော်လည်း အရေးယူမှုအားနည်းသည့်အတွက် လမ်းကြောင်းပြောင်းပြန်မောင်းနှင်မှုများ မြင်တွေ့နေရဆဲဖြစ်သည်။ ပွဲရုံဝင်း အတွင်းသာမက ပွဲရုံဝင်းအပြင် ဖြစ်သော ဘုရင့်နောင်လမ်းမကြီးပေါ်တွင် မောင်းနှင်သည့်အခါ လမ်းကြောင်းပြောင်းပြန်မောင်းနှင်မှု မြင်တွေ့ရတတ်သည်။

မကြာခဏ ညပိုင်းအထိကြာမြင့်တတ်သော ဘုရင့်နောင်ပွဲရုံဝင်း ယာဉ်ပိတ်ဆို့မှုသည် နေ့စဉ်ဆက်တိုက်ဖြစ်တတ်သည်။ ဘုရင့်နောင်ခုံးကျော်တံတားနှစ်စင်းနှင့် လှိုင်မြစ်ကူးဘုရင့်နောင်တံတားအမှတ်(၂)တို့ စတင်အသုံးပြုနိုင်ချိန်တွင် လျော့နည်းသွားမည်ဟု မျှော်လင့်ခဲ့သော်လည်း လက်တွေ့တွင် ကြုံတွေ့နေရဆဲဖြစ်သည်။

ပွဲရုံဝင်းနှင့်အတူ ဆက်စပ်သော ဘုရင့်နောင်ကားလမ်းမကြီး အပါအဝင် လမ်းများတွင် ယာဉ်ကြောပိတ်ဆို့မှု လျော့ပါးလာနိုင်ပါသည်။ သို့ဖြစ်ရာ အဝေးပြေးကုန်ကားဂိတ်ဝင်းတစ်ခု ဖြစ်ပေါ်လာရေးအတွက် အခြားသော မော်တော်ယာဉ်ရောင်းဝယ်ရေးစခန်းနှင့် ကုန်သေတ္တာတင်ယာဉ်ရပ်နားစခန်းတို့နည်းတူ ဆောင်ရွက်ပေးစေလိုသည်။

**(မောင်စေအောင်)**



# ကျပ်သိန်းတစ်သောင်းချီးမြှင့်မည့် ကျပ် ၅၀၀ တန် အောင်ဘာလေထီ တိုးချဲ့နိုင်ရန်ဆောင်ရွက်နေပြီး ရှစ်လအကြာတွင် စတင်ရောင်းချမည်

**ရန်ကုန် မေ ၂၃**

အစိုးရ၏ ရက် ၁၀၀ အတွင်း ရည်မှန်းချက်ထား အကောင်အထည်ဖော်ဆောင်ရွက်နေသည့် စီမံကိန်းများတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် ဆုကြေးငွေကျပ်သိန်းတစ်သောင်း ချီးမြှင့်မည့် ကျပ် ၅၀၀တန် အောင်ဘာလေထီ တိုးချဲ့ထုတ်လုပ်နိုင်ရန် ကနဦးရည်မှန်းချက်ထား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးမင်းထွဋ်က ရက် ၁၀၀ စီမံချက်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် ရက် ၁၀၀ စီမံချက်အတွင်း ကျပ် ၅၀၀ တန် အောင်ဘာလေထီ တိုးမြှင့်ထုတ်လုပ်နိုင်ရေးကို အဓိက ရည်မှန်းချက်ထား ဆောင်ရွက်သွားမည်ဖြစ်ပြီး အဆိုပါ ထီလက်မှတ်ကို ရှစ်လခန့်အကြာတွင် စတင်ရောင်းချပေးသွားမည်ဟု ၎င်းက ပြောကြားသည်။

"ကျွန်တော်တို့ဌာနအနေနဲ့ ရက် ၁၀၀ ကာလမှာ ပြည်သူ့အကျိုးပြုလုပ်ဖို့ အစီအမံအနေနဲ့ ကျပ် ၅၀၀ တန် အောင်ဘာလေထီ တိုးမြှင့်ထုတ်လုပ်ဖို့က ပထမအချက်ပါ။ နိုင်ငံတကာကိုလေ့လာတဲ့အခါကျတော့ ထီလက်မှတ်တစ်စောင်ကို နှစ်ဒေါ်လာနီးနီးလောက်ရှိပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့က ထီလက်မှတ်ကို လက်ရှိထုတ်နေတဲ့ ကျပ် ၂၀၀ တန်ထီလက်မှတ်အပြင် နောက်ထပ်တစ်စောင် ကျပ် ၅၀၀ တန် ထီလက်မှတ်ထုတ်လုပ်ဖို့ စီစဉ်ရခြင်းဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာလည်း အမြင့်ဆုံးဆုငွေဖြစ်ဖို့ ပထမဆုကို သိန်းတစ်သောင်းပေးမှာဖြစ်ပါတယ်။ ဒုတိယဆုအနေနဲ့ သိန်းငါးထောင်၊ သိန်းတစ်ထောင်၊ သိန်းငါးရာစသည်ဖြင့် ဆုမဲပေါင်းများစွာနဲ့ ဖွင့်လှစ်ပေးမှာဖြစ်ပါတယ်။ အချိန်ကာလအနေနဲ့ကတော့ ကျွန်တော်တို့ စတင်ဆောင်ရွက်နေပါပြီ။ စတင်ပြီးတော့ ရောင်းချနိုင်မယ့်အချိန်ကတော့ နောက်ထပ် ရှစ်လလောက်အကြာမှာ စတင်ရောင်းချမှာဖြစ်ပါတယ်။ ဒါကတော့ အောင်ဘာလေ ကျပ် ၅၀၀ တန် ထီတိုးချဲ့ဆောင်ရွက်မယ့် အစီအစဉ်ဖြစ်ပါတယ်"ဟု ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းထွဋ်က ဌာန၏ ရက် ၁၀၀ စီမံချက်များအပေါ် ရှင်းလင်းပြောကြားခဲ့သည်။

ယင်းသို့ ကျပ် ၅၀၀ တန် အောင်ဘာလေထီလက်မှတ်အပြင် လက်ရှိ ကျပ် ၂၀၀ တန်အောင်ဘာလေ ထီလက်မှတ်စနစ်နှင့်အတူ ကျပ်ငါးဆယ်တန် အီလက်ထရွန်နစ်စနစ်သုံး ထီစနစ်တို့ကိုလည်းအကောင်အထည် ဖော်နိုင်ရန် စီစဉ်ဆောင်ရွက်သွားမည်ဟု သိရသည်။

အောင်ဘာလေသိန်းထီဆုကို ၁၉၃၈ ခုနှစ်တွင် စတင်ထုတ်ဝေရောင်းချခဲ့ပြီး ထီတစ်စောင်ကို နှစ်ကျပ်ဖြစ်ကာ အမြင့်ဆုံးထီဆုမှာ ကျပ်တစ်သိန်းဆုဖြစ်သည်ဟု သိရသည်။ ယင်းမှ ထီလက်မှတ်ဈေးနှုန်းများ တိုးမြှင့်လာခဲ့ရာတွင် ထီတစ်စောင်နှစ်ကျပ်မှ ငါးကျပ်၊တစ်ဆယ်၊ ငါးဆယ်၊ တစ်ရာ၊ လက်ရှိ ကျပ် ၂၀၀ တန် အောင်ဘာလေ ထီလက်မှတ်သို့ တိုးမြှင့်ရောင်းချခဲ့သည်။ လက်ရှိ ကျပ် ၂၀၀ တန် ထီလက်မှတ်ကို ၂၀၀၉ခုနှစ် စတင်ထုတ်လုပ်ခဲ့ ခြင်းဖြစ်ပြီး ဆုမဲကိုလည်း အောင်ဘာလေထီ စတင်ခဲ့သည့် နှစ်ကျပ်တန်ထီ၏ ဆုမဲကျပ်တစ်သိန်းမှ ကျပ်သုံးသိန်း၊ ကျပ်ငါးသိန်း၊ ကျပ်သိန်းငါးဆယ်၊ ကျပ်သိန်းငါးရာ၊ ကျပ်သိန်းတစ်ထောင်၊ ကျပ်သိန်းတစ်ထောင့်ငါးရာ စသည်ဖြင့်တိုးမြှင့်ခဲ့ကြောင်း ပြည်တွင်းအခွန်များဦးစီးဌာနမှ သိရသည်။

အစိုးရ၏ အောင်ဘာလေ ထီလက်မှတ်ဈေးမှာ ကျပ် ၂၀၀ ဖြစ်သော်လည်း အများပြည်သူများ ထီထိုးရာတွင် ကျပ်သုံးရာ၊ ကျပ်သုံးရာငါးဆယ်၊ နယ်မြို့များတွင် ဈေးနှုန်းမြင့်မားစွာဖြင့် ကံစမ်းနေရသည်ဟု အများပြည်သူများထံမှ သိရပြီး ထီပေါက်အားမှာလည်း နည်းပါးလွန်းသောကြောင့် အောင်ဘာလေထီစနစ်အပေါ် ယုံကြည်အားကိုး ကံစမ်းမှု နည်းပါးလာပြီး တရားမဝင်ချဲထီများကိုသာ ကံစမ်းနေကြသဖြင့် အစိုးရ၏ တရားဝင် အောင်ဘာလေ ထီစနစ်ကို ပြုပြင်ပြောင်းလဲသင့်သည်ဟု အများပြည်သူများက ဝေဖန်အကြံပြုကြသည်။ **(ဆုနှင်းလဲ့)**




# သောက်သုံးရေအဆင်ပြေစေရန် ရေခန်းခြောက်နေသည့်ကန်ဟောင်းများကို ပြန်လည်တူးဖော်

**ရန်ကုန် မေ ၂၃**

ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ် စိုက်/မွေး(၁)ရပ်ကွက်ရှိ ရပ်ကွက်သူ၊ ရပ်ကွက်သားများ သောက်သုံးရေအဆင်ပြေစေရန် ရေခန်းခြောက်နေသည့် ကန်ဟောင်းများကို ပြန်လည်တူးဖော်ခြင်း၊ ဆည်ရေသွင်းခြင်းလုပ်ငန်းများကို မေ ၁၉ ရက် နံနက်ပိုင်းမှစတင်၍ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

ထိုသို့ ကန်ဟောင်းများ ပြန်လည်တူးဖော်ခြင်းနှင့် ဆည်ရေသွင်းခြင်းလုပ်ငန်းကို Minn Anawrahta Group Co.,Ltd. မှမြေတူးစက်ယာဉ်နှစ်စီးဖြင့် မြေသားတူးဖော်လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။ "အခုလိုကန်ဟောင်းတွေပြန်တူးတဲ့နေရာမှာ ကျွန်တော်တို့ စိုက်/မွေး(၁) ရပ်ကွက်မှာဆိုရင် ကန်အားလုံး ၄၈ ကန်ရှိပါတယ်။ ၉ ကန်ကို မြေသားတွေပြန်လည်တူးဖော်ပြီး အလျားပေ ၂၀၀ နဲ့ အနံပေ ၁၀၀၊ အနက် လေးပေဖြစ်အောင်တူးဖော်သွားမှာပါ။ ၁၃ ကန်ကိုတော့ ဆည်ရေသွင်းပြီးသွားပါပြီ။ ကျန်တဲ့ကန်တွေကိုလည်း ရေပြတ်လပ်မှုမရှိအောင်အတတ်နိုင်ဆုံးပြုလုပ်ပေးသွားမှာပါ။လှူဒါန်းတဲ့သူတွေက မြေတူးစက်ရယ်၊ စက်ဆီဖိုးရယ်၊ စက်မောင်းတဲ့လူအင်အားရယ်ကို အကုန်လုံးလှူဒါန်းပေးပါတယ်" ဟု ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးခင်ထွန်းက ပြောသည်။

အဆိုပါ စိုက်/မွေး(၁)ရပ်ကွက်တွင်နေထိုင်သူ ဒေါ်အေးဝင်းကလည်း ရာသီဥတုကအရမ်းပူတော့ ကန်တွေလည်း ရေတွေခန်းသွားတယ်။ အခုသောက်စရာရေကို တောင်မှ အဝေးကြီးကနေ သွားခပ်နေရတယ်။ အခုလို ကန်တွေကို ပြန်တူးပေးတော့ ရေအတွက်အခက်အခဲမရှိတော့ပါဘူး။ အရမ်းဝမ်းသာပါတယ်။ လှူတဲ့သူတွေကိုလည်း ကျေးဇူးတင်ပါတယ်"ဟု ပြောသည်။

အယ်နီညိုရာသီဥတုကြောင့် သောက်သုံးရေ ပြတ်လပ်မှုမရှိစေရန် ခန်းခြောက်နေသောရေကန်များကို ပြန်လည်တူးဖော်ခြင်းများအပြင် ပရဟိတအဖွဲ့များနှင့်ပူးပေါင်းပြီး သောက်သုံးရေဘူးများကိုလည်း ဆက်လက်လှူဒါန်းသွားနိုင်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။ **(ကျော်သူမြင့်စိုး)**




# မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမပွဲစဉ်(နေပြည်တော်) ဆုချီးမြှင့်ပွဲကျင်းပ

**နေပြည်တော် မေ ၂၃**

မြန်မာနိုင်ငံတွင် ထူးချွန်သော ဂေါက်သီးအားကစားသမားများ ပေါ်ထွက်လာစေရန်အတွက် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေတို့ ကြီးမှူး၍ ဧရာဝတီဘဏ်၏ အဓိကပံ့ပိုးကူညီမှုဖြင့်ကျင်းပသည့် ၂၀၁၆ မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမပွဲစဉ်(နေပြည်တော်)၏ စတုတ္ထနေ့ (၁၈) ကျင်းပွဲစဉ်များကို မေ ၂၂ ရက်က ဆက်လက်ကျင်းပသည်။

စတုတ္ထနေ့ပွဲစဉ်များအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ဧရာဝတီဘဏ်အထွေထွေမန်နေဂျာ ဦးသန့်ဇော်စိုးက ဝါသနာရှင်အဆင့် အမျိုးသမီးပြိုင်ပွဲ၌ စုစုပေါင်းရိုက်ချက် ၂၃၀ ဖြင့် ဒုတိယရရှိသော သင်းဝေခိုင်၊ စုစုပေါင်းရိုက်ချက် ၂၂၃ ချက်ဖြင့် ပထမရရှိသော ခင်မာနွယ်တို့အားလည်းကောင်း၊ ဧရာဝတီဘဏ် အထွေထွေမန်နေဂျာ ဦးကျော်ဇောဟန်က ဝါသနာရှင်အဆင့် အမျိုးသားပြိုင်ပွဲ၌ စုစုပေါင်းရိုက်ချက် ၂၉၅ ချက်ဖြင့် ဒုတိယဆုရရှိသော မင်းနိုင်စိုး၊ စုစုပေါင်းရိုက်ချက် ၂၉၀ ဖြင့် ပထမဆုရရှိသော ဟိန်းစည်သူတို့အားလည်းကောင်း၊ ပရော်ဖက်ရှင်နယ်အဆင့်ပြိုင်ပွဲ၌ သတ်မှတ်ရိုက်ချက်ထက် ခြောက်ချက်လျော့ရိုက်ကာ ပထမရရှိခဲ့သည့် အောင်ဝင်းအားလည်းကောင်း ဆုများချီးမြှင့်သည်။

ဆက်လက်၍ Max Myanmar Group of Companies ဒုတိယဥက္ကဋ္ဌ ဦးအုန်းကျော်က ပရော်ဖက်ရှင်နယ်အဆင့်ပြိုင်ပွဲတွင် ပထမရရှိခဲ့သည့် အောင်ဝင်း (Modern Hanthawaddy Golf Academy) အား ဆုကြေးငွေချက်လက်မှတ်ချီးမြှင့်ခဲ့သည်။ **(အပေါ်ပုံ)** **(ဖိုးသော်ဇင်)**

# ပွင့်လင်းမြင်သာမှုအားနည်းပြီး တာဝန်ယူမှု၊တာဝန်ခံမှုခိုင်မာသောလုပ်ထုံးလုပ်နည်းများမရှိ၍ ယင်းမာပင်ခရိုင်မှ ကြေးနီစီမံကိန်းနှင့် ဒေသခံများအကြား ပဋိပက္ခများပိုမိုလာ

**ဆားလင်းကြီး မေ ၂၃**

လာရောက် ရင်းနှီးမြှုပ်နှံကြသော ပုဂ္ဂလိကပိုင်ကုမ္ပဏီများနှင့် မြန်မာအစိုးရ၏ သက်ဆိုင်ရာဝန်ကြီးဌာနများ ပွင့်လင်းမြင်သာမှု အားနည်းခြင်း၊ တာဝန်ယူမှု၊တာဝန်ခံမှုပျက်ကွက်ခြင်းနှင့် ခိုင်မာသောလုပ်ထုံးလုပ်နည်းပုံစံများမရှိခြင်းတို့ကြောင့် ဒေသခံများနှင့် ကုမ္ပဏီ၊ အစိုးရအာဏာပိုင်များအကြား ပဋိပက္ခများ ပိုမိုဆိုးရွားစွာဖြစ်ပွားလာခဲ့ကြောင်း မေ ၂၂ ရက် နံနက်ပိုင်းက မုံရွာမြို့ ဝင်းယူနတီဟိုတယ်ခန်းမအတွင်း ကျင်းပပြုလုပ်သောလက်ပံတောင်းတောင် သုတေသနစာတမ်းတွင် ထည့်သွင်းရေးဆွဲထားသည်။ လက်ပံတောင်းတောင် သုတေသနစာတမ်းကို မြန်မာနိုင်ငံပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှု၊ တာဝန်ခံမှုဆိုင်ရာ အရပ်ဘက်မဟာမိတ်အဖွဲ့ (MATA) နှင့် ဒေသခံများ ကိုယ်တိုင်သုတေသန စစ်တမ်းကောက်၍ ရရှိလာသော အချက်အလက်မှန်များကို အခြေခံထားသော စာတမ်းဖြစ်ကြောင်း MATA စံပယ်တောင်၊ ကြေးစင်တောင်နှင့် လက်ပံတောင်းတောင် စီမံကိန်း သုတေသနအဖွဲ့ တာဝန်ခံသုတေသီ ကိုအေပရယ်ကြူကြူးထံမှ သိရသည်။

"သတ္တုတူးဖော်ခြင်း စီမံကိန်းအကောင်အထည်ဖော်တာတွေကြောင့် ဒေသခံတွေအနေနဲ့ဆုံးရှုံးမှုတွေကို ခံစားနေကြရဆဲဖြစ်သလို နောက်ဆက်တွဲအနေနဲ့ လူ့အခွင့်အရေးချိုးဖောက်မှုတွေ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းတွေ၊ စားနပ်ရိက္ခာဖူလုံမှုနဲ့ လူထုရဲ့ ကျန်းမာရေးအပေါ် ထိခိုက်စေမှုတွေ ပါဝင်လာပါတယ်။MATAအဖွဲ့အနေနဲ့ သဘာဝစီမံခန့်ခွဲမှုမှာ ပွင့်လင်းမြင်သာပြီး တာဝန်ယူ တာဝန်ခံတာတွေ အပြည့်ရရှိဖို့နဲ့ ဒေသခံတွေပါဝင်တဲ့သယံဇာတစီမံခန့်ခွဲတဲ့စနစ် ဖြစ်စေနိုင်မယ့် အခြေအနေတစ်ခု ဖန်တီးပေးနိုင်ဖို့ လုပ်ဆောင်နေပါတယ်။ ဒါ့အပြင် အကျင့်ပျက်ခြစားမှု တိုက်ဖျက်ရေးအတွက် နိုင်ငံတော်အခွန်ဘဏ္ဍာဝင်ငွေတွေ ပွင့်လင်းမြင်သာတာတွေရှိဖို့ ပူးပေါင်းပါဝင်ဆောင်ရွက်နေပါတယ်" သုတေသီ ကိုအေပရယ်ကြူကြူးက ပြောပြသည်။

မြန်မာနိုင်ငံအလယ်ပိုင်း ဆားလင်းကြီးမြို့နယ် သတ္တုတွင်းသည် မြန်မာနိုင်ငံတွင် အကြီးဆုံးသတ္တုတွင်းအဖြစ်တည်ရှိနေပြီး ၁၉၆၇ နှင့် ၁၉၈၆ ခုနှစ်ကြားကာလများတွင် မြန်မာနိုင်ငံ ဘူမိဗေဒစူးစမ်းရှာဖွေဖော်ထုတ်ရေးဌာန အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့နှင့် ယူဂိုဆလပ်နိုင်ငံပိုင် ကြေးနီတူးဖော်ရေးကုမ္ပဏီတို့က ပူးပေါင်းစမ်းသပ်တူးဖော်ခြင်းများ လုပ်ဆောင်ခဲ့သည်။ ၁၉၈၀ ခုနှစ် အစောပိုင်းကာလများတွင် ယူဂိုဆလပ်ပိုင် TB-Bor ကြေးနီအဖွဲ့အစည်းမှမြန်မာအစိုးရ၏အမှတ်(၁)သတ္တုတွင်း(ME1) အတွက်တစ်နေ့တန်ချိန် ၈၀၀၀ ကျော်ကြေးပါဝင်သောသတ္တုများ ထုတ်ယူနိုင်ရန်အတွက် စက်ရုံတည်ဆောက်ပေးခဲ့သည်။ ၁၉၈၅ ခုနှစ်မှ ၁၉၉၇ ခုနှစ်အထိ စံပယ်တောင်တစ်ခုတည်းမှ ကြေးနီ တစ်ရာခိုင်နှုန်းပါဝင်သော သတ္တုတန်ချိန်ပေါင်း ၁၅ သန်းထုတ်ယူခဲ့သည်။

စံပယ်တောင်၊ ကြေးစင်တောင်စီမံကိန်းကို ၁၉၉၆ တွင် မြန်မာ့သတ္တုတွင်းဝန်ကြီးဌာန ကနေဒါနိုင်ငံ အိုင်ဗင်ဟိုးသတ္တု တူးဖော်ရေးလီမိတက်၏ ကုမ္ပဏီခွဲအိုင်ဗင်ဟိုးမြန်မာလီမိတက်တို့ဖြင့် ၅၀ ရာခိုင်နှုန်း အကျိုး ဖက်စပ်လုပ်ကိုင်ခဲ့သည်။ မြန်မာအိုင်ဗင်ဟိုးကြေးနီ တူးဖော်ရေးကုမ္ပဏီလီမိတက်ကို ၁၉၉၈ခုနှစ်တွင် အပြည့်အဝ စတင်လည်ပတ်ခဲ့ရာ စံပယ်တောင်၏တောင်ဘက် ကြေးစင်တောင်နှင့် လက်ပံတောင်းတောင်များတွင် အိုင်ဗင်ဟိုးမြန်မာဟိုးလ်ဒင်းလီမိတက် (MICCL)တို့ပူးပေါင်း၍ ကြေးနီထုတ်လုပ်မှု လုပ်ငန်းဆောင်ရွက်ခဲ့ပြီး စီးပွားဖြစ်ထုတ်လုပ်သည့် ၁၉၉၈-၁၉၉၉မှ ၂၀၁၁-၂၀၁၂အထိ ကြေးနီ(၂၂၁၇၄၃ဒသမ၁၁)မက်ထရစ်တန် ထုတ်လုပ်ခဲ့ရာ စပယ်တောင်သည် တောင်အဖြစ်မှတွင်း၊ တွင်းအဖြစ်မှ ရေကန်ကြီးဖြစ်သည်အထိ တူးဖော်ခဲ့ကြပြီး ယခုလက်ရှိမျက်နှာပြင်သည် ပင်လယ်ရေမျက်နှာပြင်ထက် နိမ့်ကျသောအဆင့်အထိ ဖြစ်ခဲ့ကြောင်း လေ့လာသူများ၏ဆန်းစစ်လေ့လာချက်များအရ သိရသည်။

စံပယ်တောင်၊ ကြေးစင်တောင် စီမံကိန်းအတွက် ကွင်း ၁၆ ကွင်းဖြစ်သည့် မြေဧရိယာ ၆၂၅၃ ဒသမ ၀၄ ဧကကို အသုံးပြုခဲ့ပြီး အဆိုပါမြေဧကများတွင် ဒေသခံများပိုင်ဆိုင်သော ဦးပိုင်အမည်ပေါက် လယ်ယာမြေ ၃၈၀၀ ကျော်ပါဝင်ပြီး အခြားသောမြေများမှာလည်း ဒေသခံများလုပ်ကိုင်ခွင့်ရသည့် လယ်ယာမြေအမျိုးအစားများ ပါဝင်ကြောင်းသိရသည်။ အဆိုပါမြေယာများပေါ်တွင် ထွန်ယက်လုပ်ကိုင်စားသောက်ကြသော ကျောက်မျက်အုပ်စု၊ မိုးကြိုးပြင်အုပ်စု၊ ဒုံးနောအုပ်စု၊ ရွှေပန်းခိုင်အုပ်စု၊ မြရိပ်အုပ်စု စသည့်ကျေးရွာများမှ ဒေသခံများအနေဖြင့် ၎င်းတို့စိုက်ပျိုးမြေများကို မည်သည့်တောင်းဆိုချက်၊ ညှိနှိုင်းချက်မျှမရဘဲစွန့်လွှတ်ခဲ့ကြရကြောင်း စံပယ်၊ ကြေးစင်တောင် စီမံကိန်းကြောင့် ဒေသခံများသဘာဝပတ်ဝန်းကျင်ပျက်စီးမှု၊ လူမှုစီးပွားရေးနှင့်ကျန်းမာရေးထိခိုက်မှုများနှင့် ပတ်သက်၍ ထိခိုက်နစ်နာမှုများ ရှိနေသော်လည်း ယခုအချိန်အထိ ကျယ်ကျယ်ပြန့်ပြန့် လေ့လာမှတ်တမ်းတင်ခြင်းမျိုး မရှိသေးကြောင်း လက်ပံတောင်းတောင် သုတေသနစာတမ်းမှသိရသည်။ **မျိုးဝင်းထွန်း(မုံရွာ)**

## ရုပ်မြင်သံကြားအစီအစဉ်များ

[၂၄ - ၅ - ၂၀၁၆ (အင်္ဂါနေ့)]

### မြန်မာ့ရုပ်မြင်သံကြား New Channel

၆း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၃၅ လူမှုစီးပွားမြင်ကွင်းများ
၈း၃၅ ပြည်သူ့အတွက် ပထမရက်(၁၀၀) (စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)
၉း၃၅ မြန်မာ့ရုပ်မြင်သံကြားလူငယ် အစီအစဉ်
၁၀း၃၅ မြန်မာ့ရုပ်မြင်သံကြားပညာရေး အစီအစဉ်
၁၁း၁၅ “သဘာဝနဲ့ကိုက်ညီအောင် နေထိုင်ခြင်း”
၁၁း၃၅ “နေပြည်တော်အမျိုးသားပြတိုက်”
၁၂း၅၀ နိုင်ငံခြားဇာတ်လမ်းတွဲ “ရွှေထီးဆောင်းမိသားစု” (အပိုင်း-၂၆)
၁း၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ “မင်္ဂလာပါဂင်ချီ” (အပိုင်း-၂၆)
၂း၂၀ ဆိုကြမယ်၊ ပျော်ကြမယ်
၂း၄၅ “အမျိုးနှင့် မျိုး”
၃း၃၅ လူမှုစီးပွားမြင်ကွင်းများ
၄း၁၅ “မိခင်နဲ့ ရင်သွေးကျန်းမာရေး အတွက် တို့ဆောင်ရွက်”
၄း၃၅ Football Magazine (ရောဝတီယူနိုက်တက်အသင်း)
၅း၃၅ မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာ စကားဝိုင်း (Franchise Business in Myanmar) (အပိုင်း-၁)
၆း၃၅ ကြယ်ပွင့်များရဲ့ရင်ခုန်သံ (အကယ်ဒမီကျော်ရဲအောင်)
၇း၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ “မင်္ဂလာပါဂင်ချီ” (အပိုင်း-၂၇)
၈း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၈း၃၅ “ပြည်သူ့အတွက် ပထမရက် (၁၀၀)” (စက်မှုဝန်ကြီးဌာန)
၉း၀၀ ပြည်တွင်းသတင်း
-နိုင်ငံခြားဇာတ်လမ်းတွဲ “ရွှေထီးဆောင်းမိသားစု” (အပိုင်း-၂၇)
- Yes or No Talk Show (ဆွေးနွေးငြင်းခုံမှုစကားစုများ) (အပိုင်း-၂)
-တမ်းတမ်းတတဖြစ်ခဲ့ရသော ရုပ်ရှင်တေးများ (အပိုင်း-၁၀)

**မှတ်ချက်။ ။ နာရီစဉ်တိုင်းတွင် ပြည်တွင်း သတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

### မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

၆း၀၀ အဖွင့်
-မိုးလေဝသအစီအစဉ်
-ပြည်သူ့နီတိ “အတွင်းစိတ်”
၆း၃၀ ကာတွန်းအစီအစဉ် "The Prince of Egypt" (အပိုင်း-၁)
၇း၀၀ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ “ရွှေရောင်လွှမ်းသောနေ့သစ်ဆီ” (အပိုင်း-၃)
၇း၄၀ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ “အချစ်စစ်ရဲ့ အလှတရား” (အပိုင်း-၅၁)
၈း၃၀ တေးဂီတအစီအစဉ်
၉း၀၀ ဂီတပညာရှင် ကိုနေဝင်း အစီအစဉ် (အပိုင်း-၁)
၉း၂၀ နိုင်ငံတကာရုပ်ရှင်ဇာတ်ဝင်တေးများ
၉း၄၀ တေးဂီတအစီအစဉ်
၁၀း၀၀ မြန်မာဗီဒီယိုဇာတ်လမ်း “နှင်းဆီနက္ခတ်”
၁၂း၀၀ အစီအစဉ်ပြီး၏။

**တစ်နေ့(၆)နာရီစာ (၄)ကြိမ်ပြသပါမည်။**

### MRTV- 4

၅း၀၀ ပဌာန်းပါဠိတော်+ မေတ္တာသုတ်
၅း၄၀ “အဟောင်းပစ်၍ အသစ်မရှာ” တရားတော် (ဆရာတော်ဘဒ္ဒန္တကုမာရ)
၆း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ထာဝရချစ်သူသည်သာ” (အပိုင်း-၇၁)
၇း၅၀ တန်ခိုးကြီးမား ဘုရားစေတီပုထိုးများ (ဖူးမြော်ကြည်ညိုစုံလင် ပခုက္ကူဘုရားများ တစ်ခွင်)
၈း၀၀ “မင်္ဂလာပါ”The Morning Show
၉း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “အိမ်ရှင်မ တို့ချစ်စကား” (အပိုင်း-၁၁၉)
၁၀း၁၅ ခေတ်သစ်ပျိုမေ
၁၁း၀၀ အနုပညာမိုးကောင်းကင်
၁၁း၂၅ သွားမယ်စားမယ် (ရွှေရိုးရာစတား)
၁၁း၅၀ MRTV-4 Stage
၁၂း၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ဂန္ထဝင် ကုန်သည်” (ဇာတ်သိမ်းပိုင်း)
၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ “လူရည်ချွန်” (အပိုင်း-၂၉)
၂း၅၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ထာဝရချစ်သူသည်သာ” (အပိုင်း-၇၁)
၅း၄၅ ရန်ကုန်မြင်ကွင်းကျယ် (Toshiba e-Studio 2309A ပစ္စည်းသစ် မိတ်ဆက်ပွဲအခမ်းအနား)
၆း၁၀ Health Fix
၆း၁၅ MRTV- 4 ရုပ်သံဇာတ်လမ်းတွဲ “ထာဝရချစ်သူသည်သာ” (အပိုင်း-၇၂)
၇း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ “လူရည်ချွန်” (အပိုင်း-၃၀)
၈း၂၀ ရသစုံညွန်းတမ်းများ
၈း၄၂ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “အိမ်ရှင်မတို့ချစ်စကား” (အပိုင်း-၁၂၀)
၉း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “နက္ခတ်ပညာရှင် (ဂျန်းယောလ်ရှီးလ်)” (အပိုင်း-၁)
၁၀း၀၅ အနုပညာမိုးကောင်းကင်
၁၀း၂၅ MRTV-4 Stage
၁၀း၅၅ World of Knowledge (Locked Up Abroad : Conned to Quito)

### mitv

07:26 Myanmar Social & Charitable Association (EP-3) (Part-1)
07:50 Myanmar Social & Charitable Association (EP-3) (Part-2)
08:26 Myanmar National Poet And Literary Icon; Prolific Writer of Poems & Prose - Min Thu Wun (Ep-2) Student Life & Early Literary Career
08:51 Delicacies From Magwe
09:26 Culture Show: Abdication of King Thibaw
09:43 Inspiration
09:50 Today Myanmar "An impact of El Niño weather event: Water Storage"
10:27 Crab Business (Part-II) Soft Shell Crab
10:40 Family of Toys
07:26 A Day Out With Sarah (EP-7)
07:52 Myanmar Harpist
08:26 " A Day Life Of Kayan Padaung Tribe
08:55 " Fortune Teller: "Yan Moe Aung"

## ဂိမ်းကိုအခြေပြုရိုက်ကူးထားသည့် The Angry Birds Movie အန်နီမေးရှင်းဇာတ်ကား ဝင်ငွေကောင်းလျက်ရှိ




ဂိမ်းလောကတွင် ရေပန်းစားနေသည့် Angry Birds ဂိမ်းကို အခြေပြုရိုက်ကူးထားသည့် The Angry Birds Movie အန်နီမေးရှင်းဇာတ်ကားသည် မေလဆန်းပိုင်းက ပြင်သစ်နိုင်ငံ ပါရီမြို့တွင် စတင်ပြသခဲ့ပြီး မေ တတိယပတ်တွင်မှ အမေရိကန်တွင်ပြသခဲ့ခြင်းဖြစ်ရာ မြောက်အမေရိကရှိ ရုပ်ရှင်ရုံများတွင် ရုံဝင်ငွေ အမေရိကန်ဒေါ်လာ ၃၉ သန်းကျော်ဖြင့် ဦးဆောင်လျက်ရှိကြောင်း Box Office Mojo က မေ ၂၂ ရက်က သတင်းထုတ်ပြန်ခဲ့သည်။

အဆိုပါဇာတ်ကားသည် ပြသပြီးအချိန်အတန်ကြာသည်အထိ ရုံဝင်ငွေ အားကောင်းနေဆဲဖြစ်သည့် ကပ္ပတိန်အမေရိကဇာတ်ကားနှင့်အပြိုင် ဝင်ငွေအားကောင်းခဲ့ခြင်းဖြစ်ပြီး ယင်းဇာတ်ကားသည် ရုံဝင်ငွေ အမေရိကန်ဒေါ်လာ ၃၃ ဒသမ ၁ သန်းကျော်ဖြင့် ဒုတိယနေရာတွင် ရပ်တည်နေသည်။

ထို့အပြင် Neighbors 2: Sorority Rising အမည်ရှိ ဟာသဇာတ်မြူးကားက မေ ၂၀-၂၂ ရက် အထိစာရင်းများအရ ဝင်ငွေ အမေရိကန်ဒေါ်လာ ၂၁ ဒသမ ၈ သန်းဖြင့် တတိယနေရာတွင်လည်းကောင်း၊ Russell Crowe ခေါင်းဆောင်ပါဝင်ထားသည့် The Nice Guys ဟာသဇာတ်မြူးကားကလည်း ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၁ သန်းကျော်ဖြင့် စတုတ္ထနေရာတွင်လည်းကောင်း တည်ရှိနေကြောင်း သိရသည်။




## Baeksang Awards ဆုပေးပွဲတွင် ရေပန်းစားနေသည့် ဆူဇီ

တောင်ကိုရီးယားအနုပညာလောကမှ ထူးချွန်သူများကို ချီးမြှင့်သည့် Baeksang Awards ဆုပေးပွဲအခမ်းအနားတွင် ပေါ့ပ်ကြယ်ပွင့် ဆူဇီက မျက်နှာသစ်အနုပညာရှင်တစ်ဦးအဖြစ် ရေပန်းစားလျက်ရှိကြောင်းသိရသည်။

တောင်ကိုရီးယားနိုင်ငံ၏ ရွှေကမ္ဘာလုံးဆုဟု တင်စားခေါ်ဝေါ်ကြသည့် (၅၂)ကြိမ်မြောက် Baeksang ဆုပေးပွဲကို ဇွန် ၃ ရက်တွင် တောင်ကိုရီးယားနိုင်ငံ၌ ကျင်းပသွားမည်ဖြစ်ပြီး ထိုဆုပေးပွဲတွင် တောင်ကိုရီးယားအမျိုးသမီးပေါ့ပ်ဂီတအဖွဲ့ Miss A မှ ဆူဇီက မျက်နှာသစ်မင်းသမီးတစ်ဦးအဖြစ် ရွေးချယ်ခံရရန် ပြောဆိုမှုများရှိနေကြောင်း ပြည်တွင်းမီဒီယာများက ဖော်ပြသည်ဟု စွန်ပီသတင်းဌာနက သတင်းဖော်ပြထားသည်။

တေးသံရှင်နှင့် ရုပ်ရှင်သရုပ်ဆောင်တစ်ဦးဖြစ်သူ ဆူဇီသည် တောင်ကိုရီးယားရုပ်သံလိုင်းတစ်ခုဖြစ်သည့် ကေဘီအက်စ်တူးရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသသည့် Dream High ဇာတ်ကားတွင် သူ၏သရုပ်ဆောင်ဘဝကို စတင်အောင်မြင်မှုရရှိခဲ့ခြင်းဖြစ်ကာ Miss A အဖွဲ့မှအဖွဲ့ဝင်တစ်ဦးအဖြစ်လည်း ဂီတလောကတွင် လှုပ်ရှားဆောင်ရွက်လျက်ရှိသည်။

ဆူဇီသည် မကြာသေးသောအချိန်က သူမ၏ခေတ်ပုံကို အင်တာနက်မှ ရယူအသုံးပြုကာ ကိုယ်ရေးအချက်အလက်များ အခိုးခံရမှုဖြစ်ပွားခဲ့ပြီး ယင်းကိစ္စနှင့်ပတ်သက်၍ သူ၏အေဂျင်စီမှ ဆူဇီသည် လူသိများသော အနုပညာရှင်တစ်ယောက်ဖြစ်ခြင်းကြောင့်ဟု မှတ်ချက်ပြုထားသည်။

သရုပ်ဆောင်ပိုင်းဆိုင်ရာလှုပ်ရှားမှုအနေဖြင့် ကေဘီအက်စ်တူး ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသမည့် Uncontrollably Fond ဇာတ်ကားတွင် မင်းသားကင်ဝူဘင်းနှင့်အတူ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

## ဘီလ်ဘုတ်ဂီတဆုပေးပွဲဖွင့်ပွဲတွင် ဘရစ်တနီစပီးယား ပါဝင်ဖျော်ဖြေ



ဂီတလောက၏ ရေပန်းအစားဆုံးသီချင်းများ၊ အနုပညာရှင်များကို ရွေးချယ်ချီးမြှင့်သည့် ၂၀၁၆ ခုနှစ်၏ ဘီလ်ဘုတ်ဆုပေးပွဲအခမ်းအနားကို မေ ၂၂ ရက် ညပိုင်းက အမေရိကန်နိုင်ငံ နီဗားဒါးပြည်နယ် လတ်စ်ဗီးဂတ်စ်မြို့၌ ကျင်းပခဲ့ရာ ပေါ့ပ်ဂီတကြယ်ပွင့် ဘရစ်တနီစပီးယားက Work Bitch," "Womanizer," "I Love Rock 'n' Roll" and "I'm a Slave 4 U." သီချင်းများဖြင့် ပါဝင်သီဆိုဖျော်ဖြေခဲ့သည်။

အဆိုပါဆုပေးပွဲအတွက် ဆန်ခါတင်ဆုရှင်များကို ဧပြီ ၁၁ ရက်ကတည်းက ကြေညာခဲ့ပြီးဖြစ်သည်။ ယခုဆုပေးပွဲတွင် တေးသံရှင် ဘရစ်တနီစပီးယားက Billboard Millennium Award ကိုလည်းကောင်း၊ ဆယ်စုနှစ်သုံးခုကြာဖြတ်သန်းခဲ့သည့် ဂီတသမိုင်းကြောင်းကို အသိအမှတ်ပြုသောအားဖြင့် Celine Dion အား Billboard Icon Award ကိုလည်းကောင်း ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ထို့အပြင် တေးသံရှင် အဒဲလ်က ဆုပေးပွဲတွင် သူ၏တေးသီချင်းဗွီဒီယိုသစ် Send My Love (To Your New Lover) ကို မိတ်ဆက်ပြသခဲ့ကြောင်း သိရသည်။

မျိုးစန္ဒာမောင်-စုစည်းသည်။

## ဗန်ဟားလ်တစ်ခန်းရပ်ပြီး မော်ရင်ဟိုနဲ့ အသစ်တစ်ဖန်ပြန်လည်မွေးဖွားတော့မယ့်

# အင်္ဂလန်ရဲ့ အစဉ်အလာအကြီးဆုံး မန်ယူ

အက်ဖ်အေဖလားဗိုလ်လုပွဲမှာ အားလုံးမျှော်လင့်ထားတဲ့အတိုင်း မန်ယူအသင်းသာဗိုလ်စွဲပြီး မန်ယူနည်းပြ ဗန်ဟားလ်က အသင်းအတွက် ဖလားတစ်လုံးတော့ ဆွတ်ခူးပေးနိုင်ခဲ့ပေမယ့် ဗန်ဟားလ်နေရာ မော်ရင်ဟိုကို အစားထိုးခန့်အပ်ဖို့ မန်ယူဘုတ်အဖွဲ့ဝင်တွေက ယတိပြတ်ဆုံးဖြတ်ဆောင်ရွက်နေပါပြီ။ ဒါကြောင့် မန်ယူအသင်းရဲ့ အက်ဖ်အေဖလားချန်ပီယံဆုက ဗန်ဟားလ်နဲ့ မန်ယူအသင်းကြား တည်ရှိနေတဲ့ပြဿနာအစိုင်အခဲကို လျော့ပါးသွားစေအောင်တော့ မစွမ်းနိုင်ခဲ့ဘူးလို့တော့ ယေဘုယျသုံးသပ်ရမှာဖြစ်ပါတယ်။ ဗန်ဟားလ်က ကစားသမားသစ်ခေါ်ယူမှုအတွက် နှစ်ရာသီ ပေါင်သန်း ၂၅၀အသုံးပြုခဲ့တာတောင် ဘာအောင်မြင်မှုမျှ ကြီးကြီးမားမားမရှာဖွေနိုင်ခဲ့တာကြောင့် နည်းပြအပြောင်းအလဲပြုလုပ်ဖို့ အချိန်တန်ပြီလို့ အားလုံးက ယူဆလာကြတာဖြစ်ပါတယ်။

ဗန်ဟားလ်က ပြီးခဲ့တဲ့ မေ ၂၂ ရက် လန်ဒန်မြို့က ဟိုတယ်တစ်ခုမှာ သူ့ရဲ့ မန်ယူနည်းပြဘဝ တစ်ခန်းရပ်သွားခဲ့ပြီလို့ စကိုင်းစပို့စ်သတင်းထောက်ကို ထုတ်ဖော်ပြောကြားခဲ့တာကြောင့် မန်ယူအသင်းဟာ လာမယ့်ရာသီမှာ မော်ရင်ဟိုရဲ့ဦးဆောင်မှုအောက်မှာ သက်ဝင်လှုပ်ရှားလာရတော့မှာ သေချာနေပြီဖြစ်ပါတယ်။ စကိုင်းစပို့စ်သတင်းထောက် ဂျိမ်းစ်ကော်ပါက ဗန်ဟားလ်ကို "ကံကောင်းပါစေလို့" ဆုတောင်းပေးခဲ့ရာမှာ ဗန်ဟားလ်က "ရပါတယ်။ အရာအားလုံး ပြီးသွားပါပြီ"လို့ ပြန်ပြောခဲ့တာကြောင့် အခုလို မန်ယူနဲ့ ဗန်ဟားလ်အနာဂတ်ချုပ်ငြိမ်းသွားတာကို အသေအချာသိခွင့်ရခဲ့ကြတာဖြစ်ပါတယ်။

ဗန်ဟားလ်ဟာ ပရိသတ်တွေနဲ့ ဓာတ်ပုံအတူတကွရိုက်ကူးခဲ့ပေမယ့် ရာသီသိမ်းနှုတ်ခွန်းဆက်စကား ပြောကြားခဲ့ခြင်းမရှိတာကိုပါ အင်္ဂလန်မီဒီယာတွေက သတိပြုမိခဲ့ကြတာဖြစ်ပါတယ်။ အဲဒီနောက် ဗန်ဟားလ်နဲ့မန်ယူ ဆက်ပြီးလက်တွဲဖို့မရှိနိုင်တော့ဘူးလို့ အကြိုခန့်မှန်းရေးသားလာကြတာဖြစ်ပါတယ်။ ဗန်ဟားလ်က ပြီးခဲ့တဲ့ ဧပြီလနှောင်းပိုင်းကတောင် မန်ယူအနေနဲ့ ရာသီကုန် ချန်ပီယံလိဂ်ဝင်ခွင့်ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ သူသာ လာမယ့်နှစ်လည်း မန်ယူကို ဆက်လက်ကိုင်တွယ်သွားမှာ ဖြစ်တယ်လို့ မီဒီယာတွေကို ပြောခဲ့ပါသေးတယ်။ အစောပိုင်းမှာ မန်ယူဘုတ်အဖွဲ့ဝင်အများစုက ဗန်ဟားလ်နဲ့ချုပ်ဆိုထားတဲ့ စာချုပ်သက်တမ်းအတိုင်း သုံးနှစ်ပြည့်အောင်ကိုင်တွယ်ခွင့်ပေးချင်ပေမယ့် ဒီလိုဆို တစ်ဖက်မှာကမ်းလှမ်းမှုတွေ အများအပြားရရှိထားတဲ့ မော်ရင်ဟိုကို ဆုံးရှုံးရဖို့ရှိနေလို့ အခုလို လျင်လျင်မြန်မြန်ပဲ လမ်းခွဲခဲ့တာဖြစ်ပါတယ်။

မော်ရင်ဟိုကိုယ်တိုင်ကလည်း ပြီးခဲ့တဲ့ ရက်သတ္တပတ်က သူဟာလာမယ့်နှစ်ဘောလုံးရာသီမှာ အားကစားလောကကို သေချာပေါက် ပြန်လာမှာဖြစ်တာကြောင့် သူ့ကိုလိုလိုလားလားရှိတဲ့ အသင်းနဲ့ပဲ လက်တွဲသွားမှာဖြစ်တယ်လို့ဆိုခဲ့ပြီး တွေဝေနေတဲ့ မန်ယူဘုတ်အဖွဲ့ဝင်တွေအပေါ် သတိပေးမှုပြုခဲ့ပါတယ်။ မော်ရင်ဟိုကို လိုချင်နေတဲ့အသင်းတွေထဲမှာ အင်တာမီလန်၊ ပီအက်စ်ဂျီတို့လို အသင်းတွေပါ ပါဝင်နေလို့ မန်ယူအသင်းအနေနဲ့ လက်ဦးမှုရအောင် အက်ဖ်အေဖလား ဗိုလ်လုပွဲမယှဉ်ပြိုင်ခင်မှာပဲ ပုဂ္ဂိုလ်ရေးဆိုင်ရာ သဘောတူညီချက် ရယူခဲ့တာဖြစ်ပါတယ်။

မော်ရင်ဟိုဘက်ကတော့ မန်ယူအသင်းနဲ့ ချိတ်ဆက်နေတယ်ဆိုတဲ့သတင်းတွေကို ဖြေကြားဖို့ ငြင်းဆန်ခဲ့သလို ဗန်ဟားလ်ရဲ့ တုံ့ပြန်စကားအပေါ်လည်း မှတ်ချက်ချခြင်း မရှိခဲ့ပါဘူး။ မန်ယူကစားသမားဟောင်း ဖီးလ်နဗီးလ်ကတော့ မော်ရင်ဟိုဟာ မန်ယူလို ကာလကြာရှည်အောင်မြင်ရေးရည်မှန်းချက်ရှိတဲ့အသင်းနဲ့ အသင့်လျော်ဆုံးပဲလို့ မှတ်ချက်ချခဲ့ပါတယ်။

အခုဆို မော်ရင်ဟိုရဲ့ကိုယ်စားလှယ်ဖြစ်တဲ့ ဂျော့ဂျ်မန်းဒက်ဇ်က မန်ယူအသင်းနဲ့ အပြီးသတ်ဆွေးနွေးမှုတွေ လုပ်ဆောင်ဖို့ ပြိုတိန်ကို မေ ၂၄ ရက်မှာ လာရောက်ဖို့ရှိနေပါတယ်။ မော်ရင်ဟို ကိုယ်တိုင်လည်း လန်ဒန်ကို ကြိုတင်ရောက်ရှိနေပြီး ညှိနှိုင်းမှုတွေကို ယူရို-၂၀၁၆ ပြိုင်ပွဲမတိုင်မီ အပြီးသတ်ဆောင်ရွက်သွားဖို့ရှိနေတာကြောင့် မကြာခင်အချိန်အတွင်း တရားဝင်ထုတ်ပြန်ချက်တစ်ရပ်ကို ချပြနိုင်ဖို့ အလားအလာရှိနေပါတယ်။

မော်ရင်ဟိုကတော့ ဗာရာနီ၊ ဂျွန်စတုန်း၊ မာရီယို၊ အော့ဘာမီယန်၊ ဂျိမ်းစ်ရိုဒရီဂွက်ဇ်တို့နဲ့ မန်ယူကို ပြန်တည်ဆောက်ဖို့ ပြင်ဆင်နေပါတယ်။ ဒါ့အပြင် မန်နေဂျာသစ်လက်ထက်မှာ လက်ရှိကစားသမားတွေထဲက မားကို့စ်ရိုဂိုျ၊ ဟာရဲရား၊ ရွန်းနီ၊ ရှနိုက်ဒါလင်၊ စမောလင်း၊ ဒါမီယန်၊ လင်းဂတ်တို့ရဲ့ အခန်းကဏ္ဍဟာ ဆက်လက်အသက်ဝင်နေဦးမှာဖြစ်တယ်လို့ အားကစားကျွမ်းကျင်သူတွေက သုံးသပ်ပါတယ်။

မော်ရင်ဟိုက ထူးချွန်တဲ့ နည်းပြဖြစ်ပေမယ့် မောက်မာတတ်တဲ့ သူ့စရိုက်ကြောင့် နာမည်ကျော်ကစားသမားတွေနဲ့ အဆင်မပြေဘဲ ရီးယဲလ်မက်ဒရစ်အသင်းနဲ့ လမ်းခွဲခဲ့ရဖူးသလို အသင်းတစ်သင်းကို တတိယမြောက်ရာသီအထိ ဆက်လက်ကိုင်တွယ်ရင် ရလဒ်ပိုင်းယိုင်သွားတတ်တဲ့ အစဉ်အလာလည်းရှိသူဖြစ်ပါတယ်။ ဒါကြောင့် မန်ယူလို နည်းပြအပြောင်းအလဲ သိပ်မလုပ်ဘဲ ရေရှည်အောင်မြင်ရေးကို ဦးတည်တဲ့အသင်းကို စပါယ်ရှယ်ဝမ်း မော်ရင်ဟို ဘယ်လိုကိုင်တွယ်မလဲဆိုတာ စိတ်ဝင်စားစရာကောင်းပါတယ်။

ဖာဂူဆန်ကိုင်တွယ်ခဲ့တဲ့ ၂၆ နှစ်တာကာလအတွင်း ဥရောပမှာ မန်ယူအသင်းစာမျက်နှာ ဖွင့်လှစ်နိုင်ခဲ့ပေမယ့် ဒီနောက်ပိုင်းနှစ်တွေမှာ ဘောလုံးလောကဟာ ပိုမိုခက်ခဲမှုတွေနဲ့ ပြည့်နှက်လာနေတာကို သတိပြုရပါမယ်။ အရင်က ဖာဂူဆန်ရဲ့ ပြိုင်ဘက်အဖြစ် ရက်ပ်နက်ပ်၊ မားဟုချ်၊ ဝင်းဂါး၊ ဘင်နီတက်ဇ်တို့လောက်သာ လောက်လောက်လားလားရှိခဲ့ပေမယ့် ဒီဘက်ခေတ်မှာတော့ ဂွါဒီယိုလာ၊ ကွန်တီ၊ ပိုချက်တီနို၊ မက်ဇာရီ၊ ဘီလစ်တို့လို အားကောင်းမောင်းသန် နည်းပြတွေလည်းရှိနေလို့ မော်ရင်ဟိုအနေနဲ့ ပရီမီယာလိဂ်ချန်ပီယံဆုကို ပထမရာသီမှာပဲ သိမ်းပိုက်ဖို့မလွယ်လောက်ပါဘူး။ မော်ရင်ဟိုရဲ့ ပရီမီယာလိဂ်နည်းပြအဖြစ် ဆောင်ရွက်ခဲ့မှု မှတ်တမ်းကို ပြန်ပြီးသုံးသပ်ရရင် ဒုတိယရာသီတွေမှာပဲ အောင်မြင်မှု အထွတ်အထိပ်ကို ရယူနိုင်လေ့ရှိပြီး တတိယရာသီတွေမှာ ရလဒ်ပိုင်းဆိုးရွားခဲ့တဲ့ မှတ်တမ်းကို တွေ့ကြရမှာဖြစ်ပါတယ်။

ဒါပေမယ့် ဗန်ဟားလ်ကို ဆက်ထားရင်လည်းပြိုင်ဆိုင်မှုပြင်းထန်တဲ့ ပရီမီယာလိဂ်မှာ ကြာလေလေ ပိုဆိုးလာလေဖြစ်မှာစိုးတာကြောင့် မန်ယူဘုတ်အဖွဲ့ဝင်တွေအနေနဲ့ ဗန်ဟားလ်ကို ထုတ်ပယ်ဖို့ ရွေးချယ်ခဲ့ရတာဖြစ်ပါတယ်။ မော်ရင်ဟိုဘက်က ကြည့်မယ်ဆိုရင်လည်း ချယ်လ်ဆီးမှာ ကျရှုံးခဲ့ရတာကို ပြန်လည်ကုစားဖို့တစ်ခုတည်းသောနည်းလမ်းဟာ မန်ယူလို အစဉ်အလာကြီး၊ ငွေကြေးအင်အားတောင့်တင်းတဲ့အသင်းကို ကိုင်တွယ်ပြီး သူဘာလုပ်ပြနိုင်တယ်ဆိုတာကို ပြန်လည်သက်သေပြရမှာဖြစ်တာကြောင့် မန်ယူနဲ့ပူးပေါင်းခြင်း ပရီမီယာလိဂ် တစ်ကျော့ပြန် ခရီးဆိုတဲ့ အဓိပ္ပာယ်ထက် ပိုမိုလေးနက်နေမှာ သေချာပါတယ်။ ဒါကြောင့် မော်ရင်ဟိုနဲ့ မန်ယူအသင်းလက်တွဲမှုဟာ စီးပွားရေးပိုမိုဆန်လာတဲ့ ဘောလုံးလောကအတွက် ခက်ခဲတဲ့ပဟေဠိပုစ္ဆာလို စဉ်းစားရခက်တဲ့ ကိစ္စတစ်ရပ်မဟုတ်ဘဲ သူ့ဟာသူ အချိန်နဲ့တစ်ပြေးညီဖြစ်လာတဲ့ အဖြေသိပြီးသား မေးခွန်းရိုးရိုးလေး တစ်ပုဒ်သာဖြစ်တယ်ဆိုတာ ဘောလုံးပရိသတ်တွေအားလုံး ခံစားလို့ရတဲ့ ကိစ္စရပ်ပဲဖြစ်ပါတယ်။







**ချယ်လ်ဆီးနဲ့ မော်ရင်ဟိုရဲ့ ပရီမီယာလိဂ်မှတ်တမ်း**

| ဘောလုံးရာသီ | ရပ်တည်မှု အဆင့် | ပွဲအရေ အတွက် | နိုင် | သရေ | ရှုံး | အနိုင် (ရာခိုင်နှုန်း) |
|---|---|---|---|---|---|---|
| ၂၀၀၄-၂၀၀၅ | ချန်ပီယံ | ၃၈ | ၂၉ | ၈ | ၁ | ၇၆ ဒသမ ၃၂ |
| ၂၀၀၅-၂၀၀၆ | ချန်ပီယံ | ၃၈ | ၂၉ | ၄ | ၅ | ၇၆ ဒသမ ၃၂ |
| ၂၀၀၆-၂၀၀၇ | ဒုတိယ | ၃၈ | ၂၄ | ၁၁ | ၃ | ၆၃ ဒသမ ၁၆ |
| ၂၀၀၇-၂၀၀၈ | ထုတ်ပယ်ခံရ | ၆ | ၃ | ၂ | ၁ | ၅၀ |
| ၂၀၁၃-၂၀၁၄ | တတိယ | ၃၈ | ၂၅ | ၇ | ၆ | ၆၅ ဒသမ ၇၉ |
| ၂၀၁၄-၂၀၁၅ | ချန်ပီယံ | ၃၈ | ၂၆ | ၉ | ၃ | ၆၈ ဒသမ ၄၂ |
| ၂၀၁၅-၂၀၁၆ | ထုတ်ပယ်ခံရ | ၁၆ | ၄ | ၃ | ၉ | ၂၅ |

မေလှဲ့သင်း

# ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ရန်ကုန်တောင်ပိုင်းခရိုင်တရားရုံး စစ်ဆေး

**ရန်ကုန် မေ ၂၃**

ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးဝင်းဆွေသည် မေ ၂၂ ရက် နံနက်ပိုင်းက ရန်ကုန်တောင်ပိုင်းခရိုင်တရားရုံးနှင့် သန်လျင်မြို့နယ် တရားရုံးသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

တရားသူကြီးချုပ်သည် ရန်ကုန်တောင်ပိုင်းခရိုင်တရားရုံးနှင့် သန်လျင်မြို့နယ် တရားရုံးရှိ တရားသူကြီးများ၊ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ကြန့်ကြာမှုခင်းများ အမြန်ပြီးပြတ်ရေး၊ မှုခင်းလက်ကျန်များ လျော့နည်းကျဆင်းရေး၊ လာဘ်ပေးလာဘ်ယူကင်းရှင်းရေးနှင့် ဝန်ထမ်းရေးရာကိစ္စရပ်များအား လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**



# ကျောင်းအပ်နှံရေး လှုံ့ဆော်မြေစိုက်ပိုစတာများ ဘားအံ၌ စိုက်ထူ

**ဘားအံ မေ ၂၃**

ကရင်ပြည်နယ် ဘားအံမြို့တွင် ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေရေး သီတင်းပတ် လှုံ့ဆော်မြေစိုက်ပိုစတာစိုက်ထူပွဲကို မေ ၂၃ ရက် နံနက် ၇ နာရီက ဘားအံမြို့ အမှတ်( ၁ ) အခြေခံပညာအထက်တန်းကျောင်း ဘောလုံးကွင်းရှေ့၌ ကျင်းပသည်။

ရှေးဦးစွာ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေရေး သီတင်းပတ် လှုံ့ဆော်မြေစိုက်ပိုစတာကို အမွှေးနံ့သာရည်များပက်ဖျန်း၍ စုပေါင်းစိုက်ထူကြပြီး ဘားအံမြို့ အလက(ခွဲ) ၆ နှင့် အထက(၃)ကျောင်းရှေ့များတွင်လည်း မြေစိုက်ပိုစတာများ ဆက်လက်စိုက်ထူခဲ့ကြကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# စိတ်ကြွရူးသွပ်ဆေးနှင့် ဘိန်းဖြူ၊ ဘိန်းစာမှုန့်များ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၂၃**

မူးယစ်တပ်ဖွဲ့စု(၃၄)ကော့သောင်းမှ တပ်ဖွဲ့ဝင်များသည် မေ ၂၁ ရက်က ကော့သောင်းမြို့ အောင်သုခရပ်ကွက် ကမ်းသာယာလမ်း (၃)ခန်းတွဲတန်းလျားနေ ဝင်းရွှေ၏နေအိမ်ကိုရှာဖွေရာ ဘိန်းစာမှုန့် ၃၂ ထုပ် (အလေးချိန် ၂ ဒသမ ၈၈ ကီလို) သိမ်းဆည်းရမိသည်။ အလားတူ မေ ၂၂ ရက်က မူးယစ်တပ်ဖွဲ့စု(၂၈)ကျိုင်းတုံမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကျိုင်းတုံမြို့ နောင်ဖာရဲ ကင်းရှေ့လမ်းမပေါ်တွင် အားလို့ မောင်းနှင်ပြီး မအားတူ လိုက်ပါလာသည့် ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ ကိုလည်းကောင်း၊ မူးယစ်တပ်ဖွဲ့စု(၄၂) ရန်ကုန် (အနောက်)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာမွေမြို့နယ် နတ်ချောင်းရပ်ကွက် သမိန်ဗရမ်းလမ်းရှိ Orange Super Market ရှေ့ လမ်းမပေါ်တွင်တွေ့ရှိသူ ဟန်စိန်အားရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၂၇ ပြားနှင့် အိုက်စ် သုည ဒသမ ၀၀၂၈၅ ကီလိုတို့ကိုလည်းကောင်း၊ မူးယစ်တပ်ဖွဲ့စု(၆) ကသာမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကသာမြို့နယ် လမ်းခွကျေးရွာ လမ်းအသုံးပြုခကောက်ခံရေးစခန်းတွင် အေးပို မောင်းနှင်လာသည့် ဆိုင်ကယ်ကိုရှာဖွေရာ ဘိန်းဖြူဆပ်ပြာခွက် ငါးခွက် (အလေးချိန် သုည ဒသမ ၀၅၅ ကီလို)နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၉၀ ကိုလည်းကောင်း၊ လေကြောင်းရဲတပ်ဖွဲ့ခွဲ(ရန်ကုန်)နှင့် မူးယစ်တပ်ဖွဲ့စု(၄၅)ရန်ကုန်(လေဆိပ်)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ရန်ကုန်လေဆိပ်မှ ဟဲဟိုးမြို့သို့ ထွက်ခွာမည့် ခရီးသည် ဝင်းအောင်အား ပြည်တွင်းထွက်ခွာဆောင် X-Ray ရှာဖွေစစ်ဆေးရေးဂိတ်တွင် စစ်ဆေးစဉ် စိတ်ကြွရူးသွပ်ဆေးပြား ၁၃၀၊ ဆေးခြောက် သုည ဒသမ ၀၀၄ ကီလိုနှင့် အိုက်စ် သုည ဒသမ ၀၀၁ ကီလို သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(ရဲပြန်ကြား)**

# မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် ယာဉ်မောင်းလိုင်စင် သက်တမ်းတိုးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးမည်

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ၂၀၁၆ ခုနှစ် ဇွန်လအတွင်း အောက်ဖော်ပြပါမြို့နယ်များသို့ နယ်လှည့်၍ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် ယာဉ်မောင်းလိုင်စင် သက်တမ်းတိုးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးမည်ဖြစ်ပါ၍ ကြိုတင်ပြင်ဆင်နိုင်ရန်အတွက် အသိပေးနှိုးဆော်ထားကြောင်း သိရသည်။

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | မြို့နယ် |
|---|---|---|
| ၁ | နေပြည်တော် | လယ်ဝေး |
| ၂ | ကချင်ပြည်နယ် | တနိုင်း၊ ဟိုပင် |
| ၃ | ကယားပြည်နယ် | ဒီမောဆို၊ ဖရူဆို |
| ၄ | စစ်ကိုင်းတိုင်းဒေသကြီး | အရာတော်၊ ကန့်ဘလူ |
| ၅ | ပဲခူးတိုင်းဒေသကြီး | ကြို့ပင်ကောက် |
| ၆ | မကွေးတိုင်းဒေသကြီး | ချောက်၊ ထီးလင်း၊ ဂန့်ဂေါ၊ ငဖဲ၊ အောင်လံ၊ ဆင်ပေါင်ဝဲ |
| ၇ | မန္တလေးတိုင်းဒေသကြီး | စဉ့်ကူး၊ သာစည်၊ တောင်သာ၊ ပျော်ဘွယ် |
| ၈ | မွန်ပြည်နယ် | မုဒုံ၊ ပေါင် |
| ၉ | ရခိုင်ပြည်နယ် | သံတွဲ၊ တောင်ကုတ် |
| ၁၀ | ရန်ကုန်တိုင်းဒေသကြီး | ဥက္ကံ၊ ဒလ |
| ၁၁ | ရှမ်းပြည်နယ် | ပင်းတယ၊ မိုးနဲ၊ မိုင်းဖြတ် |
| ၁၂ | ဧရာဝတီတိုင်းဒေသကြီး | ကျုံပျော်၊ ရေကြည်၊ လေးမျက်နှာ၊ အင်္ဂပူ၊ ဒေးဒရဲ |

# ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

၁။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားပြီးဖြစ်သည့် ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ ဒူကထောင်ရပ်ကွက် အမှတ်(၆၉)တွင်ပါတီရုံးချုပ်တည်ရှိသော **ကချင်အမျိုးသား ဒီမိုကရေစီကွန်ဂရက်ပါတီ**သည် ယင်းတို့၏ ပါတီအမည်အား **ကချင်အမျိုးသားကွန်ဂရက်ပါတီ (Kachin National Congress-KNC)** ဟုအမည်ပြောင်းလဲခွင့်ပြုပါရန်နှင့် ပါတီအလံနှင့် တံဆိပ်ကိုလည်း ဖော်ပြပါအတိုင်း ပြောင်းလဲအသုံးပြုမည်ဖြစ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့တင်ပြလာပါသည်။

၂။ ယင်းသို့တင်ပြလျှောက်ထားလာသည့် **ကချင်အမျိုးသားကွန်ဂရက်ပါတီ** (Kachin National Congress-KNC) ဟူသည့် အမည်နှင့် ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေ ၁၄(ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ကချင်အမျိုးသားကွန်ဂရက်ပါတီ (Kachin National Congress-KNC)** ၏ အလံပုံစံ



**ကချင်အမျိုးသားကွန်ဂရက်ပါတီ (Kachin National Congress-KNC)** ၏ တံဆိပ်ပုံစံ




**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် မေ ၂၃**

ရန်ကုန်(ရွှေဈေး) ၇၈၅၅၀၀ - ၇၈၆၅၀၀၊ မန္တလေး(ရွှေဈေး) ၇၈၅၅၀၀ - ၇၈၆၅၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၄၉၀/၅၂၀ ကျပ်၊ | ၅၃၀/၅၅၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၆၄၀/၆၅၀ ကျပ်၊ | ၇၅၀/၇၆၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၅၄၀/၅၅၀ ကျပ်၊ | ၆၁၀/၆၂၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၃၀/၅၅၀ ကျပ်၊ | ၅၈၀/၆၀၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၄၈၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၅၁၀ ကျပ်၊
အောက်တိန်း 92 တစ်လီတာ ၄၉၅ ကျပ်

**၁၆-၅-၂၀၁၆ ရက်နေ့မှ ၂၀-၅-၂၀၁၆ ရက်နေ့အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ၏ ဆိပ်ကမ်း အရောက်ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း 92 တစ်လီတာ ၅၃၂ ကျပ်နှင့် ဒီဇယ် တစ်လီတာ ၅၀၇ ကျပ် ဖြစ်ပါသည်။** *(လက်လီဆိုင်များ ရောင်းဈေးအနေဖြင့် သိုလှောင်စရိတ်၊ သယ်ပို့စရိတ် ခရီးအကွာအဝေး ပေါ် မူတည်၍ ဈေးနှုန်းကွာခြားနိုင်ပါသည်။)*

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = ၁၁၇၂. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = ၁၃၁၅. ၇ |
| (ဂ) | တရုတ် | တစ်ယွမ် | = ၁၇၈. ၉၆ |
| (ဃ) | ထိုင်း | တစ်ဘတ် | = ၃၂. ၈၈၉ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = ၂၈၈. ၁၄ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = ၁၇. ၃၈၂ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = ၁၀၆၇. ၂ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = ၉၈. ၉၇၀ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = ၈၄၈. ၁၇ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = ၈၅၀. ၂၉ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန အမျိုးသားမှတ်ပုံတင်နှင့်နိုင်ငံသားဦးစီးဌာန**
**(တင်ဒါခေါ်ယူခြင်း)**

၁။ အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာနတွင် အသုံးပြုရန်အတွက် လုပ်ငန်းသုံး ပုံစံ(၁၂)မျိုးအား ရိုက်နှိပ်လိုပါသဖြင့် လုပ်ငန်းလက်ခံဆောင်ရွက်လိုသူများသည် ၂၄-၅-၂၀၁၆ရက်မှစ၍ ၂၄-၆-၂၀၁၆ရက်အထိ ရိုက်နှိပ်မည့် ပုံစံအရေအတွက်နှင့် တင်ဒါစည်းကမ်းချက်များအား တစ်စောင်လျှင် ငွေကျပ် ၅၀၀၀ိ/-(ကျပ်ငါးထောင်တိတိ)ဖြင့် ဝယ်ယူနိုင်ကြောင်းနှင့် ပုံစံနမူနာများကိုလည်း အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာန၊ စီမံနှင့်ဘဏ္ဍာဌာန၊ ထောက်ပံ့နှင့်ဖြည့်တင်းရေးဌာနခွဲ၊ ရုံးအမှတ်(၄၈) နေပြည်တော်တွင် လာရောက်ကြည့်ရှုနိုင်ပြီး ၂၄-၆-၂၀၁၆ရက် ၁၆း၃၀နာရီတွင် နောက်ဆုံးထား၍ ဈေးနှုန်းလွှာများတင်သွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။
၂။ မေးမြန်းစုံစမ်းလိုပါက အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာန၊ ထောက်ပံ့နှင့်ဖြည့်တင်းရေးဌာနခွဲ၊ တယ်လီဖုန်းအမှတ်(၀၆၇-၄၃၁၀၂၇)နှင့် (၀၆၇-၄၃၁၀၄၂)တို့တွင် ရုံးဖွင့်ရက် ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါသည်။

Pandora Education
(၈)တန်း ကျောင်းသား/ သူများ အတွက် အင်္ဂလိပ်၊ သင်္ချာ
Ph:09-421021843, 09-420008364

ရာထူးဝင်ခွင့်သင်တန်း
ဖြိုး
Assignment ဝယ်ယူနိုင်သည်။

**ဖခင်အမည်မှန်**
အမှတ်(၁၆) အထက၊ ဇေယျာသီရိမြို့နယ်၊ ကျည်တောင်၊ နဝမတန်းမှ မောင်ကိုကိုနိုင်၏ ဖခင်အမည်မှန်မှာ ဦးမြင့်ဖြစ်ပါကြောင်း။
**ဦးမြင့်**
**[၉/ပမန(နိုင်)၀၆၀၂၅၈]**

**ဖခင်အမည်မှန်**
သာကေတမြို့နယ်၊ အထက(၄)၊ နဝမတန်းတွင် ပညာသင်ကြားနေသော မောင်အုပ်စိုးညီညီ၏ ဖခင် ဦးညီညီ အမည်မှန်မှာ ဦးအောင်မိုးဇော် [၇/ပမန(နိုင်)၀၄၇၅၃၇]ဖြစ်ပါသည်။

**အမည်ပြောင်း**
အထက (၂)၊ ဗဟန်း အဌမတန်း (G)မှ အဖ ဦးဇော်လှိုင်ထွန်း၏သမီး မယွန်းသီရိဇော်အား မကျော့ရှုပါဟန် ဟု ပြောင်းလဲ ခေါ်တွင်ပါရန်။
**မကျော့ရှုပါဟန်**

**ပျောက်ဆုံးကြောင်း**
BILL OF LADING ကား B/L No. SINO 8Y23YOY 20241၊ မူရင်းတစ်စုံ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**အိမ်ခြံမြေရောင်းမည်**
**မင်္ဂလာဈေးနှင့် (၃)မှတ်တိုင်**
**နှစ်(၆၀)ဂရန်မြေ ပေ(၂၀×၆၀)**
**ပိုင်ရှင်အမည်ပေါက် ရေမီးအစုံ(၂)ထပ်+ထပ်ခိုး၊ အုပ်ညှပ်လုံးခြင်း၊**
**ကားပါကင်ပါ စုံစမ်းရန်-၀၉-၂၅၉၂၀၆၀၅၆**

**ပျောက်ဆုံးကြောင်း**
ဒေါ်ချိုမီမီသိန်း၏ သီလဝါအစုရှယ်ယာလက်မှတ် (I.D 12151) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဒေါ်ချိုမီမီသိန်း Ph: 09-32825411**

**အများသိစေရန်ကြေညာချက်**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင်တိုက်ရှိ တိုက်ခန်းကို မူလအမည်ပေါက်ထံမှ အဆင့်ဆင့်ဝယ်ယူထားသူက အဆောက်အအုံနေထိုင်ခွင့်စာချုပ် ချုပ်ဆိုခွင့်ပြုပါရန်လျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာသည့်နေ့မှ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

| စဉ် | တိုက်ခန်းအမည်ပေါက် အမည်၊ မှတ်ပုံတင်အမှတ် | အမည်ပြောင်းလျှောက်ထားသူ အမည်၊ မှတ်ပုံတင်အမှတ် | လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ် |
|---|---|---|---|
| ၁။ | ဦးမြင့်အောင် E/RGN-၀၂၂၉၀၅ (မှ) ဒေါ်စန်းစန်းလွင် [၁၀/မလမ(နိုင်)၀၅၁၀၃၄] (မှ) | ဦးမင်းလွင် [၁၀/မဒန(နိုင်)၀၆၉၄၁၉] | တိုက်အမှတ်(B-6)၊ အခန်း(၁၀၁)၊ ရှုခင်းသာအိမ်ရာ သာကေတမြို့နယ်။ |

**ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)**

# ကျေးလက်ဦးစီးဌာန၏ ရက် ၁၀၀ စီမံချက် လုပ်ငန်းပြီးစီးမှုများ ကွင်းဆင်းစစ်ဆေး



**မောက်မယ် မေ ၂၃**
ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်နိုင်ရန်အတွက် မေ ၂၁ ရက်က ရှမ်းပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးကျော်စိုးသည် မောက်မယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပိုင်ရုံးမြေနေရာ ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ်တွင်ဆောင်ရွက်သည့် ပထမရက် ၁၀၀ စီမံချက်လုပ်ငန်းများဖြစ်သည့် ဟိုနမ့်ကျေးရွာအုပ်စုအတွင်း ထီတခေါ့ ရေတားတမံတည်ဆောက်ပြီးစီးမှုနှင့် ဟိုနမ့်-ခူဝိန်-နောင်ဗိုလ် ကျေးရွာချင်းဆက် သစ်သားတံတား တည်ဆောက်ပြီးစီးမှုတို့အား သွားရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။

ကြည့်ရှုပြီး စံချိန်စံညွှန်းပြည့်မီစွာဖြင့် ရက် ၁၀၀ အတွင်း အချိန်နှင့်တစ်ပြေးညီပြီးစီးရေး၊ လုပ်ငန်းအရည်အသွေး ပြည့်မီစေရေးအတွက် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။ တံတားများဆောက်လုပ်ပြီးစီးပါက ဒေသဖွံ့ဖြိုးရေးအတွက် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း ဒေသခံများ၏ပြောကြားချက်အရ သိရသည်။

**စိုင်းမျိုးသန့်(ပြန်/ဆက်)**

## ရက် ၁၀၀ အတွင်း ဆောင်ရွက်မည့်လုပ်ငန်းများနှင့် ၂၀၁၆ – ၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့်လုပ်ငန်းများအား ရှင်းလင်း

**လွိုင်ကော် မေ ၂၃**
ကယားပြည်နယ်အစိုးရအဖွဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနတို့၏ ရက် ၁၀၀ အတွင်း ဆောင်ရွက်မည့်လုပ်ငန်းများနှင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့်လုပ်ငန်းများအား ရှင်းလင်းဆွေးနွေးပွဲ ကို မေ ၂၂ ရက် နံနက် ၁၀ နာရီက လွိုင်ကော်မြို့နယ်အုပ်ချုပ်ရေးမှူးရုံးအစည်းအဝေးခန်းမ၌ ပြုလုပ်ရာ ပြည်နယ်စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးဦးဘောစ်ကို တက်ရောက်၍ အဖွင့်အမှာစကားပြောကြားခဲ့သည်။

ဆက်လက်ပြီး ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးမျိုးသိန်း၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာသန်းအေးနှင့် ငါးလုပ်ငန်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်အေးအေးဇော်တို့က ဌာနမှ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများအား ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာသူများက သိရှိလိုသည်များကိုမေးမြန်းဆွေးနွေးခဲ့ရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့သည်။

အဆိုပါရှင်းလင်းဆွေးနွေးပွဲသို့ လွှတ်တော်သုံးရပ်မှ လွှတ်တော်ကိုယ်စားလှယ်များ၊ ကော်မတီသုံးရပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ တင်ဒါကုမ္ပဏီများမှ တာဝန်ရှိသူများ၊ NGO, INGO များမှ ကိုယ်စားလှယ်များ ၊ သတင်းမီဒီယာများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**လွိုင်ကော်ခရိုင်ပြန်/ဆက်**

## ကျေးလက်လမ်းပြုပြင်ရန် သဲကျောက်များ စုဆောင်း

**ဖားကန့် မေ ၂၃**
လမ်းပန်းဆက်သွယ်မှုကောင်းမွန်ချောမွေ့စေရေးနှင့် ပြည်သူများ အဆင်ပြေစွာ အသုံးပြုသွားလာနိုင်ရေးအတွက် ဖားကန့်မြို့နယ် လယ်ပြင်ကျေးရွာနှင့် နန့်စန်း(၂) ကျေးရွာ ဆက်သွယ်သည့်လမ်းမှ အရှည်ပေ ၃၁၆၀ ရှိလမ်းအပိုင်းကိုပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းဆောင်ရွက်ရန် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးစိုးသန်း၏ ကြီးကြပ်မှုဖြင့် သဲကျောက်များစုဆောင်းလျက်ရှိကြောင်း သိရသည်။

အဆိုပါလုပ်ငန်းကို နိုင်ငံတော်အစိုးရ၏ ပထမရက် ၁၀၀ စီမံချက်အရ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေကျပ် ငါးသန်းအကုန်အကျခံကာ ဆောင်ရွက်မည်ဖြစ်သည်။ **(၄၉၉)**

## ကလေးခရိုင်တွင် ရက် ၁၀၀ အတွင်းဆောင်ရွက်မည့် လမ်းလုပ်ငန်းများစစ်ဆေး

**ကလေး မေ ၂၃**
ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်ရန်ပုံငွေကျပ် ၃၆ ဒသမ ၃၇ သန်းအကုန်အကျခံဖြင့် ရက် ၁၀၀ အတွင်း ဆောင်ရွက်မည့် မုံရွာ-ယာကြီး-ကလေးဝလမ်းမှ တောင်စာရေးကျေးရွာဆက်သွယ်သည့် အရှည် ၂/ ၀ ဒသမ ၅ မိုင် မြေသားလမ်းဖြင့်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါလမ်းအား ကလေးခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးဇေယျာညို (ခရိုင်အင်ဂျင်နီယာ) နှင့်အဖွဲ့သည် မင်းကင်းမြို နယ်ဦးစီးမှူးတို့အဖွဲ့ နှင့်အတူ မေ ၃ ရက်က သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

ယင်းသို့ စစ်ဆေးရာတွင် မြေယာပြဿနာ အငြင်းပွားမှုများ မဖြစ်ပေါ်စေရေးအတွက် သက်ဆိုင်ရာတောင်သူများနှင့် အကျေအလည်ပြီးပြတ်အောင်ဆောင်ရွက်ရန်နှင့် လုပ်ငန်းဆောင်ရွက်မှုအား သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးနိုင်ရေး တွန်းအားပေးဆောင်ရွက်ရန် ခရိုင်ဦးစီးမှူးက မှာကြားခဲ့ကြောင်း သိရသည်။ **ဂျူးနက်**

## ရက် ၁၀၀ စီမံချက်ကို အကောင်အထည်ဖော် ဆောင်ရွက်သည့်အနေဖြင့် သုတ၊ ရသစာအုပ် မျိုးစုံ ၃၀၀၀ ကျော်လှူဒါန်း

**ပုလဲ မေ ၂၃**
စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာစာကြည့်တိုက်များတွင် စာငှားသူ၊ စာဖတ်သူများဖြင့် သက်ဝင်လှုပ်ရှားစေပြီး ရှင်သန်ဖွံ့ဖြိုးရေးနှင့် ပြည်သူ့အတွက် ရက် ၁၀၀ စီမံချက်ကို အကောင်အထည်ဖော်ဆောင်ရွက်သည့်အနေဖြင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ရပ်ကွက်နှင့် ကျေးရွာစာကြည့်တိုက် ၆၁ တိုက်သို့ တစ်တိုက်လျှင် သုတ၊ ရသစာအုပ်မျိုးစုံ ၅၀ အုပ်နှုန်းဖြင့် စာအုပ်ပေါင်း ၃၀၅၀ ကို မေ ၁၈ ရက် နံနက် ၁၁ နာရီက ပုလဲမြို့ ပုလဲရတနာခန်းမ၌ ဖွင့်လှစ်လျက်ရှိသည့် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်မားရေးသင်တန်း (၁/၂၀၁၆)တွင် ပေးအပ် လှူဒါန်းခဲ့ကြောင်း သိရသည်။

ယင်းသင်တန်းတွင် ပုလဲမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြင့်သိန်းစိုးက ပြည်သူ့ဆက်ဆံရေးဘာသာရပ်နှင့် ရပ်ကွက်၊ ကျေးရွာစာကြည့်တိုက် များ စံ(၅)ရပ်နှင့်အညီ ရှင်သန်ဖွံ့ဖြိုးရေးတို့ကို ဆွေးနွေးပို့ချခဲ့ပြီး ရပ်ကွက်နှင့် ကျေးရွာစာကြည့်တိုက် ၆၁ တိုက်အတွက် တစ်တိုက်လျှင် သုတရသစာအုပ်မျိုးစုံ ၅၀နှုန်းဖြင့် စာအုပ်ပေါင်း ၃၀၅၀ ကို ပေးအပ်လှူဒါန်းရာ ရပ်ကွက်နှင့် ကျေးရွာစာကြည့် တိုက်များ(ကိုယ်စား) ကန့်ဒေါင့်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးဝင်းကျော်က လက်ခံရယူခဲ့သည်။

ပုလဲမြို့နယ်တွင် ရပ်ကွက်နှစ်ရပ်ကွက်၊ ကျေးရွာအုပ်စု (၅၉)အုပ်စု၊ ကျေးရွာပေါင်း ၁၈၈ ရွာရှိရာ ဖွင့်လှစ်ပြီး ကျေးရွာစာကြည့်တိုက် ၁၈၈ တိုက်အနက် စံ(၅) ရပ်နှင့်အညီ ရှင်သန်အောင်မြင်နေသည့် စာကြည့်တိုက် ၈၅ တိုက်ရှိကြောင်းနှင့် ရပ်ကွက်၊ ကျေးရွာစာကြည့်တိုက်များတွင် စာငှားသူ၊ စာဖတ်သူများဖြင့် ရှင်သန်အောင်မြင်စေရေးအတွက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက နယ်မြေကွင်းဆင်း၍ စာဖတ်ရှိန်မြှင့်တင်ရေးပွဲများ၊ ဆွေးနွေးပွဲများ၊ စာဖတ်ဝိုင်းများ၊ နယ်လှည့်စာကြည့်တိုက်များ ဖွင့်လှစ်ပြီး ရက် ၁၀၀ စီမံချက်ဖြင့် အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မင်းခန့်စိုး (ဧယျာမြေ)**

## ဒီပဲယင်းမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန တောင်သူလုပ်ငန်းခွင် ခိုင်းနွားနှင့် ကျွဲများအား ရက် ၁၀၀ စီမံချက်ဖြင့် ကြိုတင်ကာကွယ်ဆေးထိုးနှံပေး



**ဒီပဲယင်း မေ ၂၃**
စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ် မြို့နယ်မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန အနေဖြင့် မိုးတွင်းကာလ၌ နွားနှင့်ကျွဲများတွင် ရောဂါဖြစ်ပေါ်လေ့ရှိသော ခွါနာ၊ လျှာနာရောဂါ ၊ ဒေါင့်သန်းရောဂါ ၊ ပေါင်ပုတ်၊ လက်ပုတ်ရောဂါများဖြစ်ပွားခြင်းမရှိအောင် ဦးစီးအရာရှိဒေါက်တာဥမ္မာအေး၊ ဒုတိယဦးစီးမှူးများ၊ ဒုလက်ထောက်ကြီးကြပ်ရေးမှူးများနှင့် တိရစ္ဆာန်ကျန်းမာရေးလုပ်သားများသည် ကျေးရွာများသို့ ကွင်းဆင်းပြီး ကြိုတင်ကာကွယ်ဆေးထိုးခြင်းလုပ်ငန်း၊ ဆေးကုသပေးခြင်းလုပ်ငန်းနှင့်ပညာပေးဟောပြောပွဲများ ပြုလုပ်လျက်ရှိသည်။

ယခုလို မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ကြိုတင်ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းဖြင့် လယ်ယာလုပ်ငန်းခွင်သုံး ခိုင်းနွားနှင့် ကျွဲများရောဂါဖြစ်ပွားခြင်းမရှိဘဲ တောင်သူဦးကြီးများ၏ စိုက်ပျိုးရေးလုပ်ငန်းကို အချိန်မီစိုက်ပျိုးသွားနိုင်မည်ဖြစ်သည်။

ယင်းအပြင် ဦးစီးဌာနအနေဖြင့် မိမိတို့ဝန်ကြီးဌာန၏ မူဝါဒများဖြစ်သော သားငါးထုတ်လုပ်မှုဖူလုံရေး၊ သားငါးများ ဘေးကင်းလုံခြုံရေးနှင့် ကျေးရွာများ စဉ်ဆက်မပြတ်တိုးတက်ရေးတို့အတွက် ရက် ၁၀၀ စီမံချက်ပါလုပ်ငန်းစဉ်များကို အောင်မြင်အောင် အကောင် အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အောင်လင်း(ပြန်/ဆက်)**

## ပထမ ရက် ၁၀၀ စီမံချက်ဖြင့် ကျေးလက် ရေပေးရေးလုပ်ငန်းဆောင်ရွက်

**မိုးကောင်း မေ ၂၃**
နိုင်ငံတော်အစိုးရ၏ ပထမ ရက် ၁၀၀ စီမံချက်ဖြင့် ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆီးဒီယံကျေးရွာအုပ်စု၌ ပြည်သူများသန့်ရှင်းသော သောက်သုံးရေရရှိစေရန် စိမ့်စမ်းရေသွယ်ပေးရေး နှစ်လက်မရေပိုက်လိုင်း အရှည်ပေ ၃၀၀၀ သွယ်တန်းခြင်းလုပ်ငန်းကို ဌာနခွင့်ပြုရန်ပုံငွေကျပ် ၃ ဒသမ ၇ သန်းအကုန်အကျခံ၍လည်းကောင်း၊ ဂါလန် ၅၀၀၀ ဆံ့ ရေကန်နှစ်ကန်တည်ဆောက်ခြင်းလုပ်ငန်းကို ဌာနခွင့်ပြုရန်ပုံငွေကျပ် ၇ သန်း အကုန်အကျခံ၍လည်းကောင်း ဆောင်ရွက်လျက်ရှိသည်။ **ကြေးမုံ**

ကြေးမုံ
မေ ၂၄၊ ၂၀၁၆ (အင်္ဂါနေ့)



၂၀၁၅ ခုနှစ် နိုဝင်ဘာလတွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ပြည်သူလူထုရွေးချယ်ပေးမှုဖြင့် အရပ်သားအစိုးရအဖွဲ့သည် နိုင်ငံ့တာဝန်များကို ဧပြီလ ၁ ရက်နေ့မှစတင်၍ ထမ်းဆောင်နေပြီဖြစ်သည်။ နိုင်ငံ့တာဝန်စတင်တာဝန်ယူထမ်းဆောင်သည်နှင့် ရက်ပေါင်း ၁၀၀ ကာလအတွင်း ထင်သာမြင်သာရှိသည့် ပြုပြင်ပြောင်းလဲမှုများကို အစိုးရအဖွဲ့၏ ပြည်ထောင်စုဝန်ကြီးဌာန အသီးသီးက စတင်ကြိုးပမ်းဆောင်ရွက်နေကြပြီဖြစ်သည်။ ပြည်သူတို့၏ တစ်ခဲနက်ထောက်ခံမှုဖြင့် အောင်ပွဲရခဲ့သော အစိုးရအဖွဲ့၏ ပြည်ထောင်စုဝန်ကြီးဌာနများသည် နိုင်ငံတော်နှင့်ပြည်သူတို့၏ အကျိုးစီးပွားမြင့်မားလာရေးအတွက် ရက်ပေါင်း ၁၀၀ အတွင်း ဆောင်ရွက်လျက်ရှိသည့် ပြုပြင်ပြောင်းလဲဆောင်ရွက်မှုများကို အများပြည်သူသိရှိနိုင်အောင် ဖော်ပြလိုက်ပါသည်။

# လုပ်ငန်းသုံးယန္တရား ပိုမိုတင်သွင်းခွင့်ပြုခြင်းနှင့် ကန့်သတ်ကုန်အချို့ ကင်းလွတ်တော့မည့် စီးပွား/ကူးသန်း၏ ရက် ၁၀၀

**တွေ့ဆုံမေးမြန်း - ခင်ဇာလီ**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် အစိုးရသစ်၏ ရက်ပေါင်း ၁၀၀ စီမံချက်မှာ ကုမ္ပဏီလိုင်စင်တစ်စောင်ကို လုပ်ငန်းသုံးယန္တရား ၁၀ စီးနှုန်း တင်သွင်းခွင့်ပြုခြင်းနှင့် ကန့်သတ်ထားခဲ့သော ပြည်ပတင်ပို့ကုန်အချို့စာရင်းမှပယ်ဖျက်ပေးခြင်းတို့ ပါဝင်သော ကုန်သွယ်လုပ်ငန်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများပါဝင်မည်ဟု သိရသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်အား တွေ့ဆုံမေးမြန်းထားသည်။

**မေး။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရဲ့ ပြည်သူ့အတွက် ရက် ၁၀၀ စီမံချက်နဲ့ပတ်သက်ပြီး ပြောပြပေးပါဦးရှင့်။**

**ဖြေ။** အရေးကြီးတဲ့ ပြုပြင်ပြောင်းလဲမှုအနေနဲ့ နယ်စပ်စခန်းတွေမှာ သွင်းကုန်လိုင်စင်ရရှိပြီး တင်သွင်းဖို့ကျန်နေတဲ့ ယာဉ်ယန္တရားတွေကို သွင်းကုန်လိုင်စင်တိုးမြှင့်ပေးပြီး တင်သွင်းခွင့်ပြုမယ်။ နယ်စပ်ဒေသကနေ လုပ်ငန်းသုံး ယာဉ်ယန္တရားတွေကို ပြန်လည်တင်သွင်းခွင့်ပြုမယ်။ ပြည်ပကနေ တင်သွင်းခွင့်ပြုထားတဲ့ လုပ်ငန်းသုံးယာဉ်ယန္တရားတွေနဲ့ ပတ်သက်ပြီး အရင်ကကုမ္ပဏီတစ်ခုကို တစ်နှစ်အတွင်း ၁၀ စီးပဲ တင်သွင်းခွင့်ပြုရာကနေ လိုင်စင်တစ်စောင်ကို လုပ်ငန်းသုံးယာဉ်ယန္တရား ၁၀ စီးနှုန်းနဲ့ လုပ်ငန်းလိုအပ်ချက်အပေါ်မူတည်ပြီး ပြင်ဆင်ဖြေလျှော့ခွင့်ပြုပေးသွားမယ်။

နယ်စပ်ဒေသက ဒေသခံကုန်သည်ငယ်တွေအတွက်လည်း တစ်ဦးချင်းကုန်သွယ်မှုလုပ်ငန်းရှင်ကတ် (Individual Trading Card - ITC )နဲ့ တစ်ရက်ကို ကျပ်သိန်း ၂၀ နှုန်းနဲ့ ငါးရက်စာ တစ်ကြိမ်တည်း ကျပ်သိန်း ၁၀၀ ခွင့်ပြုပေးရာကနေ တစ်ရက်ကျပ်သိန်း ၃၀ နှုန်းနဲ့ ငါးရက်စာ ကျပ်သိန်း ၁၅၀ အထိ တိုးမြှင့်ဆောင်ရွက်ခွင့်ပြုသွားမယ်။

ရန်ကုန်ပို့ကုန်သွင်းကုန်ရုံးမှာ ပို့ကုန်သွင်းကုန် လိုင်စင်လျှောက်ထားတဲ့အခါမှာလည်း နေပြည်တော်နည်းတူ ပြင်ဆင်ဖြေလျှော့ပေးသွားမယ်။ ပြည်ပကိုတင်ပို့ဖို့ ကန့်သတ်ထားတဲ့ ပို့ကုန် ၁၂ မျိုးအနက်ကနေ အချို့အမယ်တွေကို ဖြေလျှော့တင်ပို့ခွင့်ပြုနိုင်ရေး ဆောင်ရွက်ပေးသွားမယ်။ Negative List နဲ့ ထုတ်ပြန်ထားတဲ့ သွင်းကုန် H.S Code Line (4405)လိုင်းကနေ အချို့ကို ထပ်မံဖြေလျှော့ပေးသွားမယ်။ Natio- nal Trade Repository ကုန်သွယ်မှု အချက်အလက်များဘဏ္ဍာတိုက်ကို တရားဝင်လွှင့်တင်ပေးဖို့ စီမံဆောင်ရွက်သွားမယ်။ နောက်ဆုံးအနေနဲ့ ပို့ကုန်သွင်းကုန်လိုင်စင်လျှောက်ထားတဲ့အခါ အွန်လိုင်းစနစ် အပြည့်အဝသုံးစွဲအသုံးပြုနိုင်ရေး စီစဉ်ဆောင်ရွက်သွားမယ်။

**မေး။ ဒီအချက်တွေထဲက နယ်စပ်စခန်းမှာ သွင်းကုန်လိုင်စင်ရရှိပြီး တင်သွင်းဖို့ကျန်နေတဲ့ ယာဉ်ယန္တရားတွေကို ဘာကြောင့် သွင်းကုန်လိုင်စင်တိုးမြှင့်ပေးပြီး တင်သွင်းခွင့်ပြုရတာလဲဆိုတာ ပြည့်ပြည့်စုံစုံလေး ရှင်းပြပေးစေလိုပါတယ်။**

**ဖြေ။** ဘာကြောင့်လဲဆိုတော့ ကချင်ပြည်နယ် ကန်ပိုက်တီးဒေသကနေ ဖားကန့်ကျောက်စိမ်းတွင်းအတွက် မြေတူး၊ မြေသယ်ကားတွေ တရားမဝင် ဝင်ရောက်လာတာကို စစ်ဆေးတွေ့ရှိရတဲ့အတွက် ပြီးခဲ့တဲ့ ဒီဇင်ဘာ ၂၄ ရက်ကစပြီး နယ်စပ်ဒေသတွေကနေ တင်သွင်းတဲ့ ယာဉ်မျိုးစုံဝင်ရောက်မှုကို တားမြစ်ခဲ့တယ်။ အဲဒီထဲမှာ ဝန်ကြီးဌာနက သွင်းကုန်ပါမစ်ပေးထားတဲ့ ကုန်တင်ယာဉ် ၉၀၀၀ ကျော်၊ လယ်ယာသုံးယာဉ် ၃၄၀၀ ကျော်၊ ခရီးသည်တင်ယာဉ် ၉၀၀ ကျော်နဲ့ ရေယာဉ်၊ မီးသတ်ယာဉ် စတဲ့လုပ်ငန်းသုံးယာဉ် စုစုပေါင်း ၁၄၀၀၀ လောက် ပိတ်မိသွားတယ်။

တချို့ယာဉ်တွေဆို တင်သွင်းဖို့အတွက် သတ်မှတ်အခွန်ပေးဆောင်ပြီး နယ်စပ်ကုန်သွယ်ရေးစခန်း၊ တစ်ဖက်နိုင်ငံနယ်စပ်အပြင် တစ်ဖက်နိုင်ငံကုမ္ပဏီတွေနဲ့ စာချုပ်ချုပ်ဆိုထားတဲ့ ယာဉ်တွေပါဝင်နေတယ်။ ဥပမာပြောရရင် နယ်စပ်ဒေသမှာ တင်သွင်းဖို့ကျန်နေတဲ့ ယာဉ်တွေထဲက တရုတ်နိုင်ငံ ကျယ်ဂေါင်မြို့ရောက်နေတဲ့ ယာဉ်ယန္တရားတွေဆို တရုတ်နိုင်ငံရဲ့ လုပ်ထုံးလုပ်နည်းအရ ပို့ကုန်အဖြစ် သတ်မှတ်ထားတော့ ရွှေလီမြို့ကို ပြန်သယ်ဆောင်ခွင့်မပြုတဲ့အပြင် ရွှေလီမြို့ကို ရောက်နေတဲ့ ယာဉ်တွေကလည်း ကုန်းတွင်းပိုင်းကနေ ပင်လယ်ဆိပ်ကမ်းအထိ ကီလိုမီတာ ၃၀၀၀ လောက် ကွာဝေးတယ်။ ဒီတော့ ကုန်သည်လုပ်ငန်းရှင်တွေအတွက် ကုန်ကျစရိတ်များလာတဲ့အပြင် အချိန်ကြန့်ကြာမှုအခက်အခဲတွေ ကြုံတွေ့ရတယ်။ လုပ်ငန်းရှင်တွေ အခက်အခဲ ဖြေရှင်းနိုင်ဖို့က သွင်းကုန်လိုင်စင်ရှိပြီး တင်သွင်းဖို့ကျန်နေတဲ့ယာဉ်တွေကို လိုင်စင်သက်တမ်းတိုးမြှင့်ခွင့်ပြုပေးခြင်းနဲ့ မေ ၁ ရက်ကစပြီး ပြန်လည်တင်သွင်းဖို့ကို ခွင့်ပြုချက်ရရှိပြီးတော့ ဆောင်ရွက်နေတာဖြစ်ပါတယ်။

**မေး။ မေ ၁ ရက်ကစပြီး သွင်းကုန်လိုင်စင် သက်တမ်းတိုးမြှင့်မယ်၊ ပြန်လည်တင်သွင်းခွင့်ပြုခဲ့တယ်ဆိုတော့ မှန်မှန်ကန်ကန်နဲ့ စနစ်တကျတင်သွင်းနိုင်ရေးဆောင်ရွက်ချက်များရှိရင် သိပါရစေ။**

**ဖြေ။** လိုင်စင်သက်တမ်းတိုးပြီး တင်သွင်းမယ့် ယာဉ်ယန္တရားတွေကို မြဝတီကုန်သွယ်ရေးဇုန်၊ မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်နဲ့ တာချီလိတ်နယ်စပ်ကုန်သွယ်ရေးစခန်းတို့ကနေ တင်သွင်းခွင့်ပြုမယ်။ လိုင်စင်ပါ အချက်တွေနဲ့ ကွဲလွဲမှုမရှိစေရအောင် စနစ်တကျတင်သွင်းနိုင်ရေးကို လိုင်စင်ထုတ်ပေးတဲ့ ကုန်သွယ်ရေးဦးစီးဌာန၊ တင်သွင်းခွင့်ပြုပေးမယ့် အကောက်ခွန်ဦးစီးဌာနနဲ့ ယာဉ်မှတ်ပုံတင်ပေးမယ့် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတို့ကနေ ပူးပေါင်းပြီး စစ်ဆေးဆောင်ရွက်သွားမယ်။ ဒါ့အပြင် လုပ်ငန်းလိုအပ်ချက်ရှိလာရင်လည်း ဌာနတွေပူးပေါင်းပြီး စီမံဆောင်ရွက်သွားမှာပါ။

**မေး။ လုပ်ငန်းသုံးယာဉ်ယန္တရားတွေကို ပြန်လည်တင်သွင်းခွင့်ပြုခဲ့ခြင်းနဲ့စပ်လျဉ်းပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေနဲ့ နယ်စပ်ဒေသကနေ ယာဉ်အမျိုးအစားအားလုံးကို တင်သွင်းခွင့်ပြုခဲ့တာလား။ ဒါမှမဟုတ် ယာဉ်အမျိုးအစား ကန့်သတ်ထားတာများရှိသလား သိချင်ပါတယ်ရှင်။**

**ဖြေ။** လက်ရှိအချိန်က အယ်နီညိုရာသီဥတုကြောင့် အပူချိန်မြင့်တက်ပြီး သောက်သုံးရေ အခက်အခဲဖြစ်နေတဲ့ဒေသတွေကို ဖြန့်ဝေပေးနိုင်ဖို့ ရေသယ်ယာဉ်တွေ၊ မီးသတ်ယာဉ်တွေကို တင်သွင်းခွင့်ပြုဖို့နဲ့၊ မကြာမီ မိုးရာသီရောက်လာတော့မယ်ဆိုတော့ လယ်ယာလုပ်ငန်းသုံး ထွန်စက်၊ ရိတ်သိမ်းခြွေလှေ့စက်တွေ၊ ပို့ဆောင်ရေးအတွက် ခရီးသည်တင်ယာဉ်တွေ၊ ကုန်စည်ပို့ဆောင်ရေးအတွက် လိုအပ်တဲ့ ကုန်တင်ယာဉ်တွေကို နယ်စပ်ဒေသက တင်သွင်းမယ်ဆိုရင် အချိန်နဲ့ကုန်ကျစရိတ် ပိုပြီးသက်သာစေတယ်။

ဒါကြောင့်လည်း တင်သွင်းခွင့်ပြုပေးဖို့ ကုန်သည်လုပ်ငန်းရှင်တွေက တင်ပြကြတယ်။ ဒါပေမယ့် Saloon၊ Jeep၊ Van အစရှိတဲ့ လူစီးယာဉ်အုပ်စုနဲ့ လူနဲ့ကုန်နှစ်မျိုးလုံးတင်နိုင်တဲ့ Pick Up၊ Double Cab လို ကားမျိုးတွေကိုတော့ တင်သွင်းခွင့်ပြုမှာမဟုတ်ဘဲ ကျန်ယာဉ်တွေကိုတော့ တင်သွင်းခွင့်ပြုဖို့ ကျွန်တော်တို့ စီမံဆောင်ရွက်သွားမှာပါ။

**မေး။ ပြည်ပက တင်သွင်းခွင့်ပြုတဲ့ လုပ်ငန်းသုံး ယာဉ်ယန္တရားတွေအပေါ်မှာ လိုင်စင်တစ်စောင်ကို လုပ်ငန်းသုံးယာဉ် ၁၀ စီးနှုန်းထိ ပြင်ဆင်ဖြေလျှော့ပေးရတဲ့အကြောင်းရင်းကိုလည်း ပြောပြပေးပါရှင်။**

**ဖြေ။** ဟိုတုန်းက တစ်နှစ်အတွင်းမှာမှ ၁၀ စီးပဲ တင်သွင်းခွင့်ပြုခဲ့တယ်။ အခုတော့ လုပ်ငန်းလိုအပ်ချက်ပေါ်မူတည်ပြီး လိုင်စင်တစ်စောင်ကို လုပ်ငန်းသုံးယာဉ်ယန္တရား ၁၀ စီးနှုန်းနဲ့ လိုအပ်သလို ပြင်ဆင်ဖြေလျှော့ခွင့်ပြုပေးသွားမယ်။ ဒါဟာလည်း အမှန်တကယ် လုပ်ဆောင်နေတဲ့ လုပ်ငန်းရှင်တွေအတွက် အဆင်ပြေချောမွေ့စေဖို့ ဖြစ်ပါတယ်။ ဒါတွေကိုလည်း နယ်စပ်ဒေသကနေပဲ တင်သွင်းခွင့်ပြုမှာပါ။ ရေယာဉ်တွေကိုတော့ ကော့သောင်းနဲ့ မြိတ်ဆိပ်ကမ်းကနေပြီးတော့ သတ်မှတ်ချက်နဲ့အညီ တင်သွင်းခွင့်ပြုမှာဖြစ်ပါတယ်။

**မေး။ ပြည်ပကိုတင်ပို့ဖို့ ကန့်သတ်ထားတဲ့ ပို့ကုန် ၁၂ မျိုးအနက်ကနေ အချို့အမယ်တွေကို ဖြေလျှော့တင်ပို့ခွင့်ပြုနိုင်ရေး ဆောင်ရွက်သွားမယ်ဆိုတာနဲ့ပတ်သက်ပြီး ဘယ်လိုအမယ်အမျိုးအစားတွေ ဖြေလျှော့ပေးသွားမလဲဆိုတာ သိချင်ပါတယ်။**

**ဖြေ။** ပြည်ပကို တင်သွင်းခွင့်မပြုတဲ့ ပန်းနှင်းဆီ (မုန်ညင်း၊ မုန်ညင်းဆီ)၊ နေကြာ၊ နေကြာဆီ ၊ ဆီကြိတ်ဖတ်တွေ၊ ရွှေ၊ စိန်၊ ရေနံ၊ ကျွဲ၊ နွား၊ ဆင်၊ မြင်းနဲ့ ရှားပါးတိရစ္ဆာန်တွေ၊ ပုစွန်ဖွဲ၊ ဆင်စွယ်၊ လက်နက်ခဲယမ်းမီးကျောက်၊ ရှေးဟောင်းပစ္စည်း စတဲ့ ကုန်ပစ္စည်း ၁၂ မျိုးကို တင်သွင်းခွင့်မပြုပါဘူး။ ဒါပေမယ့် ပြောင်းလဲလာတဲ့ ခေတ်ကာလအခြေအနေအရ ပန်းနှင်းဆီ (မုန်ညင်း၊ မုန်ညင်းဆီ)၊ နေကြာ၊ နေကြာဆီ သုံးမျိုးကို ပြည်ပတင်ပို့ဖို့ ဦးစွာဖြေလျှော့ပေးသွားမယ့်အပြင် ကျန်ကုန်ပစ္စည်းတွေထဲက အချို့ကိုလည်း သက်ဆိုင်ရာအဖွဲ့အစည်း၊ ဌာနဆိုင်ရာတွေနဲ့ ထပ်မံဖြေလျှော့နိုင်ရေး ဆက်လက်ညှိနှိုင်းမှုတွေလုပ်သွားမယ်။

**မေး။ ပြည်ပကတင်သွင်းတဲ့ သွင်းကုန်တွေအပေါ်မှာလည်း ဖြေလျှော့တာတွေ လုပ်ပေးသွားမယ်လို့သိရပါတယ်။ ဘယ်လိုဖြေလျှော့ပေးသွားမယ်ဆိုတာ သိပါရစေရှင်။**

**ဖြေ။** နိုင်ငံတကာမှာ သွင်းကုန်လိုင်စင်လျှောက်ထားဖို့ လိုအပ်တဲ့ပစ္စည်းတွေကို Negative List ဆိုပြီး သတ်မှတ်ထားတယ်။ ကျွန်တော်တို့နိုင်ငံမှာလည်း ၂၀၁၅ ခုနှစ် ဇူလိုင်လကတည်းက စတင်ကျင့်သုံးခဲ့တယ်။ ပြည်ပကတင်သွင်းတဲ့ကုန်ပစ္စည်း H.S code Line ၁၀၀၀၀ ကျော်ထဲကမှ ၄၄၀၀ ခန့်ကိုသာ သွင်းကုန်လိုင်စင်လျှောက်ထားရန် အဖြစ်သတ်မှတ်ထားတယ်။ အခုလည်း သက်ဆိုင်ရာဝန်ကြီးဌာနတွေနဲ့ ညှိနှိုင်းဆွေးနွေးပြီး ကျန်ရှိနေတဲ့ H.S code Line ၄၄၀၀ ထဲကနေ ထောက်ခံချက်ရယူဖို့မလိုအပ်တဲ့ အချို့လိုင်းတွေကို ထပ်မံဖြေလျှော့ပေးသွားမှာပါ။

**မေး။ ပို့ကုန်၊ သွင်းကုန် လိုင်စင်လျှောက်ထားမှုတွေကို အွန်လိုင်းစနစ် အပြည့်အဝသုံးစွဲနိုင်ရေး ရက် ၁၀၀ စီမံချက်အနေနဲ့ ဆောင်ရွက်သွားမယ်ဆိုတော့ ကုန်သည်လုပ်ငန်းရှင်တွေအတွက် ဘယ်လို အကျိုးကျေးဇူးကောင်းတွေ ရရှိလာနိုင်မလဲဆိုတာ ပြောပြပေးပါဦးရှင့်။**

**ဖြေ။** အွန်လိုင်းစနစ် အပြည့်အဝသုံးစွဲနိုင်ရေးစနစ်ကို ထောက်ခံချက်ရယူရန်မလိုတဲ့ ကုန်ပစ္စည်းတွေနဲ့ CMP အထည်ချုပ်လုပ်ငန်းတွေအတွက် လျှောက်ထားမှုတွေကို ဦးစွာ ရက် ၁၀၀ အတွင်း ဆောင်ရွက်သွားပါမယ်။ လိုင်စင်လျှောက်ထားရာမှာလည်း နိုင်ငံတကာမှာ ဆောင်ရွက်နေတဲ့နည်းတူ အင်တာနက်ရရှိတဲ့ မည်သည့်နေရာကမဆို ရုံးကိုလာရောက်ဖို့မလိုဘဲ ရယူနိုင်တယ်။ ငွေပေးချေခြင်း၊ ထောက်ခံချက် စစ်ဆေးခြင်း၊ အချက်အလက်လုံခြုံမှု စတဲ့စနစ်တွေကို ထည့်သွင်းဆောင်ရွက်သွားမယ်။ အွန်လိုင်းစနစ်နဲ့ လျှောက်ထားနိုင်ခြင်းကြောင့် ကုန်သည်လုပ်ငန်းရှင်တွေအနေနဲ့ မိမိကုမ္ပဏီရုံးခန်းမှာပဲ ပို့ကုန်သွင်းကုန်လိုင်စင် လျှောက်ထားနိုင်မယ်။ ငွေကြေးကုန်ကျစရိတ် သက်သာလာမယ်။ ကုန်သွယ်မှုလုပ်ငန်းတွေ ပိုမိုမြန်ဆန်သွက်လက်လာပါမယ်။

**မေး။ အခုဆိုရင် မြန်မာနိုင်ငံက အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်တာနဲ့အညီ အာဆီယံကုန်စည်ကုန်သွယ်ရေးသဘောတူညီချက်အရ ဒေသတွင်း နိုင်ငံတွေနဲ့ ချိတ်ဆက်ဆောင်ရွက်နိုင်မယ့် အခန်းကဏ္ဍကလည်း အရေးကြီးလှပါတယ်။ ဒါကြောင့် ဝန်ကြီးဌာနအနေနဲ့ NTR နဲ့ပတ်သက်ပြီး တရားဝင်လွှင့်တင်ပေးဖို့ စီမံဆောင်ရွက်ထားတာများရှိရင် သိပါရစေရှင်။**

**ဖြေ။** မြန်မာနိုင်ငံရဲ့ Myanmar National Trade Repository ကို ဒီလအကုန်မှာ တရားဝင်လွှင့်တင်ပေးနိုင်ဖို့ စီမံဆောင်ရွက်နေပါတယ်။ ဒါ့အပြင် အာဆီယံနိုင်ငံတွေနဲ့ စုစည်းချိတ်ဆက်ထားတဲ့ ATR (Asean Trade Repository)ကိုလည်း တစ်ပြိုင်တည်း ချိတ်ဆက်နိုင်ရေး စီစဉ်ဆောင်ရွက်ပြီးပါပြီ။

ကုန်သည်လုပ်ငန်းရှင်တွေအနေနဲ့ တင်သွင်း၊ တင်ပို့လိုတဲ့ ကုန်အမယ် တစ်မယ်ချင်းအလိုက် ကုန်သွယ်မှုကိုသိရှိနိုင်သလို Tariff Nomenclature၊ MFN Rate၊ Form ပုံစံတွေ၊ Legal Documents တွေ၊ Measure and Procedure တွေ၊ လိုအပ်တဲ့ထောက်ခံချက်တွေ၊ လိုင်စင်လိုအပ်သလား၊ မလိုအပ်တဲ့ကုန်ပစ္စည်းလား စတဲ့ သိရှိလိုတဲ့အချက်တွေကို အင်္ဂလိပ်-မြန်မာ နှစ်ဘာသာနဲ့ သိရှိနိုင်မယ်။ အာဆီယံနိုင်ငံတွေနဲ့ တိုက်ရိုက်စုစည်းချိတ်ဆက်ထားတဲ့အတွက် မိမိတို့ကုန်သည်လုပ်ငန်းရှင်တွေ အာဆီယံနိုင်ငံတွေကို တင်ပို့၊ တင်သွင်းပြုလုပ်မယ်ဆိုရင် သက်ဆိုင်ရာနိုင်ငံက ချမှတ်ထားတဲ့ ကုန်ပစ္စည်းတွေနဲ့ပတ်သက်ပြီး လုပ်ထုံးလုပ်နည်းတွေ၊ ကုန်သွယ်မှုဆိုင်ရာ အချက်အလက်တွေကိုလည်း ကြည့်ရှုလေ့လာနိုင်မယ်။

**မေး။ အာဆီယံအသိုက်အဝန်း ဖြစ်ပေါ်လာတဲ့အခါ မြန်မာနိုင်ငံရဲ့ ကုန်သွယ်မှုကဏ္ဍအတွက်ရော ဘယ်လိုတွေ ကြိုတင်ပြင်ဆင်ထားပါသလဲရှင်။**

**ဖြေ။** အဲဒါကလည်း အတော်အရေးကြီးတဲ့ ပြဿနာပါ။ ကုန်သွယ်မှုဟာ ဒေသတွင်းမှာသော်လည်းကောင်း၊ နိုင်ငံတကာမှာ သော်လည်းကောင်း လွတ်လွတ်လပ်လပ် လုပ်ကိုင်နိုင်လာတဲ့ အနေအထားမျိုးရှိလာပါတယ်။ ကိုယ့်နိုင်ငံကလည်း ဒီလွတ်လွတ်လပ်လပ် ကုန်သွယ်မှုမှာ ပါဝင်နိုင်အောင်ဆောင်ရွက်ဖို့ကလည်း အင်မတန်အရေးကြီးပါတယ်။

သဘောကတော့ ကုန်သွယ်ဘက်ကကြည့်မယ်ဆိုရင် ပို့ကုန်သွင်းကုန်တွေက အခွန်အကောက်သက်သာစွာနဲ့ အာဆီယံကုန်သွယ်မှုပြုရမှာ ဖြစ်တဲ့အတွက်ကြောင့် ကုန်သွယ်မှုတိုးမြှင့်လာမှာ သေချာပါတယ်။ မြန်မာပြည်မှာက ကုန်ကြမ်းပစ္စည်းနဲ့ စားသုံးကုန်ပစ္စည်းတွေကိုပဲ အဓိကတင်သွင်းနေတာ။ ဒီတော့ အာဆီယံဒေသတွင်း နိုင်ငံတွေကနေ ကုန်ကြမ်းပစ္စည်းတွေ၊ စားသုံးကုန်ပစ္စည်းတွေ ဒလဟောဝင်ရောက်လာတဲ့အခါ ပြည်တွင်းက စားသောက်ကုန်ထုတ်လုပ်ငန်းတွေနဲ့ အသေးစား အလတ်စား စက်မှုလုပ်ငန်းတွေအတွက် စိန်ခေါ်မှုတစ်ရပ် ဖြစ်လာမှာပါ။


ဒီတော့ ကိုယ့်ပြည်တွင်းက အသေးစား၊ အလတ်စားလုပ်ငန်းတွေ ကုန်ထုတ်လုပ်မှုကို စရိတ်သက်သာစွာနဲ့ ယှဉ်ပြိုင်နိုင်အောင် အားပေးဖို့ လိုအပ်ပါတယ်။ သိတဲ့အတိုင်းပဲ လယ်ယာကဏ္ဍပဲဖြစ်ဖြစ်၊ စက်မှုကဏ္ဍပဲဖြစ်ဖြစ် အခြေခံ အဆောက်အအုံ၊ သက်သာတဲ့ချေးငွေ၊ ထောက်ပံ့ငွေ၊ နည်းပညာ၊ သယ်ယူပို့ဆောင်ရေး၊ လျှပ်စစ်၊ ရေတို့အပြင် ပြည်တွင်းကုန်ကြမ်းကို သက်သက်သာသာနဲ့ရရှိမှသာလျှင် အသေးစားလုပ်ငန်းတွေရဲ့ အရည်အသွေးတိုးတက်လာမယ်။ နိုင်ငံတကာက ဝင်ရောက်လာမယ့် ကုန်စည်တွေကို ယှဉ်ပြိုင်နိုင်မယ်။ ဒါကလည်း သက်ဆိုင်ရာဌာနတွေနဲ့ ပူးပေါင်းပြီးတော့ ရေရှည်လုပ်ကိုင်ရမယ့်လုပ်ငန်းမျိုး ဖြစ်ပါတယ်။ ။



ပို့ကုန်၊ သွင်းကုန်လုပ်ငန်းများဆောင်ရွက်လျက်ရှိသည့် ရန်ကုန်စက်မှုဆိပ်ကမ်းတစ်နေရာ။



ပို့ကုန်၊ သွင်းကုန်အမယ်များကို ဖြေလျှော့တင်ပို့ခွင့်ပြုလျက်ရှိသည့်အပြင် ပို့ကုန်ပစ္စည်းများကိုလည်း စနစ်တကျစစ်ဆေးဆောင်ရွက်လျက်ရှိသည်။



ပို့ကုန်၊ သွင်းကုန်များကို နယ်စပ်ဂိတ်များမှတစ်ဆင့် တင်သွင်းလျက်ရှိရာ နယ်စပ်ဂိတ်များကိုလည်း တိုးချဲ့ဖွင့်လှစ်လျက်ရှိသည်။

# မိုးကြိုကာလ ရေကြောင်းဘက်ဆိုင်ရာ ဘေးအန္တရာယ်ကင်းရှင်းစေရေး အသိပညာပေး



**မြိတ် မေ ၂၃**
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ရက်(၁၀၀)လုပ်ငန်းစဉ်များမှ မိုးကြိုကာလ ရေကြောင်းဘက်ဆိုင်ရာ ဘေးအန္တရာယ်ကင်းရှင်းစေရေး အသိပညာပေးဆွေးနွေးပွဲကို မေ ၂၀ ရက် နံနက် ၁၀ နာရီခွဲက တနင်္သာရီတိုင်းဒေသကြီး ဆိပ်ငယ်ရပ် ကမ်းနားလမ်းရှိ ပုလဲရတနာခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်ကျော်ထွန်းက အဖွင့်အမှာစကားပြောကြားပြီး ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသော်က (အောက်မြန်မာပြည်)က တနင်္သာရီကမ်းရိုးတန်းဒေသသည် နှစ်စဉ် မေ ၁ ရက်မှ ဩဂုတ် ၃၁ ရက်အထိ ဆိုးရွားသောရာသီဥတု (Foul Weather )အဖြစ် သတ်မှတ်ထားသည့်အတွက် ယင်းကာလအတွင်း ပြေးဆွဲခုတ်မောင်းနေသောရေယာဉ်များ ဆိပ်ကမ်းတွင် ဆိုက်ကပ်ထားစဉ်လည်းကောင်း၊ ရေပြင်တွင်ခုတ်မောင်းနေစဉ်၌ လည်းကောင်း၊ မိုးဒဏ်၊ လေဒဏ်၊ လှိုင်းဒဏ် စသည့် သဘာဝဘေးအန္တရာယ်များမှ ကာကွယ်နိုင်ရေး ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်ထားရန် ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးဖုန်းမို (စက်မှုနှင့်သင်္ဘောစစ်ဆေးရေး)က သဘာဝဘေးအန္တရာယ် ကာကွယ်ရေးအတွက် ရေယာဉ်တည်ဆောက်ရေးနှင့် စစ်ဆေးရေး၊ ပင်လယ်ပြင်သွားလာမှု အရေးကြီးကြောင်း၊ သင်္ဘောတည်ဆောက်သည့်အခါတွင် ပြည့်စုံအောင်တည်ဆောက်ပြီး ကြံ့ခိုင်မှု၊ ပြည့်စုံမှုရှိမှသာ ပင်လယ်ပြင်အတွင်း ဘေးအန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ တနင်္သာရီတိုင်းဒေသကြီး ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ တိုင်းဦးစီးမှူး ဦးဇော်လွင်ထွေးက ရေယာဉ်ပိုင်ရှင်များ၊ ရေယာဉ်မှူးများ၊ ရေယာဉ်မောင်းနှင်သူများ၊ ခရီးသည်များ လိုက်နာသတိပြုရမည့် အကြောင်းအရာများနှင့် ပင်လယ်ပြင်လုံခြုံမှု (safety of ship)၊ မိမိရေယာဉ်ဝန်ထမ်းများနှင့် ခရီးသည်များ၏ အသက်ဘေးအန္တရာယ်လုံခြုံမှု(safety of life at sea)၊ တင်ဆောင်ထားသော ကုန်ပစ္စည်းများ၏ ဘေးအန္တရာယ်လုံခြုံမှု (safety of cargo)အတွက် အဓိကတာဝန်ရှိသူဖြစ်၍ မည်သည့်အချိန်ကာလတွင်မဆို သတိရှိပြီး အန္တရာယ်ကို ကြိုတင်တွက်ဆ၍ ကြိုးစားရှောင်ရှားကြရန်နှင့် ပင်လယ်ပြင်တွင်ဖြစ်စေ၊ ဆိပ်ကမ်းရေပြင်တွင်ဖြစ်စေ မိမိအနီးအနားရှိ လှေသင်္ဘောများ ဘေးအန္တရာယ်ကျရောက်ခြင်းကိုတွေ့ရှိပါက မိမိတတ်စွမ်းသရွေ့ကူညီဆောင်ရွက်ပေးသွားရန် ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**

# တောင်သူပညာပေး နွေစပါးစံပြကွက်ကွင်းပြပွဲနှင့် မျိုးစေ့ဖြန့်ဖြူးခြင်းလုပ်ငန်းများ သီပေါ၌ဆောင်ရွက်




**သီပေါ မေ ၂၃**
ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် စိုက်ပျိုးရေး ဦးစီးဌာနကကြီးမှူး၍ တောင်သူနည်းပညာပေး နွေစပါးစံပြကွက်ကွင်း လက်တွေ့ပြသခြင်းကို မေ ၁၉ ရက် နံနက်ပိုင်းက ကျင်သီကျေးရွာအုပ်စု ဆွန်အွိုက် (ကြံခင်း)ကျေးရွာတွင် ကျင်းပသည်။

ယင်းပြသပွဲသို့ ကျောက်မဲခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမောင်မောင်အေးနှင့် ခရိုင်မြေအသုံးချရေး၊ မျိုးစေ့နှင့်သီးနှံကာကွယ်ရေး ဌာနခွဲများမှတာဝန်ခံများ၊ မြို့နယ်ဦးစီးမှူး ဦးမိုးကျော်စွာဝင်းနှင့် စိုက်ပျိုးရေးဝန်ထမ်းများ၊ ဖိတ်ကြားထားသောတောင်သူများ တက်ရောက်ကြပြီး မြို့နယ်ဦးစီးမှူးက မျိုးကောင်းမျိုးသန့်သုံးစွဲခြင်း၊ ပေါင်းမြက်နှင့် ပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းခြင်းတို့ကို လက်တွေ့ပညာပေးဆောင်ရွက်ခဲ့ကြသည်။

ဆက်လက်၍ခရိုင်ဦးစီးမှူး၊ မြို့နယ်ဦးစီးမှူးနှင့်တာဝန်ခံများသည်ဘော်ကြိုကျေးရွာအုပ်စုသို့သွားရောက်ကာ ပထမရက် ၁၀၀ အတွင်း ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့်ပတ်သက်ပြီး တောင်သူများအားစိုက်ပျိုးနည်းပညာများ ရှင်းလင်းဆွေးနွေးခြင်း၊ EM ဘိုကာရှီ မြေဆွေးပြုလုပ်နည်း လက်တွေ့ပြသခြင်း၊ သီးညှပ်စိုက်ပျိုးရန်အတွက်ပဲစင်းငုံ၊ နေကြာမျိုးစေ့နှင့် ဓာတ်မြေဩဇာများ ပံ့ပိုးထောက်ပံ့ခြင်းတို့ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# မြကျွန်းသာ စာကြည့်တိုက်ဖွင့်လှစ်

**ရန်ကုန် မေ ၂၃**
ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ပူးပေါင်း၍ ရက် ၁၀၀ အတွင်း ပြည်သူ့အကျိုးပြုလုပ်ငန်းများကို မေ ၂၁ ရက် နံနက် ၉ နာရီက အမှတ်(၂၁)ရပ်ကွက် မြကျွန်းသာစာကြည့်တိုက်၌ ကျင်းပခဲ့သည်။

ဖွင့်ပွဲတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဟိန်းဝဏ္ဏထက်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဒေါ်အုံညွှန့်၊ (၂၁)ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးမျိုးဆန်း၊ မြကျွန်းသာ စာကြည့်တိုက်ဥက္ကဋ္ဌ ဦးသန်းဆွေတို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာအုပ်ပြပွဲနှင့် စာဖတ်ဝိုင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# ညောင်တုန်းမြို့၌ ရက် ၁၀၀ စီမံချက် ပြည်သူ့အကျိုးပြုအသိပညာပေး ဟောပြော

**ညောင်တုန်း မေ ၂၃**
ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်ရှိ ဌာနဆိုင်ရာများ ပူးပေါင်းပါဝင်သောအဖွဲ့သည် ရက် ၁၀၀ စီမံချက်အတွင်း အများပြည်သူအတွက် ပြည်သူ့အကျိုးပြု ဥပဒေဆိုင်ရာ အသိပညာပေးဟောပြောပွဲ အခမ်းအနားကို ညောင်တုန်းမြို့နယ် ဆားမလောက်ကျေးရွာအုပ်စု ဆားမလောက်ကျေးရွာဓမ္မာရုံ၌ မေ ၂၁ ရက် နံနက်ပိုင်းက ကျင်းပကြောင်း သိရသည်။

မြို့နယ်ဥပဒေအရာရှိ ဒေါ်နှင်းသီတာဌေးက ပြည်သူများ သိသင့်သိထိုက်သည့် ဥပဒေအကြောင်းအရာများ၊ တစ်လင်တစ်မယားစနစ်ကျင့်သုံးခြင်းဆိုင်ရာ ဥပဒေ၊ ရာဇသတ်ကြီး ဥပဒေအကြောင်းဆိုင်ရာများ အသိပညာပေးရှင်းလင်းဟောပြောခြင်း၊ စခန်းမှူး ရဲအုပ်သူရိန်လင်း (ဆားမလောက်စခန်း)က ရဲလုပ်ငန်းဆိုင်ရာများ၊ ၂၀၁၅ ခုနှစ် မော်တော်ယာဉ် ဥပဒေအကြောင်းဆိုင်ရာများနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ သိကောင်းစရာများရှင်းလင်းအသိပညာပေးခြင်း၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဝင်းဗိုလ်က မှုခင်းပြစ်မှု ပြစ်ဒဏ်များ ကျဆင်းပပျောက်စေရေး၊ မြို့နယ်ဦးစီးမှူး ဒေါ်သန္တာဦး (ပြန်/ဆက်)က လူကုန်ကူးမှုဖြစ်ပွား စေနိုင်သည့်နည်းလမ်းများနှင့် မူးယစ်ဆေးဝါးအန္တရာယ်ကြီးမားပုံ ဆိုးကျိုးအပြစ်သိကောင်းစရာများကို အသိပညာပေးဟောပြောခြင်းများနှင့် ရပ်ရွာစာကြည့်တိုက်များ ဖြစ်ပေါ်ရေး၊ စာဖတ်ရှိန်မြှင့်တင်ရေးနှင့် ကျေးရွာနေပြည်သူများနှင့် ဌာနဆိုင်ရာများ ပူးပေါင်းပြီး ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် ပူးပေါင်းကူညီဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။




**ထွန်းကျော်(ညောင်တုန်း)**

## လေပြင်းဒဏ်ခံရသော အပင်နှစ်ဆယ် ကျေးရွာသို့ သွားရောက်လှူဒါန်း

**ကျောင်းကုန်း မေ ၂၃**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် လှည်းဆိပ်ကျေးရွာအုပ်စု အပင်နှစ်ဆယ်ကျေးရွာတွင် မေ ၁၇ ရက်က လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်ခြောက်လုံး၊ နွားတင်းကုတ်တစ်လုံးပြိုလဲပျက်စီးခဲ့ပြီး နေအိမ် ၁၅ လုံး အမိုးလန်ခဲ့သည်။

အဆိုပါ ကျေးရွာသို့ မေ ၂၁ ရက် မွန်းလွဲပိုင်းက ကျောင်းကုန်းမြို့နယ် ကြက်ခြေနီ အသင်းခွဲ ဒုတပ်ရင်းမှူး ဦးသိန်းထွန်း ဦးဆောင်၍ တပ်ဖွဲ့ဝင်များက မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှ ထောက်ပံ့လှူဒါန်းသော Shelter. Tool. Kits (အိမ်ဆောက်ပစ္စည်းများအစုံ)၊ Hygiene. Kits (တစ်ကိုယ်ရည်သုံး ပစ္စည်းများအစုံ)၊ တာပေါ်လင် များကိုသွားရောက်ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။



**ဝင်းကြိုင်(ပြန်/ဆက်)**

## ပဲခူးမြို့နယ်ရှမ်းရွာကြီးကျေးရွာတွင် ကိုယ့်အားကိုယ်ကိုး ရွာအလယ်တံတားကြီးဖွင့်လှစ်

**ပဲခူး မေ ၂၃**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ရှမ်းရွာကြီးကျေးရွာတွင် ကိုယ့်အားကိုယ်ကိုး ရွာမတံတားဖွင့်ပွဲအခမ်းအနားကို မေ ၂၁ ရက် နံနက် ၉ နာရီခန့်က ပြုလုပ်ခဲ့ကြောင်းသိရသည်။

အဆိုပါတံတားသည် ရှမ်းရွာကြီးကျေးရွာတွင် ဒုတိယမြောက်တံတားဖြစ်ပြီး ပထမအကြိမ် ရွာသာတံတားအား ပဲခူးတိုင်းဒေသကြီး လွှတ်တော်ရန်ပုံငွေမှ သိန်း ၅၀ မတည်ပေးပြီး ကျေးရွာသူ၊ ကျေးရွာသားများ စုပေါင်းထည့်ဝင်၍ ၂၀၁၄ ခုနှစ်က ရွာသာတံတားတစ်စင်းတည်ဆောက်ပြီးစီးခဲ့သည်။ ယခုရှမ်းရွာကြီးကျေးရွာ ရွာလယ်ရှိ ချောင်းကူးတံတားဖြစ်ပြီး တံတားအရှည် ၆၆ ပေအကျယ် ၁၄ ပေ ၂ လက်မအမြင့် ၁၃ ပေရှိပြီး မည်သည့်အထောက်အပံ့မျှ မပါဝင်ဘဲ ကျေးရွာသူ၊ ကျေးရွာသားများစုပေါင်းထည့်ဝင်ငွေများဖြင့် ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၁၃ ရက်မှစတင် တည်ဆောက်ခဲ့ပြီး ၂၀၁၆ ခုနှစ် မေ ၂၀ ရက်တွင်ပြီးစီးခဲ့၍ ဖွင့်ပွဲအခမ်းအနား ကျင်းပခဲ့ခြင်းဖြစ်သည်။

ယင်းတံတားတည်ဆောက်မှုအတွက် စုစုပေါင်းကုန်ကျငွေကျပ်သိန်းပေါင်း ၃၁၀ ခန့်ကုန်ကျခဲ့ပြီး အဆိုပါတံတားဖွင့်ပွဲအခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်ရင်က အဖွင့်အမှာစကားပြောကြားခဲ့သည်။

ယင်းနောက် ရှမ်းရွာကြီးရွာမတံတားဖြစ်မြောက်ရေးကော်မတီနာယက ဦးအေးရွှေနှင့် ကော်မတီဥက္ကဋ္ဌဦးမင်းစိုးတို့က တံတားဆောက်လုပ်မှုတွင် ကုန်ကျမှုငွေစာရင်းရှင်းတမ်းများကို ပါဝင်ထည့်ဝင်ကြသောကျေးရွာသူ၊ ကျေးရွာသားများသိရှိစေရန် ရှင်းလင်းဖတ်ကြားခဲ့သည်။

**၀၂၇**

## အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရေးအတွက် အသက်မွေးဝမ်းကျောင်း အထောက်အကူပြုနှင့် စက်ချုပ်သင်တန်းဖွင့်လှစ်

**ကျောက်တန်း မေ ၂၃**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဦးစီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊ ဆင်းရဲမှုလျှော့ချရေးအတွက် အထောက်အကူဖြစ်စေရန်နှင့် လူစွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရေးအတွက် ရည်ရွယ်၍ ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့ကနယ် စင်မကော်ကျေးရွာ Learning Centre တွင် စက်ချုပ်သင်တန်း အမှတ်စဉ် (၂/၂၀၁၆) ကို သင်တန်းသူ ၃၀ ဦးဖြင့် ဖွင့်လှစ်ခဲ့ပြီး တံတားမြို့ Learning Centre တွင်လည်း စက်ချုပ်သင်တန်း (၃/၂၀၁၆) ကို သင်တန်းသူ ၄၈ ဦးဖြင့် ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အဆိုပါ စက်ချုပ်သင်တန်း ဖွင့်ပွဲကို ကျောက်တန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများနှင့် သင်တန်းသူများ တက်ရောက်ခဲ့ပြီး မြို့နယ်ဦးစီးမှူး ဦးတင်အောင်သန်းမှ သင်တန်းနှင့် ပတ်သက်သည့် အကြောင်းအရာများကို ရှင်းလင်းပြောကြားခဲ့ပြီး သင်တန်းကာလကို ခြောက်ပတ်ကြား သင်ကြားပို့ချသွားမည်ဖြစ်သည်။

**စန်းစန်း (ကျောက်တန်း)**

## သမိုင်းဝင် ပန်းအိုင်ရွှေမုဋ္ဌောဆုတောင်းပြည့်မြတ်စွာဘုရား ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပမည်

**မလှိုင် မေ ၂၃**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် ပန်းအိုင်ကျေးရွာတွင် သီရိဓမ္မာသောကမင်းကြီး တည်ထားကိုးကွယ်တော်မူခဲ့သော ရွှေမုဋ္ဌောဆုတောင်းပြည့်မြတ်စွာဘုရားကြီး၏ နှစ်စဉ်ကျင်းပမြဲဖြစ်သည့် ဗုဒ္ဓပူဇနိယ ပွဲတော်ကြီးကို ဘုရားကြီး၏ ဩဝါဒစရိယဆရာတော်ကြီးများနှင့် တာဝန်ရှိအဖွဲ့စည်းအဆင့်ဆင့်တို့၏ကြီးကြပ်မှုဖြင့် ဘဏ္ဍာတော်ထိန်းဂေါပကမှ ကြီးမှူး၍ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည် ။

ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို ၁၃၇၈ ခုနှစ် နယုန်လဆန်း ၁၀ ရက်မှ နယုန်လဆန်း ၁၄ ရက်ထိ နေ့၊ ည အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကျင်းပပြီး နယုန်လဆန်း ၁၅ ရက် နံနက်ပိုင်းတွင် ဘုရားအနေကဇာတင်လှူပြီး ပွဲတော်ကြီးကို ဖွင့်လှစ်သွားမည်ဖြစ်သည်။

ဘုရားပွဲတော် ကာလကို နယုန်လဆန်း ၁၅ ရက်မှ ဝါဆိုလဆန်း ၂ ရက်အထိ ၁၈ ရက်တိုင်တိုင် ကျင်းပသွား မည်ဖြစ်ပြီး ပျော်ပွဲရွှင်ပွဲများအဖြစ် ဇာတ်ပွဲ၊ ရုပ်ရှင်၊ ချားရဟတ်၊ မျက်လှည့်၊ ဆပ်ကပ်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။ ပွဲတော်ဆိုင်ခန်းများကို ကဆုန်လဆန်း ၁၅ ရက်မှစတင်၍ နယုန်လဆန်း ၈ ရက်ထိ ပေးသွားမည်ဖြစ်ကြောင်းသိရသည်။

**အောင်ဌေး(မလှိုင်)**

## မော်လူးတွင် ရေနုတ်မြောင်းများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**မော်လူး မေ ၂၃**

မိုးရာသီရေစီးရေလာကောင်းမွန်ရေး မြို့တွင်း ရပ်ကွက်အတွင်း စည်ပင်သာယာစျေးသန့်ရှင်းသာယာလှပရေးအတွက် စုပေါင်းသန့်ရှင်းရေးကို မေ ၂၂ ရက် နံနက် ၇ နာရီခွဲမှ နံနက်၁၀နာရီအထိ စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးတွင်စုပေါင်း ဆောင်ရွက်ခဲ့ကြသည်။

အခုလိုဆောင်ရွက်ရာမှာ မော်လူးကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးဦးစိုးမြင့်နှင့် အထောက်အကူပြု အဖွဲ့ဝင်များ၊ ရပ်မိဖရပ်ဖများ၊ မြို့နယ်စည်ပင်သာယာရေးဥက္ကဋ္ဌ ဦးတိုးမြင့်နှင့် တာဝန်ရှိသူများ၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိမ်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာန မော်လူးဘိနယ်သစ်တောတာဝန်ခံ တောအုပ်ကြီးဦးစိန်သန်းနှင့် သစ်တောဝန်ထမ်းများ မော်လူးနယ်မြေရဲတပ်ဖွဲ့စခန်းမှ စခန်းမှူးရဲအုပ်မင်းနိုင်နှင့် တပ်ဖွဲ့ဝင်များ မော်လူးဒေသအရန်မီးသတ်တပ်ခွဲမှူး ဦးခင်အောင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ အုန်းဒုတ်ရွာဒေသအရန်မီးသတ်တပ်ခွဲမှူး ဦးတင်ငွေနှင့်တပ်ဖွဲ့ဝင်များ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ NLD ပါတီဝင်အဖွဲ့များ၊ ဒေသခံများ၊ မင်းသာကျေးရွာ တောင်သူဦးကြီးများ စုစုပေါင်းအင်အား ၃၀၀ ကျော်တို့က ဟဲနုကျေးရွာမှ ရွှေဘို-မြစ်ကြီးနား ပြည်ထောင်စုကားလမ်းမကြီးနံဘေးမှ ရေနုတ်မြောင်းများနှင့် မြို့ပေါ်ရပ်ကွက်အတွင်းရှိရေနုတ်မြောင်း စုစုပေါင်း အရှည်တစ်မိုင်အတွင်းရှိရေမြောင်းများကို မိုးရာသီ ရေစီးရေလာကောင်းမွန်ရေးအတွက် ဝိုင်းဝန်းတူးဖော်ဆောင်ရွက်ကြသည်။



အဆိုပါစေတနာရှင်လုပ်အားပေးအဖွဲ့ကို ကုသိုလ်ရှင်များမှ နံနက်ခင်းတွင် ကောက်ညှင်းပေါင်း၊ အကြော်၊ လက်ဖက်ရည်နှင့် နေ့လည်စာအတွက် ထမင်းဟင်းလျာများဖြင့် တည်ခင်းဧည့်ခံကျွေးမွေးခဲ့ကြောင်း သိရသည်။

**နီတိုး**

## မွန်ပြည်နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တင်ဒါလုပ်ငန်းများ ရှင်းလင်းဆွေးနွေး

**မော်လမြိုင် မေ ၂၃**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန မွန်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ကျေးလက်လမ်း၊တံတား၊ ရေပေးရေး လုပ်ငန်းများဆောင်ရွက်ရန် တင်ဒါတင်သွင်းမည့် ကုမ္ပဏီများအား မေ ၁၆ရက်တွင် ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရုံးတွင် ပြည်နယ်ညွှန်ကြားရေးမှူး ဦးမျိုးကြည်က တင်ဒါစည်းကမ်းချက်များနှင့်ပတ်သက်၍ အသေးစိတ် ရှင်းလင်းပြောကြားပြီး ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ) ဦးဝင်းနိုင်က စျေးနှုန်းအဆိုပြုလွှာ (Price Proposal) နှင့် နည်းပညာပိုင်းဆိုင်ရာ အဆိုပြုလွှာ (Technical Proposal) တင်နည်းများ ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် ကုမ္ပဏီများမှ မရှင်းလင်းသည့် အကြောင်းအရာများအား ပြန်လည်မေးမြန်းခဲ့ပြီး ပြည်နယ်ဦးစီးမှူးနှင့် ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ) တို့က ထပ်ဆင့်ရှင်းလင်းဖြေကြားခဲ့ကြောင်း သတင်းရရှိသည်။

**(ကြေးမုံ)**

## ကောက်ဦးစပါးများလှိုင်လှိုင်ပေါ်ချိန် ကျောက်တံခါးမြို့နယ်မှ တောင်သူများ စပါးစျေးကောင်းရရှိ

**ကျောက်တံခါး မေ ၂၃**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်တွင် ယခုအခါ ကောက်ဦးစပါးများ လှိုင်လှိုင်ပေါ်နေခြင်းကြောင့် တောင်သူများမှ စပါးရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် ကောက်ဦးစပါးများကို ရိတ်သိမ်းခြွေလှေ့ရောင်းချရာ စပါးစျေးကွက်တွင် စျေးကောင်းရ၍ တောင်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့တောင်သူတွေအနေနဲ့ဒီနှစ် စပါးတွေ အစောကြီးပေါ်တော့ စျေးကောင်းရတာပေါ့။ စပါးတင်း ၁၀၀ ကို ကျပ် ၅၅၀၀၀၀ စျေးရောင်းရပါတယ်။ အခုလို ဖွံ့ဖြိုးတိုးတက်လာတဲ့ ခေတ်မှာကောက်ဦးစပါးတွေကို ရွှံ့ဗွက်ထဲမှာ စက်ကြီးတွေနဲ့ ရိတ်သိမ်းလိုက်တဲ့အတွက် အချိန်ကုန်ငွေကုန်သက်သာပြီး အလေအလွင့်လည်းမရှိ စပါးပင်ကနေစပါးတွေ အိပ်ထဲကိုအရောက်ထည့်ယူနိုင်ခဲ့ပြီး လိုရာကိုအချိန်နဲ့တစ်ပြေးညီ သယ်ယူ ပို့ဆောင်နိုင်တဲ့အပြင် စျေးကွက်မှာ စျေးကောင်းနဲ့ရောင်းရပြီး နောက်ထပ်ဆောင်းသီးနှံများကိုလည်းအချိန်မီ ထွန်ယက်စိုက်ပျိုးနိုင်မှာဖြစ်လို့ တောင်သူမျိုးအနေဖြင့် အဆင်ပြေမှုများရှိပါတယ်" ဟု တောင်သူဦးဌေးဌေးက ပြောသည်။

**ခင်ကို(ကျောက်တံခါး)**

## ငါန်းဇွန်၌ အမျိုးသား(အကြီးတန်း) စားပွဲတင်တင်းနစ်ပြိုင်ပွဲကျင်းပ


**ငါန်းဇွန် မေ ၂၃**

မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာနမှ ကြီးမှူးကျင်းပသော မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌဖလား အမျိုးသား(အကြီးတန်း)အပျော်တမ်း တစ်ဦးချင်း စားပွဲတင်တင်းနစ်ပြိုင်ပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးဝင်းအတွင်း၌ မေ ၁၉ ရက်တွင် စတင်ကျင်းပခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ၁၄ ဦးပါဝင်ယှဉ်ပြိုင်ကြပြီး အုပ်စုခွဲလျက် ပတ်လည်စနစ်ဖြင့် ယှဉ်ပြိုင်ခဲ့ကြရာ ပြိုင်ပွဲအပြီးတွင် ပထမရရှိသူ ပြည့်ဖြိုးသူ(ပညာရေး)နှင့် ဒုတိယရရှိသူ မြင့်အောင်သိန်း(မြို့နယ်ကော်မရှင်ရုံး)တို့အား မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာန ဦးစီးအရာရှိ ဦးအေးကိုကိုနှင့် တာဝန်ရှိသူများမှ ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။

**သက်နောင်ဦး(ငါန်းဇွန်)**

# ပြောင်းလဲလာသော မြန်မာ့လူမှုဘဝနှင့် တောင်သူလယ်သမားများ၏ပြဿနာ



**à ZÐuf£**

မြန်မာနိုင်ငံသည် သဘာဝမြေဆီ မြေဩဇာကောင်းမွန်ပြီး စိုက်ပျိုးရေးကို အဓိကအားထားရသော နိုင်ငံဖြစ်သည်။ ယခင်က လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများကို မိရိုးဖလာနွားများ၊ ကျွဲများဖြင့် ထွန်ယက်စိုက်ပျိုးကြသော်လည်း ယခုအခါ အချိန်ကုန်သက်သာ မြန်ဆန်သည့် လယ်ယာသုံးထွန်စက်များဖြင့် စိုက်ပျိုးလာကြသည်။

မြန်မာနိုင်ငံရှိလူဦးရေ ၇၃ ရာခိုင်နှုန်းသည် ကျေးလက်ဒေသနေ တောင်သူလယ်သမားများဖြစ်ကြသည်။ မြန်မာနိုင်ငံ၏ စီးပွားရေး ၄၂ ရာခိုင်နှုန်းမှာ လယ်ယာစိုက်ပျိုးရေးကဏ္ဍကို အခြေပြု၍ လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြသည်။ ထိုကဲ့သို့ လယ်ယာစိုက်ပျိုးရေးကဏ္ဍကို အခြေပြုလုပ်ကိုင်ကြသော တောင်သူလယ်သမားများကို လူနေမှုဘဝအဆင့်မြင့်စေရန် အလေးထားဂရုပြု ဆောင်ရွက်ပေးမှုကို တောင်သူကြီးများ လိုလားလျက်ရှိကြသည်။

မြန်မာနိုင်ငံ၏ အညာမြေဒေသဟု ခေါ်ဝေါ်ကြသော စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်းဒေသကြီးတို့တွင် မြန်မာပြည်၏ဆီအိုးကြီး ကမ္ဘာ့စားနပ်ရိက္ခာဖြစ်သည့် မြေပဲ၊ နှမ်းနှင့် ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ ငရုတ်၊ ထောပတ်ပဲ၊ ကုလားပဲ စသည့်သီးနှံများမှာ မကွေးတိုင်းဒေသကြီးမှ အထွက်များသည်။ ၎င်းသီးနှံစိုက်ပျိုးရန်အတွက်လည်း အခက်အခဲ ပြဿနာများနှင့် ကြုံတွေ့လာကြသည်။

ကျေးလက်ဒေသနေ တောင်သူလယ်သမားများ၏ လူနေမှုဘဝတိုးတက်ရေးနှင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်စေရေးတို့သည် ထပ်တူကျလျက်ရှိနေသဖြင့် ယခုလက်ရှိအခြေအနေ၌ ကျေးလက်နေလူမှုဘဝသည် အရမ်းနိမ့်ကျနေသည်ဟု ပညာရှင်တချို့က သုံးသပ်ပြောပြကြသည်။ စိုက်ပျိုးရေးကို အခြေခံ၍ လုပ်ကိုင်လျက်ရှိသော အဓိကပြဿနာများမှာ စိုက်ပျိုးရေပြဿနာ၊ စိုက်ပျိုးရန်အတွက် စိုက်ပျိုးရေးစရိတ် ချေးငွေပြဿနာ (သို့မဟုတ်) ပုဂ္ဂလိကဘဏ်များနှင့်လွတ်လပ်စွာ ချိတ်ဆက်ဆောင်ရွက်မှု မရရှိသေးသည့်ပြဿနာ၊ သီးနှံဈေးနှုန်းနှင့် သီးနှံအာမခံ ဈေးကွက်မရှိသည့် ပြဿနာ၊ နည်းပညာနှင့်မျိုးကောင်းမျိုးသန့် အလွယ်တကူမရရှိခြင်း ပြဿနာတို့အပြင် အပူတပြင်း အရေးတကြီးဖြစ်နေသော သိမ်းဆည်းခံလယ်ယာမြေပြဿနာတို့ဖြစ်သည်။

၂၀၁၆ ခုနှစ် မြန်မာနိုင်ငံ၏ ရာသီဥတုသည်လည်း အယ်နီညို ရာသီဖြစ်နေရာ ဇန်နဝါရီလလယ်မှစတင်ကာ ရာသီဥတု ပူပြင်းလာသဖြင့် တောင်သူများစိုက်ပျိုးသီးနှံအထွက်နှုန်း သိသိသာသာ ကျဆင်းခဲ့ရကြောင်း တောင်သူများက ပြောကြသည်။ သီးနှံဈေးနှုန်းမှာလည်း မှန်းချက်နှင့် နှမ်းထွက်မကိုက်ဖြစ်ကြသည်။ တောင်သူလုပ်ကိုင်သူတိုင်း အဓိကအခက်အခဲသုံးမျိုးနှင့် ရင်ဆိုင်ကြရသည်ဟုဆိုသည်။ ယင်းတို့မှာ ၁။ ရာသီဥတုပြောင်းလဲခြင်း ၂။ အရင်းအနှီးနှင့် ထွန်ယက်ကိရိယာ ၃။ လုပ်သားရှားပါးမှုနှင့်သီးနှံဈေးကွက်တို့ဖြစ်သည်။

"ရာသီဥတုပြောင်းလဲခြင်းနဲ့ ပတ်သက်လို့ မိုးလေဝသပညာရှင်များပြောပြသလို မုတ်သုန်အဝင်နောက်ကျပြီး မုတ်သုံအထွက်စောခြင်းတို့ကြောင့် မိုးဦးသီးနှံက မြေပဲနဲ့ နှမ်းများသုံးလခန့်စိုက်ပျိုးရတာလေ မိုးဦးသီးနှံအတွက် မိုးရေအခက်အခဲမရှိပေမယ့်လည်း မိုးနှောင်းသီးနှံဖြစ်တဲ့ ပဲတီစိမ်း၊ ပဲလွန်း ပြောင်းအမျိုးမျိုးတို့အပြင် ဝါများလည်းစိုက်ပျိုးကြတယ်။ အဲ့ဒီအခါကြရင် မိရိုးဖလာစိုက်ပျိုးခဲ့တဲ့ နွားတွေကိုအားထားကြတဲ့အခါ အချိန်နှောင့်နှေးလာကြတယ်။ လယ်ထွန်စက်ပိုင်ရှင်တွေဆီက ငှားရန်းကြတော့လည်း တစ်နာရီ ကျပ် ၁၂၀၀၀ ကနေ ကျပ် ၁၅၀၀၀ အထိ အဖိုးအခက တက်လာတယ်။ အချိန်လုပြီး စိုက်ပျိုးချိန်အမီ စိုက်ပျိုးကြရတယ်။ တစ်ရွာ လယ်ထွန်စက်တစ်စီး သို့မဟုတ် နှစ်စီးလောက်ကို နိုင်ငံတော်ထောက်ပံ့မှုအနေနဲ့ စီစဉ်ပေးစေချင်တယ်" ဟု တောင်သူတစ်ဦးက ပြောသည်။

ယင်းအပြင် တောင်သူများအတွက် အခက်အခဲတစ်ခုမှာ အရင်းအနှီးဖြစ်သည်။ ဆင်းရဲနွမ်းပါးတောင်သူတချို့မှာ အရင်းအနှီးအတွက် ချမ်းသာသောပုဂ္ဂိုလ်များထံမှ အတိုးနှုန်းကြီးစွာ ချေးငှားကြရသည်။ အစိုးရက စိုက်ပျိုးရေးအတွက် ချေးငွေမှာ ယာတောင်သူတစ်ဦး တစ်ဧက ကျပ် ၂၀၀၀၀ နှင့် ၁၀ ဧကအတွက် ကျပ်၂၀၀၀၀၀ အထိသာရရှိကြောင်း ထွန်ယက်ခအတွက် လောက်ငှမှု မရှိကြောင်းနှင့် လယ်စိုက်တောင်သူမှာ တစ်ဧက ကျပ် ၁၀၀၀၀၀ အထိရရှိသဖြင့် လယ်စိုက်တောင်သူနှင့် ယာစိုက်တောင်သူ ကွာဟမှုများကြောင်း တောင်သူများက ပြောသည်။

နောက်ထပ်အခတ်အခဲတစ်ခုမှာ လုပ်သားရှားပါးမှုဖြစ်သည်။ သီးနှံစိုက်ပျိုးချိန်တွင် အခက်အခဲမရှိသော်လည်း ပေါင်းထိုးချိန် မြက်နုတ်ချိန်နှင့် သီးနှံပေါ်ချိန်များတွင် လုပ်သားရှားပါးမှုပြဿနာဖြစ်ကြရသည်။ ချမ်းသာသော တောင်သူကြီးများ၏ သားသမီးများလည်း ထိုင်း၊ မလေးရှား၊ စင်ကာပူအထိ နိုင်ငံခြားထွက် အလုပ်လုပ်နေကြသည်။ ဆင်းရဲသားများ၏ သားသမီးများလည်း ချေးငှား၍လည်းကောင်း အိမ်ဝိုင်းပေါင်နှံ၍လည်းကောင်း နိုင်ငံခြားထွက်အလုပ်လုပ်နေကြသဖြင့် လုပ်သားရှားပါးလာသည်။

ယင်းအပြင် တောင်သူလယ်သမားများ သီးနှံလှိုင်လှိုင်ထွက်ပေါ်လာသည့်အခါ ကုန်သည်ပွဲစားများ၏ ဈေးကွက်ကစားခြင်းကို ခံကြရသည်။ သီးနှံပေါ်ချိန် ဈေးချဈေးနှိမ်မှုခံကြရပြီး သီးနှံပြတ်လောက်သည့်အခါ ဈေးတက်၍ ဈေးကွက်ကစားကြသည်။ အရင်းအနှီးအတွက် အတိုးဖြင့် ချေးငှားရသည့် တောင်သူများရသည့်သီးနှံကို ရသည့်ဈေးဖြင့်ရောင်းချ၍ ဆပ်ကြရသဖြင့် အကျိုးအမြတ်မခံစားကြရပေ။

ယင်းကြောင့် အစိုးရအနေဖြင့် နိုင်ငံခြားဈေးကွက်ထက် ပြည်တွင်းထွက်သီးနှံဈေးကွက်ကို ထိန်းညှိပေးစေလိုကြသည်။ တောင်သူအတွက် လိုအပ်ချက်ဖြစ်သော အရင်းအနှီးကိုလည်း သက်သာသောအတိုးနှုန်းဖြင့် ရရှိရန် တောင်သူလယ်သမားများ မျှော်လင့်လျက်ရှိကြသည်။ ယင်းတောင်သူလယ်သမားများ၏ ပြဿနာအထွေထွေ ပြေလည်စေရန်အတွက် လယ်ယာမြေနှင့်သက်ဆိုင်သော ဥပဒေများ မြေယာမူဝါဒများ ချမှတ်ပေးနိုင်သည့်အပြင် တောင်သူလယ်သမားများအား အကျိုးပြုသော အကာအကွယ်ပေးသော မူဝါဒများ ဥပဒေများဖြစ်နေရန် လွန်စွာအရေးကြီးလှကြောင်း ပညာရှင်များက သုံးသပ်ကြသည်။

မြန်မာနိုင်ငံ၏ အများစုဖြစ်သော ကျေးလက်ဒေသနေ တောင်သူလယ်သမားများဘဝဖွံ့ဖြိုးတိုးတက်ရေးကို မျှတချင့်ချိန်၍ ပညာရှင်များနှင့်တိုင်ပင်နှီးနှောခြင်း အဓိကအကျိုးသက်ဆိုင်သည့် တောင်သူလယ်သမားများ၏ ဆန္ဒခံယူခြင်း အားလုံးသဘောတူသော မူဝါဒများ၊ ဥပဒေများဖြင့် တောင်သူလယ်သမားတို့၏ ဘဝအခြေအနေကို ပေါ့ပေါ့တန်တန်သဘောမထားဘဲ လူနေမှုဘဝအဆင့်မြင့်ရန် အားလုံး ပူးပေါင်းပါဝင်ဖြေရှင်းပေးနိုင်ရန် တောင်သူများ မျှော်လင့်လျက်ရှိနေပါသည်။

## ငါးသိုင်းချောင်းမြို့သန့်ရှင်းသာယာလှပရေးအတွက် အပတ်စဉ်သန့်ရှင်းရေးစတင်ဆောင်ရွက်

**ငါးသိုင်းချောင်း မေ ၂၃**

ပုသိမ်ခရိုင် ငါးသိုင်းချောင်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့စည်ပင်သာယာရေးအဖွဲ့တို့၏ ဦးဆောင်မှုဖြင့် မေ ၂၁ ရက် စနေနေ့ နံနက်ပိုင်းက အ-ထ-က ကျောင်းလမ်းဘေးဝဲယာ၌ မြို့ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များ စုစုပေါင်းအင်အား ၃၀၀ ခန့်စုပေါင်း၍ အပတ်စဉ် စနေနေ့တိုင်း သန့်ရှင်းရေး ပထမရက်သတ္တပတ်ကို စတင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါသန့်ရှင်းရေးဆောင်ရွက်ခြင်းကို အပတ်စဉ်စနေနေ့တိုင်း ရက်သတ္တပတ် ၁၂ ပတ်တိုင်အောင် မြို့သန့်ရှင်းသာယာလှပရေးနှင့်ပြည်သူ့အကျိုးပြုရေးရှု၍ ဆက်လက်ဆောင်ရွက်ပေးသွားရန် စီစဉ်ထားကြောင်း၊ ကျောင်းဖွင့်ရာသီအမီ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံပြည်သူများ သန့်ရှင်းသာယာလှပစွာ ဆက်သွယ်သွားလာနိုင်ရန် အဆိုပါကျောင်းလမ်း၌ စုပေါင်းသန့်ရှင်းရေး စတင်ဆောင်ရွက်ပေးခဲ့ကြောင်း မြို့အုပ်ချုပ်ရေးမှူးဦးမျိုးဇော်သိန်းက ပြောကြားခဲ့သည်။ **စိုးမင်းဦး(ပြန်/ဆက်)**

## မတ္တရာမြို့နယ်တွင် ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲကျင်းပပြီးစီး

**မတ္တရာ မေ ၂၃**

ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ် ကြားရွာကျေးရွာအုပ်စုတွင် ကဆုန်ညောင်ရေသွန်းပွဲတော် ဗုဒ္ဓပူဇနိယဘုရားပွဲ အထိမ်းအမှတ် ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲကို ပြိုင်ပွဲဝင် ၂၂ သင်းဖြင့် ဧပြီ ၂၂ ရက်မှ မေ ၂၁ ရက်အထိ ပြုလုပ်ခဲ့ရာ မေ ၂၁ ရက် နံနက်ပိုင်းက ဗိုလ်လုပွဲပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲတွင် ထီးတော်မိုးအသင်းနှင့် ဒဟတ်တောအသင်းတို့ယှဉ်ပြိုင်ကစားရာ ထီးတော်မိုးအသင်းမှ အနိုင်ရရှိသွားသည်။ဆုပေးပွဲကို ဆက်လက်ကျင်းပရာ မတ္တရာမြို့နယ် အားကစားမှူးနှင့် ကြားရွာကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးတို့က ဆုများချီးမြှင့်ပေးခဲ့သည်။ **စိုးကျော်သူထွေး(မတ္တရာ)**

## ကဆုန်လပြည့်နေ့တွင် ရေတွင်းရေကန်များ ဆည်ယူခြင်းနှင့် ရေမြောင်း၊ လမ်းများကို သန့်ရှင်းရေးဆောင်ရွက် ၍ကုသိုလ်ပြု



**မန္တလေး မေ ၂၃**

မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် သီတာအေး ၉၀၂ မြောက်ရပ်ကွက် မဟာမုနိဘုရားကြီးလမ်းနှင့် ရတနာပုံလမ်းထောင့်တွင်ရှိသော အများပြည်သူသုံး ရေတွင်းရေကန်များကို ဆည်ယူခြင်းနှင့် ရပ်ကွက်အတွင်းရှိ ရေဆိုးမြောင်းများ ရေစီးရေလာကောင်းမွန်ရေး၊ လမ်းများ သန့်ရှင်းသာယာလှပရေး တို့အတွက် ရပ်ကွက်နေပြည်သူများက ဝိုင်းဝန်းဆောင်ရွက် ကုသိုလ်ယူခြင်းကို မေ ၂၁ ရက် ကဆုန်လပြည့် နံနက် ၆ နာရီမှ မွန်းလွဲ ၂ နာရီအထိ ရပ်ကွက်အတွင်း ဆောင်ရွက်ခဲ့ကြသည်။

ကျွန်တော်တို့ ရပ်ကွက်က နှစ်စဉ်ကဆုန်လပြည့်နေ့မှာ အခုလို လုပ်ကြပါတယ်။ ဒီတစ်ကြိမ်ကတော့ ၁၁ ကြိမ်မြောက် ဆောင်ရွက်နိုင်ခြင်းလည်းဖြစ်ပါတယ်။ တနှစ်ပတ်လုံး အများပြည်သူအသုံးပြုတဲ့ ရေတွင်းကြီးထဲက သဲနုန်းတွေဆည်ယူတာ၊ ရေတွင်းရေကန် ပတ်ဝန်းကျင်မှာ သန့်ရှင်းရေးဆောင်ရွက်တာတွေ သာမကဘဲ၊ ရပ်ကွက်အတွင်းမှာရှိတဲ့ ရေဆိုးမြောင်းတွေကို ရေစီးရေလာကောင်းမွန်ဖို့အတွက် ရပ်ကွက်မှောရုံအသင်းသူ၊ အသင်းသားတွေနဲ့ ရပ်ကွက်သူ၊ ရပ်ကွက်သားတွေက စုပေါင်းဆောင်ရွက်ကြတာ ဖြစ်ပါတယ်။ ဒီလို လုပ်တိုင်းလည်း စည်ပင်ကလာရောက်ပြီး ကူညီပေးပါတယ်။ နောက်ပြီး ရပ်ကွက်နေပြည်သူတွေကလည်း ဒီလို လုပ်အားဒါနနဲ့ ကုသိုလ်ယူကြတဲ့သူတွေကို တက်အားသရွှေ့ ကျွေးမွေးကြတာတွေဟာ တကယ့်ကိုကြည်နူးစရာပါ၊ ကျွန်တော်တို့ ရပ်ကွက်လေးရဲ့ စည်းလုံးမှုတစ်ခုဖြစ်ပါတယ်" ဟု လမ်းနှင့်ရေတွင်း၊ ရေကန် ကော်မတီဥက္ကဋ္ဌ ဦးချစ်ပေါက ပြောသည်။

ယင်းအပြင် အဆိုပါရပ်ကွက်ရှိ အကျယ် ၂၀ ပေ၊ အရှည် ၅၇၀ ရှိ လမ်းအား ကတ္တရာခင်းခြင်း၊ လမ်းဘေးရေနုတ်မြောင်းများ ပြုပြင်ခြင်း၊ လမ်းပုခုံးသားများ ကွန်ကရစ်လောင်းခြင်းလုပ်ငန်းများကို ရပ်ကွက်နေ စေတနာရှင် အလှူရှင်များ၏ လှူဒါန်းမှုဖြင့် အောင်မြင်စွာ ပြီးမြောက်ခဲ့ပြီး လမ်းဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် ပင့်သံဃာအပါး ၃၀ တို့အား အရုဏ်ဆွမ်းကပ်လှူခြင်း၊ အန္တရာယ်ကင်းပရိတ်များ ရွတ်ဖတ်ခြင်းနှင့် သံဃာတစ်ပါးလျှင် ဝတ္ထုငွေကျပ် ၁၀၀၀၀ နှုန်းဖြင့် စုပေါင်းလှူဒါန်းခဲ့ကြောင်း သိရသည်။

**ဖြိုးဝေ (ဆင်တဲဝ)**

## ရေရှားပါးပြတ်လပ်သောကျေးရွာများသို့ သောက်သုံးရေများလှူဒါန်း

**ဖားကန့် မေ ၂၃**

ကချင်ပြည်နယ် ဖားကန့်မြို့နယ်အတွင်း ရေရှားပါးပြတ်လပ်မှုရှိသော ကျေးရွာများသို့ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးစိုးသန်းနှင့် ဝန်ထမ်းများ၊ စေတနာရှင်များ၊ မြို့နယ်မီးသတ်ဦးစီးဌာန ဝန်ထမ်းများ ပူးပေါင်း၍ မေ တတိယပတ်က ရေသယ်ယာဉ်များဖြင့် သောက်သုံးရေများ အလှည့်ကျလှူဒါန်းခဲ့သည်။

ယင်းသို့လှူဒါန်းရာတွင် လယ်ပြင်ကျေးရွာသို့ သုံးရေဂါလန် ၆၂၀၀နှင့် ၂၀ လီတာဝင် သောက်ရေသန့်ဘူးကြီး ၅၀ ကိုလည်းကောင်း၊ ငြိမ်းချမ်းသာယာကျေးရွာသို့ သုံးရေဂါလန် ၃၁၀၀ နှင့် ၂၀ လီတာဝင် သောက်ရေသန့်ဘူးကြီး ၃၀ ကိုလည်းကောင်း ပေးပို့ဖြန့်ဝေနိုင်ခဲ့ကြောင်း သိရသည်။ **(၄၉၉)**

## မိုးစပါးစိုက်ပျိုးစရိတ် ချေးငွေများ စတင်ထုတ်ချေးနေ

**ငပုတော မေ ၂၃**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ၌ မြို့နယ်အတွင်းရှိ ၂၀၁၅ ခုနှစ် (မိုး၊ ဆောင်း)သီးနှံစိုက်ပျိုးစရိတ်ချေးငွေပြေကျေသည့် ကျေးရွာအုပ်စုမှ တောင်သူလယ်သမားများအား ၂၀၁၆ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို မိုးစပါးသီးနှံစိုက်ပျိုးကာလတွင် တစ်ဧက ကျပ် ၁၅၀၀၀၀ နှုန်းဖြင့် မေ ၁၈ ရက်က စတင်ထုတ်ချေးပေးလျက်ရှိကြောင်းသိရသည်။**မျိုးကျော်သူ(ပြန်/ဆက်)**

# မန္တလေးမြို့မဟာမုနိဘုရားကြီး မျက်နှာသစ်တော်ရေအတွက် သနပ်ခါး နံ့သာသွေးလှူကုသိုလ်ယူသူများဖြင့် အထူးစည်ကားနေ

**မန္တလေး မေ ၂၃**

မန္တလေးမြို့ မဟာမုနိဘုရားကြီးဝင်းအတွင်း၌ မျက်နှာသစ်တော်ရေအတွက် သနပ်ခါး နံ့သာသွေးလှူကုသိုလ် ယူသူများ ကဆုန်လပြည့်နေ့တွင် အထူးစည်ကားလျက်ရှိသည်။

"မဟာမုနိဘုရားကြီး မျက်နှာသစ်တော်ရေအတွက် သနပ်ခါးနံ့သာသွေးလှူတာ နှစ် ၂၀ ကျော်လောက်ရှိပြီ ထင်ပါတယ်။ နေ့စဉ်လာရောက်ပြီး နံ့သာသွေးလှူတဲ့လူတွေရှိပါတယ်။ သနပ်ခါးနံ့သာတုံးလည်းလာရောက် လှူတဲ့သူတွေရှိပါတယ်။ အခါကြီးရက်ကြီးတွေမှာဆို လာရောက် နံ့သာသွေးသူတွေများတော့ ကြေးဖလားကြီးနဲ့ နှစ်လုံးလောက်ရပါတယ်။ ကြားရက်ကတော့ပုံမှန် ကြေးဖလားကြီး တစ်ဝက်လောက်ရပါတယ်။ မျက်နှာသစ်တော်ရေအတွက် သနပ်ခါးနံ့သာသွေးလှူသူဟာ (၁၂) နှစ်အထက်ရှိရပါမယ်။ လက်ကိုစင်ကြယ်စွာဆေးပြီးမှ သနပ်ခါးသွေးလှူရပါမယ်။ သနပ်ခါးသွေးလှူနေစဉ်မှာ တခြားအရာဝတ္ထုတွေ မကိုင်ရပါဘူး။ သနပ်ခါးနံ့သာသွေးလှူရတဲ့ အကျိုးကျေးဇူးတွေ မရမှာစိုးလို့ပါ။ သနပ်ခါးနံ့သာသွေးလှူရတဲ့ အကျိုးကျေးဇူးတွေကတော့ 'သနပ်ခါးသွေးလှူ ရုပ်ရည်ဖြူ လှူသူလည်းလှ ဉာဏ်ကောင်းကြ၊ ခန္ဓာကိုယ်တွင်းမွှေးကြိုင်သင်း၍၊ ကျော်ဇောထင်ရှား ခြွေရံများသည်၊ သနပ်ခါးသွေးလှူ အကျိုးတည်း' နောက်ပြီးတော့ နံ့သာတုံးလှူရတဲ့ အကျိုးတရားတွေကတော့ 'ထက်သောဉာဏ်ပညာရှိခြင်း၊ ရွှင်သောဉာဏ်ပညာရှိခြင်း၊ လျင်သောဉာဏ်ပညာရှိခြင်း၊ မြဲမြံသော ဉာဏ်ပညာရှိခြင်း၊ ကိုယ်နံ့မွှေးကြိုင်ခြင်း၊ ဂုဏ်သတင်းကျော်ဇောခြင်း၊ ကျယ်ပြန့်နှံ့စပ်သော ဂုဏ်ရှိခြင်း၊ အခြွေအရံများခြင်း' တို့ဖြစ်ပါတယ်။ ဒီနေ့က ကဆုန်လပြည့်နေ့ဆိုတော့ မဟာမုနိဘုရားကြီးမှာ ဘုရားဖူးသူတွေရော သနပ်ခါးနံ့သာသွေးလှူသူတွေရော အလွန်ပဲစည်ကားပါတယ်" ဟု မဟာမုနိဘုရားကြီးမှ နိဗ္ဗာန်ဆော်ကြီး ဦးတင်ထွန်းက ပြောသည်။

"မဟာမုနိဘုရားကြီး မျက်နှာသစ်တော်ရေအတွက် သနပ်ခါးနံ့သာ သွေးလှူရတာ အလွန်ပဲကြည်နူးမိပါတယ်။ ဘာပဲပြောပြော ဘုရားအတွက် ရည်စူးပြီး တတ်နိုင်တဲ့ဘက်က ကုသိုလ်ပြုရတာ ဝမ်းသာပါတယ်။ သနပ်ခါးကျောက်ပျဉ်နဲ့ သနပ်ခါးတုံးတွေက ဒီမှာအဆင်သင့်ရှိတော့ ကိုယ်တတ်နိုင်တဲ့လုပ်အားနဲ့ ကုသိုလ်ပြုခွင့်ရတာ အရမ်းပဲကြည်နူးမိပါတယ်" ဟု သနပ်ခါး နံ့သာသွေးလှူ၍ ကုသိုလ် ယူသူတစ်ဦးကပြောသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**



## တိုင်းဒေသကြီး ဝန်ကြီးချုပ် ဟုမ္မလင်းမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကွင်းဆင်းကြည့်ရှု

**မုံရွာ မေ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်သည် တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးသန်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများလိုက်ပါလျက် မေ ၁၉ ရက်က စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးခရိုင် ဟုမ္မလင်းမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မေ ၁၉ ရက် နံနက်ပိုင်းတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ရရှိရန်ပုံငွေ ကျပ် သန်း ၄၅၀၀ ဖြင့် လုပ်ငန်းဆောင်ရွက်မည့် ချင်းတွင်းတံတား (ဟုမ္မလင်း) တံတားအုတ်မြစ်ချမည့် နေရာအား ကြည့်ရှုစစ်ဆေးခဲ့ရာ တံတားဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက တံတားတည်ဆောက်မည့် အခြေအနေအား ရှင်းလင်းတင်ပြခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဟုမ္မလင်းမြို့နယ် နောင်ပိုအောင် ကျေးရွာ ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံအား ဝင်ရောက်ကြည့်ရှုစစ်ဆေးကြပြီး ဆေးရုံသို့ တက်ရောက်၍ ဆေးကုသမှုခံယူနေကြသည့် လူနာများအား အားပေးစကား ပြောကြားသည်။

ယင်းနောက် နောင်ပိုအောင်ကျေးရွာ ကျေးလက်ကျန်းမာရေးဌာန အဆောက်အအုံဟောင်းအား ကြည့်ရှုစစ်ဆေးပြီး အဆောက်အအုံသစ် ဆောက်လုပ်နိုင်ရေး တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်နိုင်ရေး ပြောကြားသည်။ ဆက်လက်၍ နမ့်တောစံပြကျေးရွာ ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံအား လှည့်လည်ကြည့်ရှုခဲ့သည်။

ဆက်လက်ပြီး ညနေပိုင်းတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်သည် ဟုမ္မလင်းမြို့နယ် ဌာနဆိုင်ရာများနှင့် တွေ့ဆုံရာ ဌာနဆိုင်ရာများမှ မိမိတို့ဌာနအလိုက် လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ရက် ၁၀၀ စီမံချက်ဖြင့် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြပြီး ခန္တီးခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌက ခရိုင်အတွင်း လုပ်ငန်းဆောင်ရွက်ထားရှိမည့် အခြေအနေများနှင့် ဟုမ္မလင်းမြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌမှ မြို့နယ်အတွင်း လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြခဲ့ရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ခရိုင်၊ မြို့နယ် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများအပေါ် ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မေ ၂၀ ရက် နံနက်ပိုင်းတွင် မော်လိုက်ခရိုင် ဖောင်းပြင်မြို့သို့ ရောက်ရှိကြပြီး ချင်းတွင်းမြစ်ကမ်းပါး ရေတိုက်စားမှု အခြေအနေများကို ကွင်းဆင်းကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

**(တိုင်းဒေသကြီးပြန်/ဆက်)**



## တီဘီရောဂါတိုက်ဖျက်ရေး စီမံချက် အသိပေးဆွေးနွေးပွဲ ကျင်းပ

**မလှိုင် မေ ၂၃**

မြန်မာနိုင်ငံ ကျန်းမာရေးမှူးအသင်းကကြီးမှူးပြုလုပ်သော ၂၀၁၆ ခုနှစ် တီဘီရောဂါတိုက်ဖျက်ရေး စီမံချက် မြို့နယ်အဆင့် အသိပေးဆွေးနွေးပွဲကို မေ ၂၀ ရက် နံနက်က မလှိုင်မြို့ ပန်းလှိုင်ရွှေဝါခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေဒိုးနှင့် မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်း ဒုတိယဥက္ကဋ္ဌ ဆရာဦးအောင်ရိုန်တို့က လမ်းညွှန်အမှာစကားပြောကြားခဲ့ပြီး လက်ထောက် စီမံချက်မန်နေဂျာ ဦးမျိုးသန့်နိုင်က စီမံချက်လုပ်ငန်းအကြောင်းကို ရှင်းလင်းပြောကြားခဲ့သည်။ ယင်းနောက်စီမံချက်အရာရှိ ဦးကျော်လင်းထွဋ်က လက်ရှိလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာသူများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားပေးခဲ့သည်။

မလှိုင်မြို့နယ်တွင် တီဘီရောဂါတိုက်ဖျက်ရေးစီမံချက်ကို ၂၀၁၁ ခုနှစ်မှစတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး မြို့နယ်အတွင်းရှိ တီဘီသံသယလူနာများကို ကူညီရှာဖွေပေးပြီး လူနာများအား တီဘီရောဂါပိုး ရှိ မရှိ သလိပ်စစ် ဆေးပေးခြင်း၊ လိုအပ်ပါက ဓာတ်မှန်ရိုက်ကူးပေးခြင်းများ ကိုကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းအပြင် ဆေးဝါးကုသမှုခံယူနေသော တီဘီရောဂါဝေဒနာရှင်များအား အာဟာရ ထောက်ပံ့မှုပေးခြင်း၊ တစ်ကိုယ်ရေသုံးပစ္စည်းများ ထောက်ပံ့ပေးခြင်းများအပြင် ခရီးစရိတ်အလိုက် စရိတ်များကိုလည်း ထောက်ပံ့သွားမည်ဖြစ်ကြောင်းသိရသည်။ **အောင်ဌေး(မလှိုင်)**

## သီပေါမြို့နယ် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ မြို့နယ်ကြီးကြပ်ရေးအဖွဲ့အစည်းအဝေး ကျင်းပ

**သီပေါ မေ ၂၃**

သီပေါမြို့နယ် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ မြို့နယ်ကြီးကြပ်ရေးအဖွဲ့ အစည်းအဝေးနှင့် ဥက္ကဋ္ဌဆရာတော် ပြန်လည်ရွေးချယ်ပွဲကို မေ ၂၂ ရက် နံနက် ၉ နာရီက သီပေါမြို့ ရေဟော်ကျောင်းတိုက်တွင် ကျင်းပရာ နာယကဆရာတော်ကြီးများ၊ သက်ဆိုင်ရာ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများမှ ကျောင်းအုပ်ဆရာတော်များ၊ သီလရှင်များ၊ ကျောင်းအုပ်ဆရာကြီးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြို့နယ်ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး အကျိုးတော်ဆောင်ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇဘဒ္ဒန္တ ဉာဏောဘာသက ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ၏ ပညာသင်ကြားနေမှု အခြေအနေ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ဆရာဆရာမများ ထောက်ပံ့ကြေးရရှိရေး အခြေအနေများကိုရှင်းလင်းတင်ပြသည်။

ဆက်လက်၍တက်ရောက်လာသူများက အကြံပြုတင်ပြကြပြီး ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ပညာရေးလုပ်ငန်းများ တိုးတက်အောင်မြင်ရေးအတွက် ဆွေးနွေးဆုံးဖြတ်ကြသည်။

ထို့နောက် ဘဝနတ်ထံပုံလွှန်တော်မူသွား၍ လစ်လပ်သော သီပေါမြို့နယ် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းကြီးကြပ်ရေးအဖွဲ့၏ ဥက္ကဋ္ဌဆရာတော်နေရာတွင် ဘဒ္ဒန္တပညာသီရိအားတင်မြှောက်ကြပြီး မြို့နယ်သာသနာရေး၊ ပညာရေးနှင့်စာရေးဆရာအသင်းတို့က ကိုယ်စားလှယ်များဖြင့် ပါဝင်ဖွဲ့စည်းဆောင်ရွက်သွားရန် အတည်ပြုကြသည်။

သီပေါမြို့နယ်တွင် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းပေါင်း ရှစ်ကျောင်းနှင့် သီလရှင်သင် ဘ/က ကျောင်း နှစ်ကျောင်းရှိကြောင်း သိရသည်။

**သီပေါကိုလတ်**

MTSH
Myanmar Thilawa SEZ Holdings Public Limited

# ဂုဏ်ယူဝမ်းမြောက်ကြောင်း

Myanmar Thilawa SEZ Holdings (MTSH)
မြန်မာသီလဝါ အက်(စ်)အီးဇက် ဟိုး(လ်)ဒင်းပတ်ပလစ်လီမိတက်၏
ရန်ကုန်စတော့အိတ်ချိန်းတွင် စာရင်းဝင်ကုမ္ပဏီဖြစ်သွားခြင်းနှင့်
MTSH ၏ တစ်ခုတည်းသောအကြံပေးကုမ္ပဏီအဖြစ် CB Securities မှပံ့ပိုးပေးခွင့်ရသည့်
အတွက် CB Bank နှင့် CB Securities မိသားစုများမှအထူးပင်ဝမ်းမြောက်ဂုဏ်ယူမိပါသည်။

C B BANK
CO-OPERATIVE BANK LTD.
SINCE 1992

CB SECURITIES
" We help you make a difference "

ရွှေနဂါး
အပူခံ သွပ်ပြား

-နွေရာသီအခါ အိမ် (သို့) အဆောက်အဦး အတွင်း အပူဒဏ်ကို မခံစားရခြင်း၊

-မိုးရာသီ အခါ အိမ် (သို့) အဆောက် အဦး အတွင်း မိုးရွာသည့်အသံကိုမကြားရခြင်း၊

-အပူခံသွပ်ပြား အတွင်းရှိ ဖော့ချပ်မှာ Expandable Poly Styrene (EPS) ကော်စေ့ကို အသုံးပြုထားသောကြောင့် မီး မလောင်ကျွမ်းနိုင်ခြင်း၊

အပူခံသွပ်ပြား ထူးခြားချက်များ

-အပူချိန် ၉၀ ဒီဂရီစင်တီဂရိတ်မှ ၁၃၀ ဒီဂရီစင်တီဂရိတ်အထိခံနိုင်စွမ်းရှိခြင်း၊

-နည်းစနစ်တကျတည်ဆောက်ပါက အနှစ် ၂၀ အထိပြုပြင်ရန် မလိုပဲယိုခြင်း၊ ပေါက်ခြင်း၊သံချေးမတက်ခြင်း၊



Container House များကိုလည်း ဈေးနှုန်းသက်သာစွာဖြင့် လွယ်ကူလျှင်မြန်စွာ ရရှိနိုင်ပါသည်၊

အပူခံသွပ်ပြားကို လူနေအိမ်များ၊တည်းခိုခန်းများ၊တိုက်ခန်းများ၊ဆေးရုံများ၊ကျောင်းများ၊စက်ရုံအလုပ်ရုံများ၊ဆောက်လုပ်ရေးလုပ်ငန်းများ၊လေယာဉ်ဂိုဒေါင်၊အားကစားရုံ၊လူနေအဆောင်များ၊စားဖိုဆောင်များ၊ ရွှေ့ပြောင်းရလွယ်ကူသောလုပ်ငန်းခွင်သုံးအဆောက်အဦး(ယာယီ)များကို လျှင်မြန်စွာ ဆောက်လုပ်နိုင်ပါသည်၊

ဆက်သွယ်ရန်။ ။အမှတ်(၂၂)၊ပန်းတဉ်းဝန်ဦးရွှေဘင်လမ်း၊စက်မှုဇုန်(၁)၊လှိုင်သာယာမြို့နယ်၊ရန်ကုန်မြို့။ Ph:01-685985, 685990

MONSOON PROMOTION
1st May to 30th Jun
အသုံးပြုနိုင်သည့် နည်းလမ်းများ - Hire Purchase • Rental • Lease • Trade-in

KONICA MINOLTA
Authorized Business Partner
GANDAMAR
Business Solutions

BEST SELLER
bizhub 164
B/W A3
Multifuntion Copier
3 Year Unlimited Onsite Service
~~USD-710~~ USD-667

FREE
MONO LASER PRINTER (1500W)

BEST SELLER
bizhub C221
Color A3
Multifuntion Copier
3 Year Unlimited Onsite Service
USD 184 / mth
OR
~~USD-2,750~~ USD-2,650

FREE
Page Pro 5650DN
HI-SPEED
MONO LASER
PRINTER

09-253547980, 09-253547981, 01-383932, 01-383934

# ကြော်ငြာ


## ဗျာပိုသား ထူးထူးခြားခြားဒါနခရီးစဉ်များ

(၁)ညအိပ်ဆိုင်ထမင်း(၃)နပ်ကျွေး(စားသောက်ခြင်း) 35000 ...
15000 ...
Ph:09425334456,0949323965,0949578205

## အာရှနဂါး

Asia Dragon ကျိုက်ထီးရိုး
ချောင်းသာ/ငွေဆောင်
Ph:01 707062, 09 799100100
01 703790, 09 797100100

## MIHARA CAR RENTAL

MIHARA Road To Thailand

ပြဝတီ – မဲဆောက် ခရီးစဉ် အပတ်စဉ်
(၃)ညအိပ်(၄)ရက် - ၁၃၀,၀၀၀/ကျပ်

ငပလီကမ်းခြေ ခရီးစဉ် အပတ်စဉ်(၆)ဦးပြည့်တိုင်းထွက်ပါမည်
(၃)ညအိပ်(၄)ရက် - ၁၆၀,၀၀၀/ကျပ်

မြို့တွင်း/မြို့ပြင်ခရီးစဉ်များအတွက် ကားစင်းလုံးငှားဝန်ဆောင်မှုများ ဆောင်ရွက်ပေးနေပါသည်။(လူဦးရေ ၄ ယောက်မှ ၃၄ ယောက်ထိ)
Ph: 09 49218700,09 5025400,09 43124072

## ရွှေအိုးကြီး

မြဝတီ၊ မဲဆောက်၊ မဲဇော်
May-20, 27 ...
Special Pass(Visa) ...(90000Ks)
09-421073634, 09-777636630

## RUBY

ကားစီးသုံးငှားသည်
519100
09-51-77212, 535100

## Yangon JOB

အလုပ်အကိုင်နှင့် လူငယ်လမ်းညွှန်ဂျာနယ်
www.facebook.com/YangonJobJournal/
Ph: 09 4500 44405, 09 4500 44406
အတွဲ(၁) အမှတ်(၁) ထွက်နေပါပြီ။

## ရိုလုံရွှေဆိုင်ကြီး (လက်လီလက်ကား)

အမှတ်(၁)(၂)(၃)ချန်းလုံနှင့်ချွန်းလုံ ရွှေဆိုင်မှ ၁၅ ပဲရည် ၁၆ ပဲရည် ရွှေထည်များ (စိန်ထည် + ပလက်တီနမ်) ဒီဇိုင်းမျိုးစုံကို ဈေးနှုန်းသက်သာစွာဖြင့် လက်လီလက်ကား ရောင်းချပေးနေပါသည်။

ဦးလှဝေ + ဒေါ်ဝင်းမြင့်လွင် ရိုလုံရွှေဆိုင်ကြီး(ယုဇနပလာဇာ)

ရိုလုံ (၁) အမှတ် (S-7)၊ ပထမထပ်၊ ယုဇနပလာဇာ၊ ဗညားဒလလမ်း၊ ရန်ကုန်။ ☎- ၀၁-၂၀၀၇၄၇ (Ext.)၂၀၀၊ ၀၉-၄၅၀၀၅၁၃၁၃
ရိုလုံ (၂) ကိုနိုင်နိုင်ဦး + မလဲ့ရည်ရှား အမှတ် (F-1)၊ ပထမထပ်၊ ယုဇနပလာဇာ၊ ဗညားဒလလမ်း၊ ရန်ကုန်။ ☎- ၀၁-၂၀၀၇၄၇ (Ext.)၂၈၀၀
ရိုလုံ (၃) (ပလက်တီနမ်ဆိုင်) ကိုနိုင်နိုင်ဦး+မလဲ့ရည်ရှား (C-5)၊ ပထမထပ်၊ ယုဇနပလာဇာ၊ ရန်ကုန်။ ☎- ၀၁-၂၀၀၇၄၇ (Ext.)၂၈၀၀
ချန်းလုံ ရွှေဆိုင် ဒေါက်တာတင်အောင်ဝေ + ဒေါက်တာချောစုငယ်၊ အမှတ် (C-7)၊ ပထမထပ်၊ ယုဇနပလာဇာ၊ ရန်ကုန်။ ☎- ၀၉-၇၃၁၀၁၀၉၀၊ ၀၁-၂၀၀၇၄၇ (Ext.)၂၂၂၅
ချွန်းလုံ ရွှေဆိုင် - ကိုဘုန်းကျော်ဝေ + မငုဝင်းသိန်း (H-10)၊ ယုဇနပလာဇာ (ပထမထပ်)။ ☎-၀၉-၇၃၀၅၃၁၀၁၊ ၀၉-၇၃၁၅၆၉၀၁၊ ၀၁-၂၀၀၇၄၇ (Ext.)၂၈၈၀

## မြေကွက်ရောင်းမည်

ပုသိမ် - ချောင်းသာ ကားလမ်းမဘေးနှင့် ရွာအဝင်လမ်းမဘေး၊ ထောင့်ကွက်၊ မိုင်တိုင် ၆ မိုင်၊ ၅ ဖာလုံ၊ မြေဧက - ၁.၈၄ ဧက (အရှုပ်အရှင်းကင်း) ၁ ဧက - ၁၇၅ သိန်း (ညှိနှိုင်း)
Ph: 09-977621584, 09-263185211

## လှည်းတန်း(နီလာလမ်း)မြေညီထပ်ရောင်းမည်

အမှတ်-၅၁၊ နီလာလမ်း၊ စံရိပ်ငြိမ်မှတ်တိုင် PISM ကျောင်းနောက်ကျောလမ်း၊ ၁၂ပေ × ၄၅ပေ၊ ထပ်ခိုးပါ၊ ကြွေပြားကပ်ပြီး၊ ပြင်ဆင်ပြီး
အသင့်နေ (အကျိုးဆောင်မလိုပါ)
သိန်း ၉၀၀ ညှိနှိုင်း ဆက်သွယ်ရန် ၀၉၄၃၀၂၁၀၀၀

## Home

Since 1996
မယုံမရှိနဲ့ တကယ်ရနိုင်ပါသည် **28 သိန်းကျပ်** → တစ်အိမ်လုံး အလှဆင်
12 ft x 40 ft



| | Bedroom 1 | Bedroom 2 | Living room | Walkway | Kitchen |
|---|---|---|---|---|---|
| [illegible] | ✓ | ✓ | ✓ | ✓ | |
| (b) Wall Covering/Paint | ✓ | ✓ | ✓ | ✓ | |
| (c) PVC ... Panel | ✓ | ✓ | | ✓ | |
| (d) Aluminium Door | ✓ | ✓ | | | |
| [illegible] | ✓ | ✓ | ✓ | | |
| (f) Tile (Floor,Wall) | | | | | ✓ |
| (g) Indoor Plants | | | ✓ | | |
| (h) Kitchen Cabinet | | | | | ✓ |

Terms & Conditions apply

## မြေအမြန်ရောင်းမည်

ပဲခူးမြို့တက္ကသိုလ်နှင့် မြို့ရှောင်လမ်းမကြီးအဝင်ဝအနီး၊ (၂)လမ်း၊ ပေ(၄၀×၆၀)၊ ပါမစ်။
သိန်း (၃၃၀)
ဖုန်း-၀၉-၇၉၇၉၃၂၆၅၄

## ဒဂုံမြို့သစ်

အရှေ့ပိုင်း၊ သိမ်ကမ်းမြို့နယ်၊ တောင်ပိုင်း၊ မြောက်ပိုင်းများရှိ မြေကွက်များကို ဈေးကောင်း ပေးဝယ်သည်။
09-6809893
09-5120620

## PUN HLAING SILOAM HOSPITALS

အလှအပနှင့်အဓာမြားဆိုင်ရာ ခွဲစိတ်ကုသမှုအထူးအစီအစဉ်

မေလ | ၂၈ | ရက်နေ့မှ | ၂၉ | ရက်နေ့အထိ

ကိုရီးယားမင်းသမီးတွေလိုလှပဖို့အတွက် ကိုရီးယားနိုင်ငံကို သွားစရာမလိုတော့ပါ...

- မျက်နှာပေါ်ရှိ အရေးအကြောင်းများဖျောက်ပေးခြင်း
- ခန္ဓာကိုယ်အချိုးအစားပြေပြစ်လှပအောင် ပုံဖော်ခြင်း
- မျက်နှာအချိုးအစားပြေပြစ်လှပအောင် ခွဲစိတ်ခြင်းအမျိုးမျိုး
- မျက်လုံးတဝိုက်ပြုပြင်ခြင်းအမျိုးမျိုး
- ရင်သားအလှပြုပြင်ခြင်းအမျိုးမျိုး
- နှာခေါင်းအလှပြုပြင်ခြင်းအမျိုးမျိုး
- နှုတ်ခမ်းအလှပြုပြင်ခြင်းအမျိုးမျိုး
- အဆီစုပ်ထုတ်ခြင်း



ကိုရီးယားနိုင်ငံမှ အလှအပရေးရာခွဲစိတ်အထူးကု ဆရာဝန်ကြီးကိုယ်တိုင် လာရောက်ခွဲစိတ်ကုသပေးမည်။

LIKE US ON facebook Pun Hlaing Siloam Hospitals

www.punhlaingsiloamhospitals.com

## ဂုဏ်ရည်ဆေးတိုက်

ဂုဏ်ရည် ® အမှတ်တံဆိပ်
ကြော်ငြာခွင့်ပြုချက်အမှတ်- တဆဝက (စာနယ်ဇင်း) ၀၅၄/၀၇၁၃

ဂရင်ဂျီနာ၊ အတွင်းအပြင်လိပ်ခေါင်းရောဂါ၊ ဆီးချို၊ သွေးချိုကျဆေး၊ ဆီးကျိတ်ရောဂါ၊ အဆစ်ရောင်ကိုက်လေးဖက်နာ၊ အဆီကျဆေး၊ သွေးတိုးရောဂါ၊ ချောင်းဆိုးရင်ကျပ်၊ အသည်းရောဂါ၊ အရိုးအကြောရောဂါ၊ ဆီးရောဂါ၊ အဖျားရောဂါ၊ အကျိတ်ရောဂါအတွက် အစွမ်းထက်ဆေးများကို ပင်းရင်းလိပ်စာနှင့် အမြို့မြို့ဆေးဆိုင်တိုင်းတွင် ရရှိနိုင်ပါသည်။

၈၂(၂)၊ သာယာကုန်းလမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မှ အထက်ပါရောဂါများအတွက် အစွမ်းထက်တိုင်းရင်းဆေးများရရှိနိုင်ပါသည်။

အချိန် - နံနက်(၁၀း၀၀)နာရီမှ ညနေ(၅း၀၀)နာရီအထိ (တနင်္ဂနွေနေ့ပိတ်သည်။)
ဖုန်း-၀၁ ၆၄၂၆၈၂၊ ၀၁ ၆၄၁၅၀၁၊ ၀၉ ၉၇၀၀၅၀၀၅၀




အူရီဒူး Facebook Plus
ooredoo
Facebook ၃ ကျပ် / MB
အူရီဒူး အချင်းချင်း အခမဲ့
အခြား ကွန်ရက်များသို့ ၂၀ ကျပ် / မိနစ်
အခမဲ့ ရယူဖို့ *4444# သို့ခေါ်ဆို၍ (သို့) 4444 သို့ FB ဟု SMS ပေးပို့ပါ
စည်းမျဉ်းစည်းကမ်းအသေးစိတ်ကို ooredoo.com.mm မှာ ဝင်ရောက်ကြည့်ရှုနိုင်ပါတယ်။


NAVARA CHALLENGE
ကျောက်တောင် တက်ပြိုင်ခြင်း
BALANCE FITNESS
NISSAN
ရဲဝံ့စွာ စိန်ခေါ်လိုက်ပါ*
လာမည့် ရှုံးပိတ်ရက် ၂၈-ရက် နှင့် ၂၉-ရက်တွေမှာ အောက်ဖော်ပြပါ လိပ်စာမှာ တောင်တက်ပြိုင်ပွဲ ကို ပါဝင်ဆင်နွှဲရင်း အထူးဆုများကို အရယူလိုက်ပါ။
ထိုနေ့ရက်အတွင်းမှာ Nissan Navara ကို ဝယ်ယူရန်အတွက် Book ပြုလုပ်သော မည်သူမဆို အထူး ထပ်လောင်း အခွင့်အရေးများ ရရှိမှာ ဖြစ်ပါတယ်...အခုပဲ ပါဝင်လိုက်ကြဆို့လား......Nissan Myanmar Facebook မှာဝင်ရောက်ပြီး အသေးစိတ် အချက်အလက်များကိုလည်း လေ့လာနိုင်ပါတယ်။
Balance Fitness 2
အမှတ် (၁၀၃)၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်းမြို့နယ်၊ရန်ကုန်မြို့။
Distributor
EDARAN TAN CHONG MOTOR (MYANMAR) CO. LTD
/NissanMyanmar
www.nissan.com.mm



ရေကြောင်းနှင့် လေကြောင်း လူငယ်မောင်မယ်များ ဇေယျာသီရိပိမာန်အတွင်း ခင်းကျင်းပြသထားသော တပ်မတော်ဆိုင်ရာပြကွက်များအား လေ့လာကြစဉ်။ (မြဝတီ)

# ပုံဖော်ထုဆစ်မည့် တည်ဆောက်သော လက်ပိုင်ရှင်များ ကြိုးစားအားထုတ်မှုကြောင့် အမိနိုင်ငံတော်ကြီး၏ အနာဂတ် ပိုမိုတောက်ပြောင်လာမည်ဟု ယုံကြည်

စာမျက်နှာ - ၃

## Southern အသင်း ရခိုင်ကိုဂိုးပြတ်သွင်း

**သတင်းနှင့် ဓာတ်ပုံ - ရှိုင်းထက်ဇော်**

၂၀၁၆ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ဒုတိယအကျော့ အဖွင့်ပွဲစဉ်ဖြစ်သည့် ပွဲစဉ်(၁၂) နောက်ဆုံးနေ့ ပွဲစဉ်များကို ယနေ့ ညနေပိုင်းက ဆက်လက်ကျင်းပသည်။

**(သုဝဏ္ဏကွင်း)**
**Southern - သုံးဂိုး။**
**ရခိုင် - ဂိုးမရှိ။**

ရာသီဝက်အပြောင်းအရွှေ့ကာလတွင် နိုင်ငံခြားသား ကစားသမားများခေါ်ယူပြီး တန်းဆင်းဇုန်မှလွတ်မြောက်ရန်ကြိုးပမ်းနေသည့် Southern အသင်းမှာ ဒုတိယအကျော့အဖွင့်ပွဲမှာပင် နိုင်ပွဲရယူနိုင်ခဲ့သည်။ Southern အသင်းမှာ ယခုရာသီအတွက် ပထမဆုံးနိုင်ပွဲရယူနိုင်ခဲ့ခြင်းဖြစ်ပြီး ဇယားအောက်ဆုံးမှ အဆင့်(၁၁)နေရာသို့ တက်လှမ်းလာနိုင်ခဲ့သည်။

Southern အသင်းမှာ နိုင်ငံခြားသား ကစားသမားများအပါအဝင် လူစုံပါဝင်ခဲ့ပြီး ရခိုင်အသင်းမှာလည်း အမာခံကစားသမားအစုံအလင်ဖြင့် ပွဲထွက်ခဲ့သည်။ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် နှစ်သင်းစလုံး ခက်ခက်ခဲခဲကစားခဲ့ရပြီး တန်းဆင်းဇုန်အတွင်းမှ Southern အသင်း၏ ရုန်းကန်မှုများကို တွေ့မြင်ခဲ့ရသည်။ မိနစ် ၃၀ တွင် မိုက်ကယ်၏ ခေါင်းတိုက်ဂိုးဖြင့် Southern အသင်း အဖွင့်ဂိုးစရခဲ့ပြီး ၃၉ မိနစ်တွင် ရန်နိုင်ထွေးက ရခိုင်ဂိုးသမား ချမ်းငြိမ်းကျော်၏အမှားကို အခွင့်ကောင်းယူကာ ဒုတိယဂိုး ထပ်မံသွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် ရခိုင်အသင်း ချေပဂိုးရရှိရန် ကြိုးပမ်းခဲ့သော်လည်း နှစ်သိမ့်ဂိုးပင်မရခဲ့ပေ။ Southern အသင်းအတွက် တတိယဂိုးကို ၅၈ မိနစ်တွင် ချီကာက သွင်းယူပေးခဲ့သည်။

မုံရွာကွင်း၌ ကျင်းပသောပွဲတွင် ဇေယျာရွှေမြေအသင်းက Horizon အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ပွဲစဉ် (၁၂) အပြီးတွင် ရတနာပုံအသင်းက ၃၂ မှတ်ဖြင့် ထိပ်ဆုံး၌ ဦးဆောင်နေပြီး လက်ရှိချန်ပီယံ ရန်ကုန်အသင်းက ၂၂ မှတ်၊ ဟံသာဝတီအသင်းက ၂၁ မှတ်၊ ဧရာဝတီအသင်းက ၂၀ မှတ်၊ ချင်းယူနိုက်တက်အသင်းက ၁၈ မှတ်၊ မကွေးနှင့် ဇေယျာရွှေမြေအသင်းတို့က ၁၆ မှတ်စီ၊ ရှမ်းယူနိုက်တက်အသင်းက ၁၅ မှတ်၊ ဇွဲကပင်အသင်းက ၁၄ မှတ်၊ ရခိုင်အသင်းက ၁၁ မှတ်၊ Southern အသင်းက ခုနစ်မှတ်၊ Horizon အသင်းက ငါးမှတ်တို့ရရှိထားသည်။



Southern အသင်း၏ ဂိုးသွင်းရန် ကြိုးပမ်းမှုကို
ရခိုင်နောက်ခံလူများနှင့် ဂိုးသမား ချမ်းငြိမ်းကျော်တို့ ကာကွယ်နေစဉ်။

## ဧရာဝတီနှင့် ချင်းတွင်းမြစ်ရေ အခြေအနေ

**နေပြည်တော် မေ ၂၃**

ဧရာဝတီမြစ်ရေသည် ယနေ့ မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်အရ မြစ်ကြီးနားမြို့တွင် ၇၈၅ စင်တီမီတာသို့ ရောက်ရှိခဲ့ပြီး ၃၆ နာရီအတွင်း ၁၀ ပေခန့် မြင့်တက်ခဲ့သည်။ နောက်တစ်ရက်မှ သုံးရက်အတွင်း ဗန်းမော်မြို့နှင့် ကသာမြို့တို့တွင် ခြောက်ပေမှ ရှစ်ပေခန့်နှင့် နောက်သုံးရက်မှ ခြောက်ရက်အတွင်း မန္တလေးမြို့၊ စစ်ကိုင်းမြို့နှင့် မြင်းမူမြို့တို့တွင် ခုနစ်ပေမှ ရှစ်ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ခန္တီးမြို့တွင် ၇၆၄ စင်တီမီတာသို့ ရောက်ရှိခဲ့ပြီး ၃၆ နာရီအတွင်း ၁၁ ပေခွဲခန့် မြင့်တက်ခဲ့သည်။ နောက်တစ်ရက်မှ သုံးရက်အတွင်း ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့နှင့် မော်လိုက်မြို့တို့တွင် ရှစ်ပေမှ ၁၀ ပေခန့်နှင့် နောက်သုံးရက်မှ ခြောက်ရက်အတွင်း ကလေးဝမြို့၊ မင်းကင်းမြို့နှင့် မုံရွာမြို့တို့တွင် ၁၁ ပေမှ ၁၄ ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်တစ်လျှောက်ရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ အကြံပြုထားသည်။ **(ကြေးမုံ)**